# ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ်တွင် စတင် တည်ထောင်သည်။ Established in 1957


**ကောင်းမှုကိုပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည်ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)


၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၃ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 5 June 2019 ၉၆၇၁


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ချက်သမ္မတနိုင်ငံ Charles University ၌ ဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းမှုတွင် ကြုံတွေ့ရသော စိန်ခေါ်မှုများ ခေါင်းစဉ်ဖြင့် ဟောပြောပို့ချ

## မြန်မာ-ချက် နှစ်နိုင်ငံစီးပွားရေးဖိုရမ်သို့ တက်ရောက်အမှာစကား ပြောကြား



**ပရာ့ဂ် (ချက်) ဇွန် ၄**

ချက်သမ္မတနိုင်ငံ ပရာ့ဂ်မြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဇွန် ၃ ရက် ဒေသစံတော်ချိန် မွန်းလွဲပိုင်းတွင် ပရာ့ဂ်မြို့ရှိ Charles University သို့ရောက်ရှိရာ ပါမောက္ခချုပ် Dr. Tomas Zima နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

**ရှင်းလင်းပြသ**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား ပါမောက္ခချုပ်က Charles University အတွင်း လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းမှု အတွေ့အကြုံနှင့်ပတ်သက်သည့် ဟောပြောပို့ချမှု အစီအစဉ်ကို ကျင်းပရာ ပါမောက္ခချုပ်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပါမောက္ခချုပ်၊ ပါမောက္ခများနှင့် ကျောင်းသား ကျောင်းသူများအား "ဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းမှုတွင် ကြုံတွေ့ရသော စိန်ခေါ်မှုများ" ခေါင်းစဉ်ဖြင့် ဟောပြောပို့ချသည်။

**ပြင်ဆင်ရေးဆွဲ**

ထိုသို့ ဟောပြောပို့ချရာတွင် မြန်မာနိုင်ငံနှင့် ချက်ကိုဆလိုဗေးကီးယားနိုင်ငံတို့အကြား ဒီမိုကရေစီစနစ်သို့ကူးပြောင်းရန် စတင်သည့်ကာလမှာ တစ်နှစ်သာ ကွာခြားသော်လည်း ချက်ကိုဆလိုဗေးကီးယားနိုင်ငံတွင် သွေးထွက်သံယိုမှုမရှိဘဲ နူးညံ့သိမ်မွေ့စွာ ကူးပြောင်းနိုင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံတွင် ၁၉၈၈ ခုနှစ်က ပြုပြင်ပြောင်းလဲရန် ပြည်သူများ၏ ဆန္ဒဖော်ထုတ်မှုများသည် ချက်သမ္မတနိုင်ငံ၏ ကတ္တီပါတော်လှန်ရေးကဲ့သို့ နူးညံ့သိမ်မွေ့မှု မရှိခဲ့ကြောင်း၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာ-ချက် နှစ်နိုင်ငံစီးပွားရေးဖိုရမ်တွင် အမှာစကားပြောကြားစဉ်။






ကြေးမုံ

# မြို့ပြဖွံ့ဖြိုးရေး ပြည်သူလူထုပူးပေါင်းပါဝင်

နိုင်ငံတကာရှိ လူဦးရေထူထပ်သော မြို့ပြကြီးများတွင် မြေပြင်လမ်းများအပြင် မိုးပျံလမ်း၊ မြေအောက်လမ်းများတည်ဆောက်ပြီး ကား၊ ရထားများ ပြေးဆွဲခြင်းဖြင့် ပြည်သူလူထု သွားလာမှုလွယ်ကူစေရန် ဆောင်ရွက်ပေးလျက်ရှိသည်။ မြို့ပြများကို စနစ်တကျတည်ဆောက်ထားသော နိုင်ငံများတွင် ထိုစီမံကိန်းများကိုတည်ဆောက်ရန် အခက်အခဲမရှိသော်လည်း မြို့ပြဖွံ့ဖြိုးမှုကို အဆင်ပြေသလိုတည်ဆောက်ထားသော မြို့ကြီးများအဖို့ အခက်အခဲများစွာရှိမည် ဖြစ်သည်။

ရန်ကုန်မြို့ ဖွံ့ဖြိုးရေးအတွက် လွန်ခဲ့သည့် ခြောက်နှစ်တာကာလကတည်းက မိုးပျံလမ်းစီမံကိန်းကို ဖော်ဆောင်ရန်စိတ်ကူးခဲ့ရာ ယခုအခါ စတင်အကောင်အထည်ဖော်ရန် ပြင်ဆင်ဆောင်ရွက်နေသည်။ မိုးပျံလမ်းစီမံကိန်းကို အကောင်အထည်ဖော်ရန်အတွက် အရည်အချင်းပြည့်မီသည့် တင်ဒါတင်သွင်းသူများကို နှစ်ကြိမ် ခေါ်ယူခဲ့ပြီး စီမံကိန်းကို ၂၀၂၀ ပြည့်နှစ် ဇူလိုင်လတွင် စတင်ရန်လျာထားကာ သုံးနှစ်အတွင်း အပြီးတည်ဆောက်မည်ဟု သိရသည်။

မိုးပျံလမ်းစီမံကိန်းများကို အကောင်အထည်ဖော်ခြင်းသည် ရန်ကုန်မြို့၏ တောင်ဘက်ရှိ ရန်ကုန်ဆိပ်ကမ်း၊ သီလဝါအထူးစီးပွားရေးဇုန်နှင့် မြောက်ဘက်ရှိ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ရန်ကုန်စက်မှုဇုန်နှင့် ရန်ကုန်-မန္တလေး အမြန်လမ်းတို့အကြား ဆက်သွယ်မှုတိုးတက်အောင် ရည်မှန်းဆောင်ရွက်ခြင်းဖြစ်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဟု မျှော်လင့်ထားသည်။

ထို့အပြင် ရန်ကုန်မြို့ရှိ တောင်-မြောက် ဆက်သွယ်ထားသည့် လမ်းကြောင်းများပေါ်တွင် အလွန်ဆိုးရွားသည့် ယာဉ်ကြောပိတ်ဆို့မှုများကြောင့် အချိန်ကုန်ဆုံးခြင်း၊ ယာဉ်မောင်းနှင်မှုအတွက် ကုန်ကျစရိတ်များ ပိုမိုမြင့်မားလာခြင်းနှင့်အတူ ကုန်ထုတ်လုပ်မှု ပိုမိုအားနည်းလာခြင်းတို့ ဖြစ်ပေါ်လာနိုင်သည့် ဆုံးရှုံးမှုများကိုလည်း လျော့ကျနိုင်စေမည် ဖြစ်သည်။

ရန်ကုန်မိုးပျံကားလမ်းစီမံကိန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရန်ကုန်မိုးပျံရထားလမ်းစီမံကိန်းကို ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနတို့က ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်ပူးပေါင်း၍ အကောင်အထည်ဖော်မည်ဖြစ်သည်။ မိုးပျံရထားလမ်းစီမံကိန်းကို ၂၀၂၂ ခုနှစ်တွင် စတင်၍ ၂၀၂၇ ခုနှစ်တွင် ပြီးစီးရန်လျာထားသည်။ မိုးပျံရထားလမ်းစီမံကိန်း၏ ရထားလမ်းပိုင်း(၁)ကို လှိုင်သာယာဘူတာမှစတင်ပြီး ရန်ကုန်-ပုသိမ်လမ်းအတိုင်း လှိုင်မြစ်ကိုဖြတ်ကျော်၍ ပါရမီဘူတာအထိ ဖြစ်သည်။ လမ်းပိုင်း(၂)ကို ပါရမီဘူတာမှ တိုးကြောင်ကလေးဘူတာအထိ သတ်မှတ်ထားသည်။ လမ်းပိုင်း(၁)မှာ လှိုင်သာယာဘူတာမှ ပါရမီဘူတာအထိ ၁၈ ကီလိုမီတာရှည်ပြီး တိုးကြောင်ကလေးသို့ ၃၅ မိနစ်ကြာ ပြေးဆွဲနိုင်မည်ဖြစ်သည်။

စီမံကိန်းအောင်မြင်ရန်အတွက် မိုးပျံလမ်းအတွေ့အကြုံရှိသော နိုင်ငံတကာကုမ္ပဏီများဖြင့် ဘေးကင်းလုံခြုံစိတ်ချမှုရှိစေရန် ဆောင်ရွက်သွားမည်ဖြစ်ပြီး ပြည်သူများအနေဖြင့် နိုင်ငံတကာအဆင့်နှင့်လျော်ညီစွာ စည်းကမ်းတကျ သွားလာကြရမည်ဖြစ်သည်။ စီမံကိန်းအကောင်အထည်ဖော်ရာ၌ လမ်းနယ်မလွတ်သည့် နေအိမ်ဧရိယာများ နည်းနိုင်သမျှ နည်းအောင် ရှောင်ကွင်းထားပြီး ကြီးမားသောအဆောက်အအုံများနှင့် ကင်းလွတ်သည်ဟု သိရသည်။ အကယ်၍ လမ်းနယ်မလွတ်ပါကလည်း ပြည်သူများအား ပွင့်လင်းမြင်သာစွာချပြပြီး သတ်မှတ်တန်ကြေးများ အတိုင်းရရှိအောင် ဆောင်ရွက်ပေးမည်ဟု သိရသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံတွင် လူဦးရေအထူထပ်ဆုံး၊ အကြီးမားဆုံး စီးပွားရေးမြို့တော်ကြီးဖြစ်သည့် ရန်ကုန်မြို့ကြီးတွင် နိုင်ငံတကာအဆင့်နှင့်လျော်ညီစွာ တည်ဆောက်သွားမည့် အဆိုပါစီမံကိန်းသည် မြို့ပြဂုဏ်အင်္ဂါရပ်နှင့်အညီ တင့်တယ်စွာဖြစ်ပေါ်လာရေး၊ ရန်ကုန်မြို့တွင် ဖြေရှင်းမရသော ယာဉ်ကြောပိတ်ဆို့မှုပြဿနာပြေလည်စေရေး၊ ပြည်သူများ သွားလာမှု လွယ်ကူချောမွေ့စေရေးတို့ကို များစွာအထောက်အကူပြုမည်ဖြစ်၍ မြို့နေမိဘပြည်သူလူထုအားလုံးတို့အနေဖြင့် မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းများ အောင်မြင်ရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းအပ်ပါသည်။ ။

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ မျှဝေခြင်းအစီအစဉ်မှ ဉယျာဉ်စုကျေးရွာနှင့် ညောင်ရွာကျေးရွာတို့တွင် ရေတွင်း၊ ရေကန်များဆောက်ရွက်

**နေပြည်တော် ဇွန် ၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် ဇွန် ၁ ရက် ညနေပိုင်းက မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် အရှေ့ကမ်းဖြူအုပ်စု ဉယျာဉ်စုကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မျှဝေခြင်းအစီအစဉ်ဖြင့် ဆောင်ရွက်ပြီးစီးသော လေးလက်မစက်ရေတွင်းနှင့် ဂါလန် ၁၆၀၀ ဆံ့ ရေစုကန် လွှဲပြောင်းပေးအပ်ပွဲသို့ တက်ရောက်ခဲ့သည်။



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ဉယျာဉ်စုကျေးရွာတွင် ဆောင်ရွက်ပြီးစီးသော လေးလက်မစက်ရေတွင်းနှင့် ဂါလန် ၁၆၀၀ဆံ့ ရေစုကန်တို့အား ကြည့်ရှုစစ်ဆေးစဉ်။**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက စက်ရေတွင်းနှင့် ရေစုကန်တို့အား ရပ်မိရပ်ဖတစ်ဦးထံသို့ လွှဲပြောင်းပေးအပ်ပြီး ကျေးရွာကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

အဆိုပါစက်ရေတွင်းမှာ တွင်းအနက်ပေ ၂၇၀ ရှိပြီး သုံးလုံးထိုးလေမှုတ်စက် တပ်ဆင်အသုံးပြုထားခြင်းဖြစ်ကာ တစ်နာရီလျှင် ရေဂါလန် ၁၅၀၀ ထွက်ရှိကြောင်း၊ ထွက်ရှိလာသောရေများကို ဓာတ်ခွဲစမ်းသပ်မှုအရ ကောင်းမွန်သော ရေအရည်အသွေးဖြစ်သဖြင့်ဝေးလံပြီး ရေရှားပါးသော ကျေးရွာရှိ လူဦးရေ ၁၅၀ ကျော်တို့ အတွက် ကျန်းမာရေးနှင့်ညီညွတ်သော သောက်သုံးရေကို သုံးစွဲနိုင်ကြမည် ဖြစ်သည်။

အလားတူ ဇွန် ၂ ရက် မွန်းလွဲပိုင်းတွင် မျှဝေခြင်းအစီအစဉ်ဖြင့် တူးဖော်ပြီးစီးသည့် မြိုင်မြို့နယ် ညောင်ရွာကျေးရွာ သဲဆည်သောက်သုံးရေကန်အား ကျေးရွာသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

ညောင်ရွာကျေးရွာ သဲဆည်သောက်သုံးရေကန်သည် ကျေးရွာသူကျေးရွာသားများ၏ သောက်သုံးရေအတွက် မိုးရေကို စုဆောင်းသိုလှောင်အသုံးပြုခဲ့ခြင်းဖြစ်ပြီး ကန်အတွင်း သဲနုန်းပို့ချမှုကြောင့် ကန်ကောလာသဖြင့် နွေရာသီတွင် ရေပြတ်လပ်မှုကြုံတွေ့နေကြရကြောင်း၊ သို့ပါ၍ ကျေးရွာ သောက်သုံးရေအခက်အခဲဖြစ်ပေါ်နေမှုကို ကူညီမှုပေးနိုင်ပါရန် ကျေးရွာအကျိုးဆောင်များ၊ ရပ်မိရပ်ဖများ၏ အကူအညီတောင်းခံမှုအရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏ မျှဝေခြင်း အစီအစဉ်တွင် ဝန်ကြီးဌာနရှိ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင်များ၏ ထည့်ဝင်လှူဒါန်းသော အလှူငွေကျပ် သိန်း ၁၂၀၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲ ရေးဦးစီးဌာန၏ လုပ်အားဒါနတို့ဖြင့် အလျားပေ ၈၆၀၊ အမြင့်ပေ ၂၀ ရှိကန်ပေါင်နှင့် အကျယ် ၂၅ ပေ ပါရှိသော ကျောက်စီကွန်ကရစ် ရေအဝင် လမ်းတို့ဖြင့် ရေဂါလန် ၉ ဒသမ ၄၁ သန်း မိုးရေခံသိုလှောင်နိုင်ရန် ဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်သည်။

အဆိုပါ သဲဆည်သောက်သုံးရေကန် တူးဖော်ပြီးစီးသဖြင့် လာမည့်မိုးရာသီတွင် မိုးရေစုဆောင်း သိုလှောင်နိုင်မည်ဖြစ်ကာ အိမ်ထောင်စု ၅၅၇ စုမှ လူဦးရေ ၂၉၁၂ ဦး၊ သိုး၊ ဆိတ်၊ နွား၊ ဝက် အကောင် ၈၅၀ တို့အတွက် သောက်သုံးရေဖူလုံစွာ သုံးစွဲနိုင်မည် ဖြစ်သည်။ **သတင်းစဉ်**

# မန္တလေးစာပေပညာရှင်များ လူမှုကူညီရေး ဆေးဝါးကုသရန်အတွက် ကူညီထောက်ပံ့

**မန္တလေး ဇွန် ၄**

မန္တလေး စာပေပညာရှင်များ လူမှုကူညီရေးသည် မန္တလေးခရိုင်အတွင်း၌ အမြဲတမ်းနေထိုင်သည့် စာရေးဆရာ၊ သတင်းစာဆရာ၊ သတင်းထောက်၊ ကဗျာဆရာနှင့် ကာတွန်းဆရာများ ကျန်းမာရေးချို့တဲ့၍ ဆေးရုံတက် ဆေးဝါးကုသမှုခံယူခြင်းနှင့် ကွယ်လွန်ပါက ငွေကျပ်ငါးသောင်း ကူညီထောက်ပံ့လျက်ရှိသည်။

အဆိုပါ အဖွဲ့သည် ယမန်နေ့ မွန်းလွဲ ၁ နာရီက မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး ဆီးနှင့်ကျောက်ကပ်ကုသဆောင် ဒုတိယထပ်တွင် ဆေးဝါးကုသမှု ခံယူနေသော ဆရာမင်းထက်ငြိမ်းချမ်းအား ငွေကျပ် ငါးသောင်း ကူညီထောက်ပံ့ပေးခဲ့သည်။

အလားတူ ဆေးဝါးကုသမှု ခံယူခဲ့သော ဆရာထွဏ်းလှအောင်၊ ဆရာအက်ဆစ်(မန်း)၊ ကဗျာဆရာ အလပ်ကောင်တို့အားလည်း ငွေကျပ်ငါးသောင်းစီ ကူညီခဲ့ပြီး ကွယ်လွန်သူ ဆရာအနီမောင်(မန္တလေး)အတွက် ငွေကျပ် ငါးသောင်းကို ကျန်ရစ်သူမိသားစုအား သွားရောက်ကူညီထောက်ပံ့ခဲ့သည်။ **တင်မောင်(မန်းကိုယ်ပွား)**

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဇွန် ၄**

ရန်ကုန်(ရွှေဈေး) ၁၀၆၁၀၀၀ - ၁၀၆၁၀၀၀ မန္တလေး(ရွှေဈေး) ၁၀၆၁၀၀၀ - ၁၀၆၁၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၁၅/၉၈၀ ကျပ် | ၉၆၅/၉၉၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၈၀/၉၆၀ ကျပ် | ၉၈၀/၁၀၁၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၀၀/၉၉၀ ကျပ် | ၈၉၅/၉၃၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၉၀/၉၉၀ ကျပ် | ၉၇၅/၁၀၁၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၇၆/၈၈၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၈၀/၈၉၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၆၀/၇၇၀ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၂၈.၆ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၇၁၉.၃ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၂၁.၁၄ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၈.၈၁၄ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၆၆.၀၉ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၂.၀၄၇ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၄၁၃.၆ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၉.၁၆ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၆၆.၅ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၁၇.၁ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးဝင်းရွှေ
**စာတည်းမှူး** - ဦးဝင်းနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ
**သတင်းထောက်မှူး** - ဦးမြင့်စိုး
**ဘာသာပြန်စာတည်းများ** - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း ဒေါ်စန်းယဉ်ဦး၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၃၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ် ဒီ တွင် စတင်တည်ထောင်သည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၉၄၂၇





နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် Charles University ၌ ''ဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းမှုတွင် ကြုံတွေ့ရသော စိန်ခေါ်မှုများ'' ခေါင်းစဉ်ဖြင့် ဟောပြောပို့ချစဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား Charles University ပါမောက္ခချုပ်က Historical Medal Charles University ဆုတံဆိပ်ကို ဂုဏ်ပြုပေးအပ်စဉ်။

✪ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ

၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲမှစတင်၍ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် အများစုအနိုင်ရရှိကာ အစိုးရဖွဲ့စည်းနိုင်ခဲ့ကြောင်း၊ သို့ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ဒီမိုကရေစီစံနှုန်းများဖြင့် ကိုက်ညီမှုမရှိသည့်အတွက် ပြင်ဆင်ရေးဆွဲနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

**တာဝန်ယူဖြေရှင်း**

အလားတူ ပြည်တွင်းငြိမ်းချမ်းရေးရရှိစေရန်အတွက် (၂၁)ရာစု ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးပွဲ လုပ်ငန်းစဉ်များကို ကျင်းပလျက်ရှိကြောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အစိုးရ တာဝန်ယူခဲ့ပြီးနောက် အစိုးရအနေဖြင့် ဆက်ခံတာဝန်ယူဖြေရှင်းနေရသည့် အခက်အခဲမှာ ရခိုင်အရေးကိစ္စဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုအနည်းပါးဆုံး ရခိုင်ပြည်နယ်တွင် ၂၀၁၂ ခုနှစ်က အသိုက်အဝန်းနှစ်ရပ်အကြား ပဋိပက္ခများ ဖြစ်ပေါ်ခဲ့မှုကြောင့် နိုင်ငံတကာက အာရုံစိုက်လာကြကြောင်း၊ ပြဿနာ၏ အခြေခံအရင်းအမြစ်ကို အလေးထားပြီး ဖြေရှင်းနိုင်ရေးအတွက် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရေးဗဟိုကော်မတီကို ဖွဲ့စည်းဆောင်ရွက်ခဲ့ကြောင်း၊ ယင်းဒေသတွင် ငြိမ်းချမ်းရေးနှင့် သဟဇာတဖြစ်မှုကို ထိခိုက်စေမည့် ကိစ္စရပ်များအား အကောင်းဆုံးကိုင်တွယ်ဖြေရှင်းနိုင်ရန် ဒေါက်တာကိုဖီအာနန် ခေါင်းဆောင်သည့် ကော်မရှင်ထံမှလည်း အကြံပြုချက်တောင်းခံခဲ့ကြောင်း။

**ရာစုနှစ်ဝက်ကျော်ကြာ**

၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် ARSA အကြမ်းဖက်အဖွဲ့အစည်းမှ နယ်စပ်ဒေသရှိ ရဲစခန်းများအား ဝင်ရောက်တိုက်ခိုက်မှုနှင့် တပ်မတော်၏ ပြန်လည်တုံ့ပြန်မှုများမှ ဖြစ်ပေါ်လာသည့် နောက်ဆက်တွဲဖြစ်ရပ်များကြောင့် ရခိုင်ပြည်နယ်သည် နိုင်ငံတကာ၏ အာရုံစိုက်ရာ မြန်မာနိုင်ငံ၏ တစ်ခုတည်းသော ကိစ္စရပ်ဖြစ်လာခဲ့ကြောင်း၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲများနှင့် ရခိုင်အရေးကိစ္စတို့မှာ မြန်မာနိုင်ငံအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်၏ အစိတ်အပိုင်းအချို့သာဖြစ်သော်လည်း နိုင်ငံတကာက အာရုံစိုက်ပြီး အလေးပေးဖော်ပြခံနေရကြောင်း၊ သို့ရာတွင် အသွင်ကူးပြောင်းမှုမှ မြန်မာပြည်သူများ ရရှိလိုသည့် ရာစုနှစ်ဝက်ကျော်ကြာ မျှော်လင့်ချက်များနှင့် လိုအင်ဆန္ဒများကိုမူ အလေးထားမှု၊ စိတ်ဝင်စားမှု အလွန်နည်းပါးကြကြောင်း၊ ပြည်သူများ၏ အဓိကလိုအပ်ချက်များမှာ ရေရရှိရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ လျှပ်စစ်ဓာတ်အားလုံလောက်ရေး၊ ကောင်းမွန်သည့် ပညာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုရရှိရေးတို့ဖြစ်ကြောင်း၊ ယင်းအခြေခံလိုအပ်ချက်များမှာ နိုင်ငံတကာမှ စိတ်ဝင်စားမှုကို မရရှိသည့် သာမန်ကိစ္စရပ်များသာဖြစ်သော်လည်း မြန်မာနိုင်ငံအတွက်မူ အရေးကြီးသည့် ကိစ္စရပ်များဖြစ်ကြောင်း၊ မြန်မာနိုင်ငံနှင့် ချက်သမ္မတနိုင်ငံတို့သည် တူညီသော ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များကြောင့် နှစ်နိုင်ငံအကြား အပြန်အလှန်နားလည်မှုများရှိကြသည့် နိုင်ငံများဖြစ်ကြောင်း စသည်ဖြင့် ထည့်သွင်းပြောကြားသည်။ ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား Charles University ပါမောက္ခချုပ်က Historical Medal Charles University ဆုတံဆိပ်ကို ဂုဏ်ပြုပေးအပ်သည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က Charles University ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးပြီး မြန်မာနိုင်ငံမှ ချက်သမ္မတနိုင်ငံတွင် လာရောက်ပညာသင်ကြားနေကြသည့် မြန်မာကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

Charles University ကို ၁၃၄၈ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ဥရောပအလယ်ပိုင်းတွင် ပထမဆုံးဖွင့်လှစ်သည့် တက္ကသိုလ်ဖြစ်ကြောင်း သိရသည်။

ညပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ချက်သမ္မတနိုင်ငံ အထက်လွှတ်တော် ဒုတိယဥက္ကဋ္ဌ Mr. Jan Hornik က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်သည်။

ညစာစားပွဲအပြီးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အထက်လွှတ်တော် ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ဒေသစံတော်ချိန် နံနက် ၈ နာရီတွင် ချက်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. Tomas Petricek က တည်ခင်းဧည့်ခံသည့် အလုပ်သဘော နံနက်စာစားပွဲသို့ တက်ရောက်သည်။

**နှစ်ဖက်ထိတွေ့ဆက်ဆံ**

အလုပ်သဘော နံနက်စာစားပွဲတွင် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတိုးမြှင့်ရေး၊ နှစ်နိုင်ငံအကြားဖွဲ့စည်းထားသည့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းစဉ်များမှတစ်ဆင့် နှစ်ဖက်ထိတွေ့ဆက်ဆံမှုကို

စာမျက်နှာ ၄ သို့ ✪




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ချက်သမ္မတနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ Mr. Radek Vondracek တို့ တွေ့ဆုံစဉ်။

✪ စာမျက်နှာ ၃ မှ

တိုးမြှင့်သွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်များတွင် အတွေ့အကြုံများ အပြန်အလှန်မျှဝေသွားရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ချက်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အန်ဒရီးဘားဘီစ်နှင့်အတူ ချက်နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပသည့် မြန်မာ-ချက် နှစ်နိုင်ငံစီးပွားရေးဖိုရမ်သို့ တက်ရောက်သည်။

**အမှာစကားပြောကြား**

ဖိုရမ်ဖွင့်ပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အမှာစကားပြောကြားသည်။

စီးပွားရေးဖိုရမ်သို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် ဦးသောင်းထွန်း၊ မြန်မာသံအမတ်ကြီး ဒေါ်ယဉ်ယဉ်မြင့်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံစီးပွားရေးလုပ်ငန်းရှင်များ၊ ချက်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ ချက်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ချက်သမ္မတနိုင်ငံ ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌနှင့် စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

**သံရုံးဖွင့်ပွဲသို့ တက်ရောက်**

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ချက်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးဖွင့်ပွဲသို့ တက်ရောက်သည်။

သံရုံးဖွင့်ပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ချက်နိုင်ငံခြားရေးဝန်ကြီး Mr. Tomas Petricek တို့က သံရုံးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး သံရုံးကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ချက်နိုင်ငံခြားရေးဝန်ကြီး Mr. Tomas Petricek တို့သည် အမှာစကားပြောကြားကြပြီး သံရုံးဖွင့်ပွဲသို့ တက်ရောက်လာကြသည့် အာဆီယံနိုင်ငံများမှ သံအမတ်ကြီးများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ချက်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. Tomas Petricek တို့ ချက်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးဖွင့်ပွဲတွင် အာဆီယံနိုင်ငံများမှ သံအမတ်ကြီးများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် သံရုံးအတွင်း လိုက်လံကြည့်ရှုပြီး မြန်မာနိုင်ငံမှ ချက်နိုင်ငံ၌ လာရောက်ပညာသင်ကြားနေကြသည့် ကျောင်းသား ကျောင်းသူများ၊ ချက်နိုင်ငံရောက် မြန်မာနိုင်ငံသားများ၊ သံရုံးမိသားစုဝင်များနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ချက်သမ္မတနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ Mr. Radek Vondracek က တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်သည်။

**သတင်းစဉ်**

# လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးများ စွမ်းဆောင်ရည်မြှင့်တင်ခြင်း အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇွန် ၄**

တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးများအား စွမ်းဆောင်ရည်မြှင့်တင်ခြင်း အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

**တာဝန်ယူဆောင်ရွက်**

ဆွေးနွေးပွဲတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် ပြည်သူများအတွက် ကောင်းမွန်သော အပြောင်းအလဲများကို ဖော်ဆောင်ရန် ကလေးသူငယ်မှ သက်ကြီးရွယ်အိုအထိ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို မူဝါဒ၊ ဥပဒေနှင့် မဟာဗျူဟာများ ချမှတ်၍ လုပ်ငန်းစဉ်များဖြင့် အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ပြည်သူများ ထိရောက်စွာ ခံစားရရှိစေနိုင်ရန်အတွက် တာဝန်ယူဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

**အနစ်နာခံအားစိုက်**

အပြောင်းအလဲကို ဖော်ဆောင်ရာတွင် စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ သဟဇာတဖြစ်အောင် ဆောင်ရွက်တတ်ခြင်း၊ အနစ်နာခံအားစိုက်ထုတ်ပြီး ဆောင်ရွက်ခြင်းများ လိုအပ်ကြောင်း၊ အခက်အခဲများကို ရင်ဆိုင်ကျော်လွှားရာတွင် မိမိတို့အဖွဲ့အစည်းအတွင်း ညီညွတ်စွာ ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ထို့အပြင် ပြည်သူများ၊ လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများဖြင့် ပွင့်လင်းမြင်သာ ထိရောက်စွာ ပူးပေါင်းဆောင်ရွက်ရန်ဖြစ်ကြောင်း။




မဟာဗျူဟာလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) နှင့် ချိတ်ဆက်ဆောင်ရွက်တတ်ရန် လိုအပ်ကြောင်း၊ မိမိတို့သည် ဝန်ထမ်းအကြီးအကဲများဖြစ်၍ တာဝန်ကို ကျေပွန်ခြင်း၊ စည်းကမ်းကို လိုက်နာခြင်း၊ ကျင့်ဝတ်များကို စောင့်ထိန်းခြင်းဖြင့် အဂတိကင်းစွာစံနမူနာပြ ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးစိုးအောင်က ရုံးချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ်များ ဆောင်ရွက်ရမည့်ကိစ္စရပ်များကို ပြောကြားခဲ့သည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို နှစ်ရက်တာကျင်းပခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု ဂွမြို့နယ်အတွင်းရှိ ကျေးရွာဒေသခံပြည်သူများနှင့် တွေ့ဆုံ

**ဂွ ဇွန် ၄**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့်အဖွဲ့သည် ယမန်နေ့မွန်းလွဲပိုင်းက ဂွမြို့နယ်အတွင်းရှိ တောင်ပေါက်ကျေးရွာ၊ ရွှေယချိုင်ကျေးရွာ၊ မြို့မရပ်ကွက်(အလယ်ရွာ)တို့မှ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

**ရှင်းလင်းပြောကြား**

တွေ့ဆုံပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက အမှာစကားပြောကြားခဲ့ပြီး ကျေးရွာများအလိုက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အထိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားမှုများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မျိုးနိုင်က တင်ပြသည်။ ယင်းနောက် တက်ရောက်လာကြသည့် ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြရာ သက်ဆိုင်ရာဌာနဆိုင်ရာများက ပြန်လည်ရှင်းလင်းပြောကြားသည်။

**ဖြည့်ဆည်းဆောင်ရွက်ပေး**

ဆက်လက်၍ ကျေးရွာများ၏လိုအပ်ချက်များကို ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ သက်ဆိုင်ရာဌာနဆိုင်ရာများက ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှု ဥပဒေကြမ်းကို လွှတ်တော်ကအတည်ပြုကြောင်း ကြေညာ

**နေပြည်တော် ဇွန် ၄**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့တွင် ရေပေးဝေရေးစီမံကိန်းဆောင်ရွက်ရန် နယ်သာလန်နိုင်ငံ FMO နှင့် ING Bank ထံမှ ယူရို ၂၉ ဒသမ ၉၆ သန်းနှင့် ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက် နှစ်နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ခြင်း အစီအစဉ်အတွက် ကမ္ဘာ့ဘဏ်၏ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးအဖွဲ့(IDA)ထံမှ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ချေးငွေရယူရေးတို့ကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် **နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ထားသော တရားလွှတ်တော် ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ**ကို ကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးက ဖတ်ကြားတင်ပြရာတွင် နိုင်ငံတော်သမ္မတမှ သဘောထားမှတ်ချက်ပေးပို့လာသည့် အချက်နှစ်ချက်ရှိပါကြောင်း၊ တစ်ချက်မှာ တရားလွှတ်တော်ရှေ့နေများကို ရွေးကောက်တင်မြှောက်ဖွဲ့စည်းနိုင်ရန် ဖြစ်ပါကြောင်း၊ လွှတ်တော်က သုံးနှုန်းထားသည်မှာ တရားလွှတ်တော်ရှေ့နေ လုပ်သက် ၁၅ နှစ်ဟု သုံးထားပါကြောင်း၊ ၁၅ နှစ်ဟု အတိအကျသုံးထားခြင်းအားဖြင့် ဥပဒေ၏ ရေးထုံးအရလည်း ကွဲလွဲမှုရှိသကဲ့သို့ လက်တွေ့ကျင့်သုံး ဆောင်ရွက်ရသည့်အခါတွင်လည်း ၁၅နှစ်ဆိုသည့် အချိန်အတိအကျ သတ်မှတ်မှုအစား အနည်းဆုံးလုပ်သက် ၁၅ နှစ်ရှိသူဟု သတ်မှတ်သင့်ကြောင်း သဘောထားပေးပို့ခဲ့ခြင်းဖြစ်ပါကြောင်း။

ထို့ပြင် ယခုဥပဒေသည် ပြင်ဆင်သည့် ဥပဒေဖြစ်ပါကြောင်း၊ ပြင်ဆင်သည့် ဥပဒေတွင် ပါဝင်သည့် အပိုင်းများတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ဟု ပြင်ဆင်ခဲ့သော်လည်း ဥပဒေတစ်ရပ်လုံးတွင် ပါဝင်နေသည့် အခြားသော တရားလွှတ်တော်ဆိုသည့် စကားရပ်များကို ပြင်ဆင်ရန် လိုအပ်နေပါကြောင်း၊ ဥပဒေတစ်ရပ်လုံးတွင် ပါဝင်နေသည့် တရားလွှတ်တော်ဆိုသည့် စကားရပ်များကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်ဟူ၍ ပြင်ဆင်ပေးရန် ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်သမ္မတမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် တရားလွှတ်တော်ရှေ့နေများ ကောင်စီအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်အတိုင်း နှစ်ချက်လုံးကို ပြင်ဆင်သင့်ပါကြောင်း ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၉၉ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက ဦးတီခွန်မြတ်က ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် **ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှု ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးက တစ်ပိုဒ်ချင်းစီအလိုက် အဆိုပြုတင်ပြ၍ လွှတ်တော်ကိုယ်စားလှယ်များနှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က ဆွေးနွေးကြပြီး လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုသည်။

အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုရန် ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၉၁ အပိုဒ်ခွဲ(က)နှင့်အညီ ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ထားသည့်အတိုင်း အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှု ဥပဒေကြမ်းတစ်ရပ်လုံးကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယကက အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်က ဆုံးဖြတ်ထားသည့်အတိုင်း ဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ သဘောတူသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။



ပြည်ထောင်စုလွှတ်တော် နာယက ဦးတီခွန်မြတ်

## ပြည်ကြီးတံခွန်မြို့နယ် ရေပေးဝေရေး စီမံကိန်း ဆောင်ရွက်ရန် နယ်သာလန်နိုင်ငံ FMO နှင့် ING Bank ထံမှ ယူရို ၂၉ ဒသမ ၉၆ သန်း ချေးငွေရယူရေးနှင့် စပ်လျဉ်း၍ ဆွေးနွေး

ထို့နောက် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ရေပေးဝေရေး စီမံကိန်းဆောင်ရွက်ရန် နယ်သာလန်နိုင်ငံ FMO နှင့် ING Bank ထံမှ ယူရို ၂၉ ဒသမ ၉၆သန်း ချေးငွေရယူရေး** နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**လှိုင်းဘွဲ့ မဲဆန္ဒနယ်မှ ဦးခင်ချို**က ချေးငွေနှင့်ပတ်သက်၍ ရေဖြန့်ဝေရေးလုပ်ငန်းအတွက် ငွေချေးယူသောကြောင့် လုပ်ငန်းစီမံကိန်းပြီးသည့်အချိန်မှစ၍ ရေဖြန့်ဝေမှုမှ ဝင်ငွေပြန်ရလာနိုင်မည်ဖြစ်ပြီး ချေးငွေကို ပြန်လည်ပေးဆပ်မည်ကို သိရပါကြောင်း၊ မိမိအနေဖြင့် ရေဖြန့်ဝေရေးစီမံကိန်းအနေဖြင့် မည်သည့်အချိန်တွင် ဝင်ငွေစတင်ရရှိနိုင်မည်နှင့် ရရှိမည့်ဝင်ငွေ တစ်နှစ်တွင် ခန့်မှန်းမည်မျှရနိုင်မည်တို့ကို မေးမြန်းလိုပါကြောင်း၊ မန္တလေးမြို့တော်စည်ပင်သာယာရေးအဖွဲ့၏ နှစ်စဉ်ဝင်ငွေအနေဖြင့် ယခုချေးငွေအပါအဝင် ချေးငွေများ နှစ်စဉ်ပေးဆပ်ရမည့် အရင်းအတိုး ငွေပမာဏကို ပြည့်ပြည့်ဝဝပေးဆပ်နိုင်သည့် ဝင်ငွေ ရှိ၊ မရှိကိုလည်း လွှတ်တော်ကို ရှင်းလင်းချပြပေးရန် အကြံပြုလိုပါကြောင်း။

နိုင်ငံခြားချေးငွေများနှင့်ပတ်သက်၍ တာဝန်ခံချေးယူမည့်ဌာန အဖွဲ့အစည်းများအနေဖြင့် ချေးငွေ၏မူလရည်မှန်းချက် အောင်မြင်အောင် အကောင်အထည်ဖော်နိုင်ရေး၊ ချေးငွေအပေါ် မနိုင်ဝန်ထမ်းရသည့် အနေအထားမဖြစ်စေရေး၊ ချေးငွေအပေါ် တာဝန်ယူ၊ တာဝန်ခံနိုင်ရေး၊ ပြန်ဆပ်နိုင်စွမ်းအားအခြေအနေ ကြိုတင်တွက်ချက်မှန်းဆထားနိုင်ရေး၊ နိုင်ငံအတွက် အကြွေးဝန်မပိစေရေး၊ နိုင်ငံ၏ ငွေကြေးတန်ဖိုး မတည်ငြိမ်မှု၊ နိုင်ငံတကာ၏ ငွေကြေးတန်ဖိုး ပြောင်းလဲနေမှု အနေအထားများကို အဘက်ဘက်မှ ချင့်ချိန်တွက်ချက်ပြီး နိုင်ငံနှင့် နိုင်ငံသားများအကျိုးအတွက် အလေးထားဆောင်ရွက်ကြရန် အကြံပြုတင်ပြပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

**ချမ်းအေးသာစံမဲဆန္ဒနယ်မှ ဦးမျိုးနိုင်**က ယခုစီမံကိန်းကြောင့် မြေအောက်ရေ ထုတ်ယူသုံးစွဲမှုကိုလည်း လျော့ကျသွားစေမည် ဖြစ်ပါကြောင်း၊ လူမှုဘဝများကိုလည်း ဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်ပြီး ကျန်းမာရေး၊ စီးပွားရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုကောင်းမွန်လာမည် ဖြစ်ပါကြောင်း၊ ထို့ပြင် မီးသတ်ရေငုတ် ၁၀၀ ကျော်လည်း တပ်ဆင်သွားမည်ဖြစ်သည့်အတွက် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးပြီးသား ဖြစ်သကဲ့သို့ ရပ်ကွက်နေ ပြည်သူလူထု၏ ဘေးကင်းလုံခြုံသည့်ဘဝကိုလည်း ဖန်တီးပေးရာရောက်စေပါကြောင်း၊ အမရပူရမြို့နယ်အတွင်းရှိ ရေသန့်စက်ရုံ အနီးဝန်းကျင်က ကျေးရွာသုံးရွာတွင်လည်း ရေကောင်းရေသန့်ရရှိစေမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ချေးငွေရယူသင့်သည့်အတွက် ထောက်ခံပါကြောင်း ဆွေးနွေးပြောကြားသည်။

အဆိုပါ ချေးငွေရယူရေးနှင့်စပ်လျဉ်း၍ အမရပူရမဲဆန္ဒနယ်မှ ဦးအောင်ဇော်မြင့်၊ ကယားပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)မှ ဦးစိုးသိန်း၊ အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုး၊ မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာသန်းအောင်စိုး၊ ချမ်းမြသာစည် မဲဆန္ဒနယ်မှ ဒေါက်တာ စိုင်းလှသိန်း၊ ပုသိမ်ကြီးမဲဆန္ဒနယ်မှ ဦးသောင်းဌေးလင်း၊ မန္တလေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ် (၂)မှ ဦးထွန်းထွန်းဦး၊ ဇလွန်မဲဆန္ဒနယ်မှ ဦးအောင်မင်း၊ ပုလောမဲဆန္ဒနယ်မှ ဦးအုန်းခင်၊ မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးငြိမ်းသစ်၊ ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ဦးကျော်စိုးလင်းနှင့် ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်းတို့က ဆက်လက်ဆွေးနွေးကြသည်။

ယင်းနောက် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက ဆောင်ရွက်မည့် ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်နှစ်နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ခြင်း အစီအစဉ်အတွက် ကမ္ဘာ့ဘဏ်၏ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးအဖွဲ့ (IDA) ထံမှ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ချေးငွေရယူရေး**နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

## ထောက်ပံ့ပေးလိုက်သည့် ငွေကြေးများသည် ကာယကံရှင်အကျိုးခံစားခွင့် ရှိသူများထံ ပြည့်ပြည့်ဝဝ ရောက်ရှိမှု ရှိ၊ မရှိ ကွင်းဆင်း ထိတွေ့ဆောင်ရွက်ပေးစေလို

**လဟယ်မဲဆန္ဒနယ်မှ ဦးသက်နောင်က** သက်ဆိုင်ရာ လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် ထောက်ပံ့ပေးလိုက်သည့် ငွေကြေးများသည် ကာယကံရှင်အကျိုးခံစားခွင့် ရှိသူများထံ ပြည့်ပြည့်ဝဝ ရောက်ရှိမှု ရှိမရှိ ကွင်းဆင်းထိတွေ့ဆောင်ရွက်ပေးစေလိုပါကြောင်း၊ ထောက်ပံ့ပေးအပ်မှုအပေါ်တွင်လည်း ဒေသအခြေအနေကို အခြေခံပြီး အားသာချက်၊ အားနည်းချက်များကိုလည်း ဖော်ထုတ်ပြီး ပုံမှန်ကြီးကြပ်ခြင်းနှင့် အကဲဖြတ် ဆန်းစစ်ခြင်းများ ပြုလုပ်ပေးရန် အကြံပြုလိုပါကြောင်း၊ လုပ်ငန်းစဉ် ပိုမိုထိရောက်စေရန်အတွက် လိုအပ်ပါက ဝန်ထမ်းအင်အားတိုးချဲ့ခန့်ထားပေးပြီး ရုံးအဆောက်အအုံများလည်း တည်ဆောက်ပေးစေလိုပါကြောင်း၊ ထို့ပြင် ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းလုပ်ငန်းများကိုလည်း တိုးချဲ့လုပ်ဆောင်ပေးရန် လိုအပ်နေသေးပါကြောင်း၊ လူမှုစီးပွားအခြေအနေများ ဖွံ့ဖြိုးတိုးတက်ရန် များစွာလိုအပ်နေသေးသည့် မိမိတို့ နာဂဒေသကဲ့သို့သော ဒေသများတွင် ဖြစ်နိုင်ပါက ကျောင်း၊ အာဟာရထောက်ပံ့ပေးသည့် အစီအစဉ်များကိုလည်း သီးခြားရေတိုစီမံချက် ချမှတ်ပြီး နိုင်ငံတကာ အဖွဲ့အစည်းများ၊ INGO, NGO များနှင့် ချိတ်ဆက်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ပေးသင့်ပါကြောင်းနှင့် ချေးငွေရယူခြင်းကို ထောက်ခံပါကြောင်း အကြံပြုဆွေးနွေးသည်။

**တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကြည်**က နိုင်ငံတော်အနေဖြင့် ယခု လူမှုကာကွယ်ရေးလုပ်ငန်းများသည် ကောင်းမွန်သည့် လုပ်ငန်းဖြစ်ပါကြောင်း၊ အစိုးရမှ ပြည်သူများအတွက် ဆောင်ရွက်ပေးရမည့် လုပ်ငန်းဖြစ်၍ ယခုတစ်နှစ်တည်း ပြီးဆုံးမည်မဟုတ်သောကြောင့် နောင်နှစ်များတွင်လည်း ဆက်ပေးမည်ဆိုပါက ငွေပိုငွေလျှံရှိ၍ ပေးပါက ပြဿနာမဟုတ်သော်လည်း ချေးငွေဖြစ်နေသည့်အတွက် စဉ်းစားတွေးခေါ်ဆောင်ရွက်သင့်ပါကြောင်း။

နိုင်ငံခြားအကူအညီအထောက်အပံ့ ချေးငွေတို့နှင့် စပ်လျဉ်း၍ ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာ မျှော်မှန်းချက်တွင် ဖွံ့ဖြိုးမှု အကူအညီများကို နိုင်ငံသူ၊ နိုင်ငံသားများ၏ ဘဝများအတွက် အများဆုံးအကျိုးဖြစ်ထွန်းမည့်ကဏ္ဍများတွင် ဦးစားပေးဆောင်ရွက်ရေးပင်ဖြစ်သည်ဟု ဖော်ပြထားသောကြောင့် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံခြား အကူအညီအထောက်အပံ့များဖြင့် စီမံချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နိုင်ငံတော်နှင့် ပြည်သူအတွက် အကျိုးရှိ ထိရောက်သောအကူအညီ ဖြစ်စေရေးသည် အလွန်အရေးကြီးပါကြောင်း။

နိုင်ငံတော်၏ ဘဏ္ဍာရေးအခြေအနေကို တောင့်တင်းခိုင်မာစေပြီး ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ်ကို ပီပြင်စွာကျင့်သုံးဆောင်ရွက်နိုင်စေရန် ရည်မှန်းချက်ထား၍ အစိုးရအဖွဲ့အစည်းများ၏ ကြွေးမြီကိစ္စများ စီမံခန့်ခွဲခြင်းကို အရေးကြီး၊ ဦးစားပေး၊ အလျင်လို စသည့်အဆင့်များ သတ်မှတ်ကာ အထူးသတိထား၍ ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးသည်။

အဆိုပါ ချေးငွေရယူရေးနှင့်စပ်လျဉ်း၍ အိမ်မဲမဲဆန္ဒနယ်မှ ဒေါ်သန္တာ၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါက်တာတင်တင်ဝင်း၊ လယ်ဝေးမဲဆန္ဒနယ်မှ ဦးမျိုးဇော်ဦး၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဝေ့တင်၊ ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးရန်လင်း၊ ပြည်မဲဆန္ဒနယ်မှ ဒေါက်တာခင်စိုးစိုးကြည်၊ မြောင်းမြမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးသူ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးကျော်ငွေ၊ ညောင်ဦးမဲဆန္ဒနယ်မှ ဦးစော၊ ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်သောင်းနှင့် ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးထွန်းဝေတို့က ဆက်လက်ဆွေးနွေးကြသည်။

ဆက်လက်၍ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ(၂) ဦးစောသန်းထွဋ်က **ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ် ပထမခြောက်လပတ် အမျိုးသားစီမံကိန်းအစီရင်ခံစာနှင့် စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ (၉/၂၀၁၉)**ကို ဖတ်ကြားတင်ပြရာတွင် နိုင်ငံပိုင်တည်ဆောက်ရေးလုပ်ငန်းများကို ပွင့်လင်းရာသီတစ်လျှောက် တစ်ဆက်တစ်စပ်တည်း အရှိန်အဟုန်ဖြင့် လုပ်ဆောင်နိုင်ရန် ဘဏ္ဍာနှစ်ကို ပြောင်းလဲသတ်မှတ်ခဲ့သော်လည်း ဘဏ္ဍာရေးစည်းမျဉ်းနှင့် တင်ဒါလုပ်ထုံးလုပ်နည်းများ ဌာနတွင်းလိုက်ပါလုပ်ဆောင်နိုင်မှုအားနည်းမှုများကြောင့် တည်ဆောက်ရေးလုပ်ငန်း အများစုကို လုပ်ငန်းမစတင်နိုင်မှုများအား သက်ဆိုင်ရာ ဝန်ကြီးဌာနအလိုက် လေ့လာသုံးသပ်လျက် ပြန်လည်ပြင်ဆင် ဆောင်ရွက်သင့်သည်ကို သဘောထားမှတ်ချက်ပြုပါကြောင်း။

အမျိုးသားစီမံကိန်းအစီရင်ခံစာပါ လုပ်ငန်းစီမံကိန်း (Project) များ အကောင်အထည်ဖော်နိုင်မှု အခြေအနေများကို ဖော်ပြရာ၌ ငွေကြေးတန်ဖိုးအားဖြင့် ဖော်ပြသည့်အပြင် လုပ်ဆောင်မည့်လုပ်ငန်းရပ်များအလိုက်၊ မည်သည့်အတိုင်းအတာအထိ

**စာမျက်နှာ ၆ သို့ »»**

# ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမ(၆)လအတွင်း မြန်မာနိုင်ငံ၏ စီးပွားရေးအခြေအနေ ၆ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်

**နေပြည်တော် ဇွန် ၄**

မြန်မာနိုင်ငံ၏ စီးပွားရေးအခြေအနေမှာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် စုစုပေါင်းပြည်တွင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်း အရ ကျပ် ၁၀၆၀၉၆၃၃၅ ဒသမ ၈ သန်းနှင့် ၇ ဒသမ ၆ ရာခိုင်နှုန်းတိုးတက်ရန် ရည်မှန်းခဲ့ရာ ပထမ (၆)လပတ် (အောက်တိုဘာလမှ မတ်လ)တွင် ကျပ် ၆၇၁၈၆၇၄၈ သန်းရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၆၃ ဒသမ ၃ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ပုံမှန် ဈေးနှုန်းအရ ၆ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်းပူးပေါင်း ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးစောသန်းထွင်က ပြောကြား သည်။

**ရှင်းလင်းတင်ပြ**


ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စု လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့ အစည်းအဝေးတွင် ပြည်ထောင်စုအစိုးရ အဖွဲ့မှ ပေးပို့သော ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမ (၆) လပတ် အမျိုးသားစီမံကိန်း အစီရင်ခံစာနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်း ပူးပေါင်း ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ (၉/၂၀၁၉)ကို ကော်မတီဒုတိယဥက္ကဋ္ဌ ဦးစောသန်းထွင်က ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံ တင်ပြရာတွင် အထက်ပါအတိုင်း ထည့်သွင်းပြောကြားခဲ့ ခြင်းဖြစ်သည်။

ထို့နောက် ဒုတိယဥက္ကဋ္ဌက အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ၏ ၂၀၁၉ ခုနှစ် ဧပြီလတွင် ထုတ်ပြန်သည့် World Economic Outlook April 2019 တွင် ၂၀၁၉ ခုနှစ် အတွင်း ကမ္ဘာ့စီးပွားရေးတိုးတက် မှုကို ၃ ဒသမ ၃ ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းထားပြီး ၂၀၁၈ ခုနှစ်ထက် သုည ဒသမ ၃ ရာခိုင်နှုန်း လျော့နည်းပါကြောင်း၊ အာဆီယံနိုင်ငံများ၏ ပျမ်းမျှ စီးပွားရေးတိုးတက်မှုနှုန်းမှာ ၂၀၁၈ ခုနှစ်တွင် ၅ ဒသမ ၁ ရာခိုင်နှုန်းရှိမည်ဟု Asian Development Outlook Update, April 2019 တွင် ဖော်ပြထားပါကြောင်း ရှင်းလင်းတင်ပြသည်။

**သတ်မှတ်ထုတ်ပြန်**

ဆက်လက်၍ ၎င်းက နိုင်ငံပိုင်အခန်းရင်းနှီးမြှုပ်နှံမှု မှာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်တို့မှ ငွေကျပ် ၈၂၈၆၁၈၀ ဒသမ ၉ သန်း ရင်းနှီး မြှုပ်နှံရန်လျာထားခဲ့ရာ ပထမ(၆)လပတ်အတွင်း ငွေကျပ် ၂၀၄၃၅၈၂ ဒသမ ၇ သန်း ရင်းနှီးမြှုပ်နှံခဲ့သဖြင့် ၂၄ ဒသမ ၆၆ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ကြောင်း။

အထူးစီးပွားရေးဇုန်အပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံ မှုများတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အောက်တိုဘာလမှ မတ်လအထိ အမေရိကန်ဒေါ်လာ ၅၆၀၆ ဒသမ ၇ သန်းနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အောက်တိုဘာလမှ မတ်လအထိ အမေရိကန်ဒေါ်လာ ၁၇၆၁ ဒသမ ၄ သန်း ရင်းနှီးမြှုပ်နှံ ခဲ့ကြောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာလမှ မတ်လအထိ (၆)လ စာရင်းအရ အမေရိကန်ဒေါ်လာ ၁၉၈၈ ဒသမ ၇ သန်း ရှိခဲ့ပါကြောင်း။



နိုင်ငံခြားငွေလဲလှယ်နှုန်းတွင် အမေရိကန် တစ်ဒေါ်လာနှင့် မြန်မာငွေကျပ် လဲလှယ်နှုန်းမှာ ၂၀၁၈ ခုနှစ် အောက်တိုဘာလတွင် ၁၅၆၀ ကျပ်ဖြစ်ပေါ်ခဲ့ရာမှ ၂၀၁၉ မတ်လကုန်တွင် ၁၅၁၄ ကျပ်သို့ ကျဆင်းခဲ့ပါ ကြောင်း၊ ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၁၃ ဒသမ ၄ ရာခိုင်နှုန်း ငွေတန်ဖိုးကျဆင်းခဲ့ပါကြောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှသည့် မြန်မာကျပ်ငွေ၏ ရည်ညွှန်း ငွေလဲလှယ်နှုန်းကို နိုင်ငံခြားငွေ ဈေးပြိုင်လေလံစနစ်အရ သတ်မှတ်ခဲ့ပြီး နိုင်ငံခြားငွေကြေးဈေးကွက်မြင့်တင်ရေး အတွက် နိုင်ငံတကာဗဟိုဘဏ်များ ကျင့်သုံးသည့်စနစ်နှင့် အညီ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်မှစ၍ နိုင်ငံခြား ငွေကြေးဈေးကွက်ရှိ ရောင်းဝယ်မှုများကို အခြေခံ၍ တွက် ချက်ထားသော ဈေးကွက်အခြေခံ ရည်ညွှန်းနိုင်ငံခြားငွေ လဲလှယ်နှုန်းကို သတ်မှတ်ထုတ်ပြန်ပေးလျက်ရှိပါကြောင်း။

ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် မတ်လတွင် ၇ ဒသမ ၂၈ ရာခိုင်နှုန်းဖြစ်ပေါ် လျက်ရှိရာ ဘဏ္ဍာရေးနှစ်အတွင်း ဖြစ်ပေါ်ရန် မျှော်မှန်း ထားသည့် ငွေကြေးဖောင်းပွမှုနှုန်းထက် ၂ ဒသမ ၀၇ ရာခိုင်နှုန်း မြင့်တက်ခဲ့ပါကြောင်း။

**တိုက်ရိုက်အထောက်အကူပြုနိုင်**

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမ(၆)လပတ် (အောက်တိုဘာလမှ မတ်လ)တွင် ပို့ကုန်အနေဖြင့် ရည်မှန်းချက်၏ ၅၄ ဒသမ ၃ ရာခိုင်နှုန်းနှင့် သွင်းကုန်အနေ ဖြင့် ရည်မှန်းချက်၏ ၅၆ ဒသမ ၇ ရာခိုင်နှုန်း အကောင် အထည်ဖော်နိုင်ခဲ့ပါကြောင်း၊ ကုန်သွယ်မှုပမာဏအနေဖြင့် ရည်မှန်းချက်၏ ၅၅ ဒသမ ၅ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပြီး ကုန်သွယ်လိုငွေ အမေရိကန်ဒေါ်လာ ၆၅၉ ဒသမ ၅ သန်း ဖြစ်ပေါ်ခဲ့သည့်အတွက် ယခင်နှစ်ကာလတ တူနှင့် နှိုင်းယှဉ်ပါက အမေရိကန်ဒေါ်လာ ၁၃၁၅ ဒသမ ၃ သန်း လျော့နည်းခဲ့ပါကြောင်း။

မြန်မာနိုင်ငံသို့ လာရောက်သည့် ကမ္ဘာလှည့်ခရီးသည် နှင့် သုံးစွဲခဲ့သည့် နိုင်ငံခြားငွေများသည် နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို တိုက်ရိုက်အထောက်အကူပြုနိုင်သဖြင့် အမျိုးသားအဆင့် ဦးစားပေးကဏ္ဍတစ်ခုဖြစ်ရန် ရည်ရွယ် ဆောင်ရွက်လျက်ရှိရာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမ(၆) လပတ်တွင် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သည့် ကမ္ဘာလှည့်ခရီးသည်ဦးရေ ၂ ဒသမ ၁၆၅ သန်းရှိပြီး အမေရိကန်ဒေါ်လာ ၁၁၀၄ သန်း သုံးစွဲခဲ့ပါကြောင်း။

**ပိုမိုတိုးတက်ဖြစ်ထွန်း**

ဆောက်လုပ်မှုအမျိုးအစားအလိုက် ဆောင်ရွက်မှု အခြေအနေမှာ အိမ်ရာ ၅၆ ဒသမ ၁ ရာခိုင်နှုန်း၊ ရုံး၊ ကျောင်း၊ ဆေးရုံ ၁၇ ဒသမ ၂ ရာခိုင်နှုန်း၊ လမ်း ၇ ဒသမ ၇ ရာခိုင်နှုန်း၊ တံတား နှစ်ရာခိုင်နှုန်း၊ ဆိပ်ကမ်း၊ ဆည်မြောင်း များ ၃ ဒသမ ၅ ရာခိုင်နှုန်း၊ ဆက်သွယ်ရေးနှင့် မဟာဓာတ် အားလိုင်းများ သုည ဒသမ ၅ ရာခိုင်နှုန်း၊ ဓာတ်အားလိုင်း များတွင် တစ်ရာခိုင်နှုန်း၊ သတ္တုတွင်း၊ စက်ရုံများ သုည ဒသမ ၄ ရာခိုင်နှုန်း၊ အားကစားကွင်း၊ ပန်းခြံ သုည ဒသမ ၂ ရာခိုင်နှုန်းနှင့် အခြား မြို့ပြအင်ဂျင်နီယာလုပ်ငန်းများ ၁၁ ဒသမ ၄ ရာခိုင်နှုန်း အသီးသီးဆောင်ရွက်ခဲ့ပါကြောင်း။

လျှပ်စစ်ဓာတ်အားတပ်ဆင်အင်အားနှင့် သုံးစွဲမှုမှာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် နိုင်ငံပိုင် လျှပ်စစ်ဓာတ်အားတပ်ဆင်ထားသည့် အင်အားအနေဖြင့် ၅၉၀၁ မဂ္ဂါဝပ်ရှိပြီး လျှပ်စစ်ဓာတ်အားသုံးစွဲမှုအနေဖြင့် ကီလိုဝပ်နာရီသန်း ၁၁၂၀၇ ဒသမ ၁ ဖြစ်သဖြင့် တပ်ဆင် အင်အားနှင့် သုံးစွဲမှုပမာဏ ပိုမိုခဲ့ပြီး ပညာရေး၊ ကျန်းမာ ရေးကဏ္ဍများမှာလည်း ပိုမိုတိုးတက်ဖြစ်ထွန်းခဲ့ကြောင်း။

တတနိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများတွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမ(၆)လအတွင်း သာမန်စာရင်းပိုငွေပြ သော အဖွဲ့အစည်းပေါင်း ၁၈ ခုမှ ပိုငွေမှာ ကျပ်သန်းပေါင်း ၁၄၃၉၉၅၆ ဒသမ ၃၄ ဖြစ်ပြီး လိုငွေပြသော အဖွဲ့ အစည်း ပေါင်း ၁၃ ခုမှ လိုငွေမှာ ကျပ်သန်းပေါင်း ၅၇၆၄၃၈ ဒသမ ၀၉ ဖြစ်သောကြောင့် အသားတင်ပိုငွေ စုစုပေါင်းမှာ ကျပ်သန်းပေါင်း ၈၆၃၅၁၈ ဒသမ ၂၅ ဖြစ်သည်ကို တွေ့ရှိရ ပါကြောင်း။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ပထမ (၆)လပတ်အတွင်း ကဏ္ဍအလိုက် စီမံကိန်းများ အကောင် အထည်ဖော်နိုင်မှု အခြေအနေ(ယာယီစာရင်းများအရ) များမှာ ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ပုံမှန်ဈေးနှုန်းများအရ **လယ်ယာကဏ္ဍ**တွင် ၂ ဒသမ ၂ ရာခိုင်နှုန်း၊ **သားငါးကဏ္ဍ**တွင် ၆ ဒသမ ၁ ရာခိုင်နှုန်း၊ **သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍ**တွင် ၅ ဒသမ ၀ ရာခိုင်နှုန်း၊ **စက်မှုလက်မှုကဏ္ဍ**တွင် ၁၁ ဒသမ ၂ ရာခိုင်နှုန်း၊ **လျှပ်စစ်ဓာတ်အားကဏ္ဍ**တွင် ၇ ဒသမ ၈ ရာခိုင်နှုန်း၊ **ပို့ဆောင်ရေးကဏ္ဍ**တွင် ၉ ဒသမ ၂ ရာခိုင်နှုန်း၊ **ဆက်သွယ်ရေးကဏ္ဍ**တွင် ၁၁ ဒသမ ၅ ရာခိုင်နှုန်း၊ **ငွေရေး ကြေးရေးကဏ္ဍ**တွင် ၇ ဒသမ ၇ ရာခိုင်နှုန်း၊ လူမှုရေးနှင့် **စီမံခန့်ခွဲရေးကဏ္ဍ**တွင် ၄ ဒသမ ၆ ရာခိုင်နှုန်း၊ အခြား **ဝန်ဆောင်မှုကဏ္ဍ**တွင် ၁၂ ဒသမ ၄ ရာခိုင်နှုန်း၊ **ကုန်သွယ်မှု ကဏ္ဍ**တွင် ၇ ဒသမ ၇ ရာခိုင်နှုန်း စသည်ဖြင့် အသီးသီး တိုးတက်ခဲ့ကြောင်း၊ **သစ်တောကဏ္ဍ**တွင် ၂၂ ဒသမ ၄ ရာခိုင်နှုန်း၊ **စွမ်းအင်ကဏ္ဍ**တွင် ၅ ဒသမ ၅ ရာခိုင်နှုန်း၊ **ဆောက်လုပ်မှုကဏ္ဍ**တွင် ၆ ဒသမ ၆ ရာခိုင်နှုန်း စသည်ဖြင့် လျော့နည်းခဲ့ပါကြောင်း။

**ပြည်ပချေးငွေအကူအညီ အထောက်အပံ့နှင့် နည်းပညာအကူအညီရရှိမှု**

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမ(၆)လပတ် အတွင်း ပြည်ပနိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်းများ မှ အမေရိကန်ဒေါ်လာ ၅၃၄ ဒသမ ၀၈၄ သန်းဖြင့် စီမံချက် လေးခုကို ချေးငွေများရရှိနိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ရာသီဥတုနှင့် လိုက်လျော ညီထွေဖြစ်စေမည့် စိုက်ပျိုးစီးပွားရေးလုပ်ငန်းဆိုင်ရာ တန်ဖိုးကွင်းဆက်စီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၄၀ ဒသမ ၅၀၀ ကို ADB မှ ၂၀၁၈ ခုနှစ် အောက်တိုဘာ ၆ ရက်တွင်လည်းကောင်း၊ အနောက်ပိုင်းပြည်နယ်များ စိုက်ပျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၈ ဒသမ ၉၈၄ သန်းကို IFADမှ ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်တွင် လည်းကောင်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက လျှပ်စစ်ဓာတ်အား ကွန်ရက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမေရိကန်ဒေါ်လာ ၂၈၉ ဒသမ ၉၀၀ သန်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနက မဟာမဲခေါင်ဒေသခွဲအတွင်းရှိ လမ်းမကြီးများ ဖွံ့ဖြိုး တိုးတက်ရေးစီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၁၉၄ ဒသမ ၇၀၀ သန်းတို့ကို ADBမှ ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တို့တွင် အသီးသီး စာချုပ်ချုပ်ဆိုခဲ့ကြကြောင်း။

**ပြည်ပအကူအညီအထောက်အပံ့**

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမ(၆)လပတ် အတွင်း ပြည်ထောင်စုဝန်ကြီးဌာန ၁၂ ခုနှင့် အဖွဲ့အစည်း နှစ်ခုတို့မှ ပြည်ပအကူအညီအထောက်အပံ့နှင့် နည်းပညာ အကူအညီတို့ဖြင့် စီမံကိန်းတန်ဖိုး အမေရိကန်ဒေါ်လာ ၁၂၀ ဒသမ ၃၄၅ သန်းဖြင့် စီမံချက် ၃၅ ခုကို အကောင် အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း ရှင်းလင်းတင်ပြ သည်။ **ကိုမင်း၊ မာမာစိုး(ကြေးမုံ)**

---

»» စာမျက်နှာ ၅ မှ

အကောင်အထည်ဖော် ဆောင်ရွက်နိုင်ကြောင်း တိကျစွာ ဖော်ပြသင့်သည်ကို သဘောထားမှတ်ချက်ပြုပါကြောင်း။

ဆောက်လုပ်မှုကဏ္ဍတွင် ရုံး၊ ကျောင်း၊ ဆေးရုံ၊ လမ်း၊ တံတား၊ ဆိပ်ကမ်း၊ ဆည်မြောင်း၊ မဟာဓာတ်အားလိုင်း စသော ပြည်သူ့အကျိုးပြုလုပ်ငန်းများ (Public Utilities) ကို ပိုမိုဦးစားပေး ဆောက်လုပ်နိုင်ရေးအတွက် အလေးထားဆောင်ရွက်သင့်သည်ကို သဘောထား မှတ်ချက်ပြုပါကြောင်း၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့ အစည်းအချို့၏ သာမန်စာရင်းလိုငွေဖြစ်ပေါ်နေမှုကို ဖြေရှင်း နိုင်ရေးအတွက် နည်းလမ်းများ ရှာကြံဆောင်ရွက်သင့် သည်ကို သဘောထားမှတ်ချက်ပြုပါကြောင်း၊ ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးရေးအတွက် MSME နှင့် SME များ လိုအပ်သည့် လုပ်ငန်းသုံးချေးငွေများ လွယ်ကူစွာ ရရှိစေ နိုင်ရေးနှင့် ချေးငွေများ ပိုမိုရရှိနိုင်စေရေးတို့အတွက် နည်းလမ်းများ ရှာကြံဆောင်ရွက်သင့်သည်ကို သဘော ထားမှတ်ချက်ပြုပါကြောင်း။

Ease of Doing Business ညွှန်းကိန်းအဆင့် တိုးတက်ကောင်းမွန်လာရေးအတွက် ပြည်တွင်း၊ ပြည်ပမှ ကျွမ်းကျင်သူပညာရှင်များနှင့် ဆွေးနွေးတိုင်ပင်ကာ အကြံ ဉာဏ်များရယူခြင်း၊ ပြည်ပနိုင်ငံများ၏ အတွေ့အကြုံများကို လေ့လာခြင်းတို့ဖြင့် ကြိုးပမ်းဆောင်ရွက်သင့်သည်ကို သဘောထားမှတ်ချက်ပြုပါကြောင်း၊ ပြည်ထောင်စုအစိုးရ အဖွဲ့မှပေးပို့သော ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အမျိုးသား စီမံကိန်း ပထမ(၆)လပတ် အစီရင်ခံစာနှင့် စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိ ချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ အမှတ်စဉ် (၉/၂၀၁၉) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၄(က)၊ (ခ)၊ (ဂ)ပါ ပြဋ္ဌာန်းချက်များနှင့် အညီ အစီရင်ခံတင်ပြရင်း အစီရင်ခံစာအား ပြည်ထောင်စု လွှတ်တော်က ဆွေးနွေးစဉ်းစားပေးနိုင်ပါရန် တင်ပြအပ်ပါ ကြောင်း ရှင်းလင်းပြောကြားသည်။


ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ယင်းအစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်း နိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီဝင် ဦးကျော်တင့်က **ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၁၈ - ၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ် ပထမ (၆) လပတ် ပြည်ထောင်စုဘဏ္ဍာငွေ အရအသုံးဆိုင်ရာ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင် ခံစာ (၁၀/၂၀၁၉)** ကိုဖတ်ကြားတင်ပြ၍ လွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက က ယင်းအစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်း နိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ် မြောက် ပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့ကို ဇွန် ၇ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်ရဲသွင်၊ အေးအေးသန့်(သတင်းစဉ်)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း ဥရောပသမဂ္ဂသံအမတ်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇွန် ၄**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ကြီး Mr. Kristian Schmidt နှင့်အဖွဲ့အား ယနေ့ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**အကြံပြုချက်များ ဆွေးနွေး**

တွေ့ဆုံစဉ် ဥရောပသမဂ္ဂရွေးကောက်ပွဲလေ့လာရေးအဖွဲ့ (EU EOM)၏ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်းသည့် အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ဥရောပသမဂ္ဂအနေဖြင့် ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးဆောင်ရွက်နိုင်မည့် အစီအစဉ်၊ ဥရောပသမဂ္ဂရွေးကောက်ပွဲ နောက်ဆက်တွဲလေ့လာရေးအဖွဲ့ (EU Election Follow-up Mission, EU-EFM)၏ တွေ့ရှိချက်အစီရင်ခံစာပါအချက်များနှင့် ရွေးကောက်ပွဲဆိုင်ရာ အကြံပြုချက်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ သန္ဓိစွမ်းရည်မြှင့်တင်ရေးအဖွဲ့မှ သင်တန်းသား သင်တန်းသူများ လာရောက်လေ့လာ



**နေပြည်တော် ဇွန် ၄**

သန္ဓိစွမ်းရည်မြှင့်တင်ရေးအဖွဲ့ (Sandhi Governance Institute)မှ ဦးစီးပြုလုပ်လျက်ရှိသည့် နိုင်ငံရေးခေါင်းဆောင်မှုသင်တန်း အပတ်စဉ်(၅)မှ ဦးခိုင်ဝင်း ဦးဆောင်သော သင်တန်းသား သင်တန်းသူ ၂၉ ဦးတို့သည် ယနေ့နံနက် ၁၁ နာရီတွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သို့ လာရောက်လေ့လာကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးမှ တာဝန်ရှိသူများက နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမဆောင်၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို ရွေးကောက်ပွဲအကြိုကာလ၊ ရွေးကောက်ပွဲကာလ၊ ရွေးကောက်ပွဲနှောင်းပိုင်းကာလဟု အပိုင်းသုံးပိုင်းသတ်မှတ်ဆောင်ရွက်ရာတွင် လွတ်လပ်မှု၊ တရားမျှတမှု၊ ပွင့်လင်းမြင်သာမှု၊ အများယုံကြည်လက်ခံမှု၊ ပြည်သူ့ဆန္ဒနှင့် ရွေးကောက်ပွဲရလဒ် တစ်ထပ်တည်းဖြစ်စေရေးဆိုသည့် စံငါးချက်နှင့်အညီ ဆောင်ရွက်နေကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်ရေးအတွက် မဟာဗျူဟာစီမံကိန်း(၂၀၁၉-၂၀၂၂)ကို ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံသားတိုင်း နိုင်ငံသားအခွင့်အရေးဖြစ်သည့် မဲပေးခွင့်ရရှိရေးအတွက် အသက်(၁၈)နှစ်ပြည့်ပြီးသော်လည်း မဲစာရင်းတွင်ပါရှိမှ မဲပေးခွင့်ရရှိမည်ဖြစ်သဖြင့် မဲစာရင်းပြည့်စုံမှန်ကန်ရေးအတွက် အလေးထားဆောင်ရွက်နေကြောင်း၊ မဲစာရင်းပြည့်စုံမှန်ကန်ရေးအတွက် နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပြည်သူလူထု၏ ပူးပေါင်းကူညီဆောင်ရွက်မှုလိုအပ်ပါကြောင်း၊ ဒီမိုကရေစီစနစ်အရ နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးတို့တွင် ပါဝင်ဆောင်ရွက်ကြမည့် လွှတ်တော်ကိုယ်စားလှယ်များကို မဲဆန္ဒရှင်ပြည်သူတို့က ဆန္ဒမဲပေး၍ ရွေးကောက်တင်မြှောက်ရပါကြောင်း၊ သို့ဖြစ်၍ မဲဆန္ဒရှင်ပြည်သူတိုင်းက မိမိတို့ဆန္ဒနှင့်အညီ လွှတ်တော်ကိုယ်စားလှယ်များကို ရွေးချယ်ဆန္ဒမဲပေးရန် လိုအပ်ပါကြောင်း။

လာရောက်လေ့လာကြသော သင်တန်းသား သင်တန်းသူများအနေဖြင့်လည်း မဲဆန္ဒရှင်စာရင်း ပြည့်စုံမှန်ကန်ရေးနှင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် တတ်စွမ်းသမျှ ကူညီဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကော်မရှင်ရုံး၏ သက်ဆိုင်ရာဌာနအလိုက် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုများကို အကျဉ်းချုပ်ရှင်းလင်းတင်ပြကြပြီး လာရောက်လေ့လာသူများက သိရှိလိုသည်များကို မေးမြန်းကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် ဦးစိုးဝင်း တရုတ်နိုင်ငံ ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး Mr. Ruan Chengfa နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၄**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမြင့်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းတို့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး Mr.Ruan Chengfa နှင့်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်နှင့် မြန်မာနိုင်ငံတို့အကြား နယ်စပ်ဒေသစီးပွားရေးဇုန် တည်ထောင်ရေးကိစ္စ၊ လယ်ယာထွက်ကုန်ပစ္စည်းများ တိုးမြှင့်တင်ပို့ရေးကိစ္စများနှင့် ဘဏ်လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ၂၀၁၉-၂၀၂၀ ပညာသင်နှစ် အားကစားနှင့်ပညာရေး ပေါင်းစပ်သင်တန်းဖွင့်





**ရန်ကုန် ဇွန် ၄**

အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်) (၂၀၁၉-၂၀၂၀) ပညာသင်နှစ် အားကစားနှင့် ပညာရေး ပေါင်းစပ်သင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကျိုက္ကဆံအားကစားကွင်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပရာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်အမှာစကားပြောကြားသည်။

**ထိုက်ထိုက်တန်တန် ဂုဏ်ပြုသွားမည်**

ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနရှိ အားကစားနှင့်ကာယပညာသိပ္ပံ အားကစားနှင့် ပညာရေးပေါင်းစပ်သင်တန်းကျောင်း ခြောက်ကျောင်းမှ ဘက်စုံထူးချွန်ထက်မြက်ပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်သော မျိုးဆက်သစ် အားကစားသမားများ ထွက်ပေါ်ရေးအတွက် ဘက်စုံပံ့ပိုးပေးထားပြီး ကျောင်းသား ကျောင်းသူများအနေဖြင့်လည်း မြင့်မားသော ရည်မှန်းချက်များ ချမှတ်၍ အားသွန်ခွန်စိုက် ကြိုးစားကြစေလိုပါကြောင်း။

နိုင်ငံ့ဂုဏ်ဆောင် လက်ရွေးစင်အဖြစ် အောင်ပွဲများ ရရှိသူများကိုလည်း ထိုက်ထိုက်တန်တန် ဂုဏ်ပြုသွားမည်ဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်း အပါအဝင် ရှေ့ရေးအလားအလာ ကောင်းမွန်ရန်ကိုလည်း ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း။

အားကစားနှင့်ပညာရေးပေါင်းစပ်သင်တန်းကျောင်း ခြောက်ကျောင်း အနက် အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်) သည် အစဉ်အလာကောင်း၍ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ မွေးထုတ်ပေးနိုင်ခဲ့ပြီး အောင်မြင်မှု များရယူပေးနိုင်ခဲ့သော ကျောင်းလည်းဖြစ်ပါကြောင်း၊ ကျောင်းအုပ်ကြီးများ အနေဖြင့်လည်း သုံးလလျှင် တစ်ကြိမ် အချင်းချင်းတွေ့ဆုံပြီး နိုင်ငံ့ဂုဏ်ဆောင် မျိုးဆက်သစ်အားကစားသမားများ ထွက်ပေါ် ရေးကို ဦးတည်၍ အားနည်းချက်၊ အားသာချက်များ ဖလှယ်ရန်လိုအပ်ပါကြောင်း။

သက်ဆိုင်ရာအားကစားနည်းအလိုက် ပြောင်းလဲလာသော နည်းစနစ်၊ နည်းဥပဒေများအရ နည်းပြများသည် ခေတ်နှင့်အညီသင်ကြားမှုပုံစံ ပြောင်းရန်လည်း လိုအပ်ပါကြောင်း၊ နည်းပြများ၏ သင်ကြားမှုစွမ်းရည်ကိုလည်း သုံးသပ်ရန်လိုအပ်ပြီး အားကစားနည်းအလိုက် အားကစားသမားများ အရည်အချင်း တိုးတက်မှုရှိအောင် သင်ကြားနိုင်စွမ်းရှိသော နည်းပြများအား ရွေးချယ်တာဝန်ပေးအပ်ရမည်ဖြစ်ပါကြောင်း။

**အတတ်နိုင်ဆုံးပံ့ပိုးပေးသွားမည်**

စွမ်းဆောင်ရည်မြင့်မားသည့် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများ ထွက်ပေါ်ရေးအတွက် ဝန်ကြီးဌာနမှ အတတ်နိုင်ဆုံးပံ့ပိုးပေးသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များမှလည်း ဆက်လက်ပူးပေါင်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်ကလည်း အားကစားနှင့်ပညာရေးပေါင်းစပ် ကျောင်းသား ကျောင်းသူများအနေဖြင့် အားကစားလေ့ကျင့်ရာတွင် လိုက်နာသင့်သော အချက်များနှင့် ယှဉ်ပြိုင်နေစဉ်ထားရှိရမည့် စိတ်ဓာတ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်) သင်တန်းကျောင်း အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

**လိုက်လံကြည့်ရှု**

ဆက်လက်ပြီး အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်)မှ သင်တန်းသား သင်တန်းသူများက ကရာတေးဒို၊ တိုက်ကွမ်ဒို၊ ကျွမ်းဘား၊ ဝူရှူးအခြေခံလေ့ကျင့်ခန်းများနှင့် "ကိုယ်လက်လှုပ်ရှား ဆေးတစ်ပါး" လှုပ်ရှားမှု Myanmar Fitness Dance ကို သရုပ်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရွှေပါရမီပဲနို့အာဟာရ တိုက်ကျွေးမှုနှင့် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် အားကစားနည်းအလိုက် အသုံးပြုမည့် အားကစားအထောက်အကူပြုပစ္စည်းများ ခင်းကျင်းပြသထားမှုကို လိုက်လံကြည့်ရှုသည်။

အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်) သင်တန်းကျောင်းသည် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်၌ လက်ကျန်သင်တန်းသားများ အပါအဝင် လျာထား သင်တန်းသား သင်တန်းသူ ၅၄၀ ကို အားကစားနည်း ၂၃ နည်း လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**





# ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အကြို အသိပညာပေးဟောပြောပွဲကျင်းပ

**ပြည်ကြီးတံခွန် ဇွန် ၄**

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အကြို အသိပညာပေးဟောပြောပွဲကို မန္တလေးမြို့ ပြည်ကြီးတံခွန် မြို့နယ်ရှိ လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

**ပြန်လည်ဖြေကြား**

ရှေးဦးစွာ မန္တလေးခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်မြင့်မြင့်သန်းက "ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အကြောင်း" သိကောင်းစရာများကို အသိပညာပေးဟောပြောပြီး ဒုတိယဦးစီးမှူး ဒေါ်စောလပြည့်ဝင်းက "ဒို့ကမ္ဘာကြီး လှပဖို့ ပတ်ဝန်းကျင်ကိုထိန်းသိမ်းစို့" ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောသည်။ ထို့နောက် ကျောင်းသား ကျောင်းသူလေးများက ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေး နေ့နှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းရာ ဟောပြောသူများက ပြန်လည်ဖြေကြားခဲ့သည်။

"ကျောင်းသားလူငယ်လေးတွေကို အခုလိုကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အကြောင်း အသိပညာပေး ဟောပြောတာ အလွန်ကောင်းပါတယ်။ ဒါမှ သူတို့လေးတွေ ကမ္ဘာမြေကြီးကို ချစ်တတ်လာမယ်။ ပတ်ဝန်းကျင်ကိုလည်း သန့်ရှင်းသာယာလှပအောင် ထိန်းသိမ်းချင်တဲ့ စိတ်တွေပေါ်ပေါက်လာမယ်" ဟု သပြေညိုကိုယ်ပိုင်ကျောင်းမှ ဆရာကိုကျော်သီဟက ပြောကြားသည်။

အဆိုပါ ဟောပြောပွဲသို့ မန္တလေးခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးအရာရှိနှင့် တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# မိုးဦးကာလ ရေယာဉ်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်

**နေပြည်တော် ဇွန် ၄**

မြန်မာနိုင်ငံရှိ မြစ်များတွင် မုတ်သုံရာသီအစ မိုးဦးကာလ၌ မိုးသည်းထန်စွာရွာသွန်းခြင်း၊လေပြင်းများ တိုက်ခတ်ခြင်းနှင့်အတူ မြစ်ရေမြင့်တက်လာမည်ဖြစ်သည်။ မြစ်ရေ တက်လာမှုပေါ်မူတည်၍ ရေယာဉ်များ အန္တရာယ်ကင်းစွာ ခုတ်မောင်းသွားလာနိုင်ရန် လိုအပ်သော ရေလမ်းညွှန်အမှတ်အသားများကို ပြသထားမည်ဖြစ်၍ အလေးထား လိုက်နာကြရန် လိုအပ်သည်။ ရာသီဥတုဒဏ်ကြောင့် ရေလမ်းညွှန်အမှတ်အသားများ တစ်ခါတစ်ရံပျက်စီးပျောက်ဆုံး နိုင်သဖြင့် ရေယာဉ်များဂရုပြုခုတ်မောင်းကြရန် လိုအပ်သည်။

မြစ်ရေမြင့်တက်လာမှုကြောင့် ရေနည်းကာလတွင်ရှိခဲ့သော သောင်နှင့်ကျွန်းများ ရေမြုပ်၍ ရေမြှုပ်ပေါ်ပေါက် ဖြတ်လမ်းများ ဖြစ်ပေါ်လာမည်ဖြစ်သည်။ ထို့အပြင် ရေများကာလတွင် ရေလမ်းများအတွင်း ရေစီးသန်ခြင်းနှင့် ဝဲလှည့်ခြင်းများ ဖြစ်ပေါ်နိုင်သည်။ ထို့ကြောင့် ရေအနက်မလုံလောက်သော ရေမြှုပ်ပေါ်ပေါက် ဖြတ်လမ်းများကို အသုံးပြုခုတ်မောင်းခြင်း မပြုကြရန်နှင့် မိမိရေယာဉ်၏ စက်အားနှင့် ရေစီးနှုန်းကို ချင့်ချိန်၍ သတ်မှတ်ရေလမ်း အတိုင်း သတိပြုခုတ်မောင်းကြရန် လိုအပ်သည်။

မြစ်ကူးတံတား ရေလမ်းများတွင် ရေယာဉ်များ ဝင်ရောက်ရမည့် ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင် တြိဂံအမှတ်အသား ပြသထားပြီး ညအခါ မီးစိမ်းထွန်း ပြသထားသည်။ မဝင်ရမည့် ရေလမ်းတွင် နေ့အခါ အနီရောင် ကြက်ခြေခတ်အမှတ်အသား ပြသထားပြီး ညအခါ မီးနီထွန်း ပြသထားသည်။

ရေများကာလတွင် မြစ်ကူးတံတားကြီးများ၏ ရေလယ်တိုင် အုတ်ခုံများမှာ ရေမြုပ်နေပြီး ရေလယ်တိုင် နှစ်ခုအကြား၌ ရေစီးသန်သောကြောင့် ရေယာဉ်များ မြစ်ကူးတံတားရေလမ်းကို ဖြတ်သန်းရာတွင် စက်နှင့် တက်မစနစ်များကို ကြိုတင်စစ်ဆေးပြီး လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန် ရယူ၍ ဖြတ်သန်းခုတ်မောင်းကြရန်နှင့် တံတားရေလမ်းကို ဖြတ်သန်းရာတွင် ရေယာဉ်နှစ်စင်း ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုကြရန် လိုအပ်သည်။ အထူးသဖြင့် ရေယာဉ်များသည် မိမိ၏ သယ်ဆောင်ဝန်အားနှင့် စက်အားကို ချင့်ချိန်တွက်ဆ၍ ဂရုပြုခုတ်မောင်းကြရမည်ဖြစ်သည်။ မနိုင်ဝန်ကို သယ်ဆောင်ခြင်းမျိုးမပြုကြရန်နှင့် မြစ်ကူးတံတားကြီးများကို ဖြတ်သန်းရာတွင် တွဲတစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရမည် ဖြစ်သည်။

ရာသီဥတု ပြောင်းလဲမှုကြောင့် ရုတ်တရက် လေပြင်းတိုက်ခတ်မှုနှင့် မိုးမှောင်ကျမှု ဖြစ်ပေါ်သည့်အခါ ရေယာဉ် အန္တရာယ်မဖြစ်စေရေးအတွက် အထူးသတိပြုခုတ်မောင်းကြရန်နှင့် လေပြင်း တိုက်ခတ်စဉ် ရေယာဉ်များ လိုက်နာရမည့်နည်းဥပဒေများအတိုင်း လိုက်နာကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ရေလမ်းသတိပေးနှိုးဆော်ချက်ထုတ်ပြန်ထားကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း DRI အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇွန် ၄**
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် Democracy Reporting International (DRI) ၏ Director of Programmes, Ms. Nicola Schmidt နှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် DRI အဖွဲ့မှ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများကို ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး နည်းပညာနှင့် ရန်ပုံငွေအထောက်အပံ့ပေးရန် စီစဉ်ထားရှိမှု၊ Myanmar Democracy Fellowship သင်တန်းများ ဖွင့်လှစ်ပို့ချနေမှု၊ ရွေးကောက်ပွဲ သိမှတ်ဖွယ်ရာ Mobile Application တည်ဆောက်လျက်ရှိသည့် အခြေအနေ၊ ရွေးကောက်ပွဲကာလ လူမှုကွန်ရက်ပေါ်တွင် အမုန်းစကားများ စောင့်ကြည့်လေ့လာနိုင်မည့် နည်းလမ်းများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မွန်ပြည်နယ်အစိုးရအဖွဲ့၏ပြည်သူ့အတွက် တတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲ ကျင်းပ

**မော်လမြိုင် ဇွန် ၄**
မွန်ပြည်နယ်အစိုးရအဖွဲ့၏ ပြည်သူ့အတွက် တတိယ(၁) နှစ်တာကာလအတွင်း လုပ်ငန်းဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို ယနေ့နံနက် ၁၀ နာရီက မော်လမြိုင်မြို့ပြည်နယ်အစိုးရအဖွဲ့ရုံး ဟသ်ာ ခန်းမ၌ ကျင်းပသည်။

**လွတ်လပ်စွာမေးမြန်းနိုင်**

သတင်းစာရှင်းလင်းပွဲတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက မွန်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် တတိယ(၁)နှစ်တာကာလ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အတွင်း ဆောင်ရွက်ခဲ့သည့် လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး နှင့် သာသနာရေးကဏ္ဍများ၏ ပြုပြင်ပြောင်းလဲတိုးတက်မှု အခြေအနေများ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအပြင် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် ပတ်သက်၍ ဆောင်ရွက်ခဲ့မှုများကို နိုင်ငံပိုင်မီဒီယာများတွင် ထုတ်လွှင့် ဖော်ပြပေးခဲ့ပြီးဖြစ်ကြောင်း၊ မီဒီယာများအနေဖြင့် သိရှိလို သည်များအား လွတ်လပ်စွာမေးမြန်းနိုင်ပြီး သက်ဆိုင်ရာ ဝန်ကြီးများကလည်း မေးမြန်းချက်များအပေါ် ပြန်လည် ဖြေကြားပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများက မွန်ပြည်နယ်အစိုးရအဖွဲ့၏ တတိယ(၁)နှစ်တာကာလ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ကျေးရွာလျှပ်စစ်မီးရရှိ ရေးနှင့် အိမ်ထောင်စုတိုင်း လျှပ်စစ်မီးရရှိရေး ဆောင်ရွက်



ခဲ့ရာ မြို့နယ် ခုနစ်မြို့နယ်နှင့် မြို့သုံးမြို့ရှိ ကျေးရွာ ၉၇ ရွာ၊ မီးသုံးစွဲသူအိမ်ထောင်စု ၂၂၂၇၄ စု မီးလင်းရေး ဆောင်ရွက် ပေးနိုင်ခဲ့ကြောင်း၊ ကျောင်းအဆင့်တိုးမြှင့်မှုအနေဖြင့် အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်း အဆင့် စုစုပေါင်းကျောင်း ၇၆ ကျောင်းကို အဆင့်တိုးမြှင့် ဖွင့်လှစ်ခဲ့ပြီး တက္ကသိုလ်ဝင်စာမေးပွဲစာစစ်ဌာနကိုလည်း ၆၂ ခုအထိ တိုးမြှင့်ဖွင့်လှစ်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ သဘာဝဘေးအန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့လာပါက အကာအကွယ်ပြုနိုင်ရေးအတွက် ချောင်းဆုံမြို့နယ်တွင် Cyclone Shelter သုံးလုံးကို တည်ဆောက်ရန် တင်ဒါ ခေါ်ယူဆောင်ရွက်လျက်ရှိပြီး ဘီးလင်းမြို့နယ်၌လည်း Cyclone Shelter တစ်လုံး ထပ်မံတည်ဆောက်ရန် မြေနေရာရွေးချယ်ထားကာ အသေးစိတ်တွက်ချက်တင်ပြ နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအနေဖြင့် စက်မှုကဏ္ဍလုပ်ငန်း ရှစ်ခု၊ ဝန်ဆောင်မှုလုပ်ငန်း ခြောက်ခု၊ လျှပ်စစ်ကဏ္ဍ လုပ်ငန်း နှစ်ခု၊ ဟိုတယ်ကဏ္ဍ ၁၈ ခု၊ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအနေဖြင့် လုပ်ငန်း ၃၉ ခု ခွင့်ပြုနိုင်ခဲ့ ကြောင်း၊ မွန်ပြည်နယ်အတွင်းလုပ်ငန်းများ၊ ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ကိုင်နေသော လုပ်ငန်းရှင် ၃၀ အား SME ချေးငွေကျပ်သန်း ၃၂၃၅ သန်း ထုတ်ချေးနိုင်ခဲ့ ကြောင်း၊ ၂၀၁၈ ခုနှစ်အတွင်း မိုးရာသီရေကြီးမှုကြောင့် စပါးပင်များ ပျက်စီးသည့် မြို့နယ် ကိုးမြို့နယ်တွင် မိုးစပါး ရေကြီးနစ်မြုပ်ပျက်စီးဧက ၃၁၆၅၇ ဧကအား ပြန်လည် စိုက်ပျိုးရန်အတွက် မျိုးစပါး ၂၉၅၇၇ တင်း ပံ့ပိုးပေးနိုင်ခဲ့ ကြောင်း၊ ချောင်းဆုံမြို့နယ်တွင် မြေနုကျွန်း ၁၃၁ ဒသမ ၁၂ ဧကအား ဘီလူးကျွန်းကြိုးပြင်ကာကွယ်တော ဖွဲ့စည်း နိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ဒီရေတောစိုက်ခင်း ၁၀၈ ဧကအား စိုက်ပျိုးဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း စသည်ဖြင့် သက်ဆိုင်ရာဌာနအလိုက် ပြည်သူ့အတွက် ဆောင်ရွက်ခဲ့ သည့်လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

**ရှင်းလင်းဖြေကြား**

ဆက်လက်၍ သတင်းစာရှင်းလင်းပွဲသို့ တက်ရောက် လာကြသော သတင်းမီဒီယာများက လျှပ်စစ်ဓာတ်အားခ ကောက်ခံနေမှုစနစ်နှင့် ဝန်ထမ်းမလုံလောက်မှု အခြေ အနေများ၊ ငွေစပါးစိုက်ပျိုးရေးရရှိရေး၊ သဘာဝဘေး အန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ စီမံ ဆောင်ရွက်ထားရှိမှု၊ ကျိုက်မရောမြို့ရှိ ပုဂ္ဂလိက စက်သုံး ဆီဆိုင်တစ်ဆိုင် ပြောင်းရွှေ့ရေး၊ လွှတ်တော်ကတိကဝတ် များနှင့်ပတ်သက်၍ အစိုးရအဖွဲ့၏ အကောင်အထည်ဖော် ဆောင်ရွက်မှု၊ ပြည်နယ်စည်ပင်သာယာရေးကော်မတီ ရွေးကောက်ပွဲကျင်းပနိုင်ရေး၊ စည်ပင်သာယာပိုင် ဈေးဆိုင်ခန်းငှားရမ်းခ၊ ရော်ဘာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ SME လုပ်ငန်းများ ချေးငွေရရှိရေး ၊ အခြေခံလူတန်းစား များအတွက် တန်ဖိုးနည်းအိမ်ရာကိစ္စ၊ သုံးဘီးဆိုင်ကယ်များ ယာဉ်လိုင်းရရှိရေး၊ လျှပ်စစ်မီတာ လျှောက်ရာတွင် ကြန့်ကြာနေသည့်ကိစ္စ၊ မိုးရွာလျှင် မီးဖြတ်သည့်ကိစ္စ၊ အခွန်မဲ့ပစ္စည်းများဖမ်းဆီးမှုတို့ကို မေးမြန်းကြရာ ပြည်နယ် ဝန်ကြီးချုပ်နှင့် သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ က ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# တောင်သူများအတွက် အကျိုးတူလယ်ယာစိုက်ပျိုးရေး ဆောင်ရွက်

**နေပြည်တော် ဇွန် ၄**
ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် ကတ်ခိုကျေးရွာအုပ်စု ရေဘုတ်ကျေးရွာရှိ တောင်သူ လယ်သမားများ စိုက်ပျိုးရေးသီးနှံ အထွက်တိုးကာ လူနေမှုဘဝ တိုးတက် မြင့်မားစေရေးအတွက် မျိုးမြတ်သူ ကုမ္ပဏီလီမိတက်နှင့် လယ်ယာကဏ္ဍ အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် ကတ်ခိုကျေးရွာ အုပ်စုမှ တောင်သူ ၈၇ ဦးနှင့် မျိုးမြတ်သူကုမ္ပဏီမှ တာဝန်ရှိသူများ က အကျိုးတူ လယ်ယာဧက ၇၀၀ ကို စာချုပ်ချုပ်ဆို၍ ယခုနှစ် မိုးစပါးရာသီ မှစတင်ကာ အကောင်အထည်ဖော် စိုက်ပျိုးသွားမည်ဖြစ်သည်။ အကျိုးတူ လယ်ယာကို လယ်ယာလုပ်သား ရှားပါးမှုနှင့် ရာသီဥတုအပေါ်မူတည်၍ အချိန်မီစိုက်ပျိုးရန်၊ ရိတ်သိမ်းခြွေလှေ့ ရန်လိုအပ်နေသော တောင်သူများ အတွက် ကုမ္ပဏီမှ မျိုးစပါး၊ သွင်းအားစုများ ထုတ်ပေးခြင်း၊ လယ်ထွန်စက်၊ ကောက်စိုက်စက်၊ ရိတ်သိမ်းခြွေလှေ့ စက်များဖြင့် ဝန်ဆောင်မှုပေးကာ ဝန်ဆောင်ခကို စပါးရိတ်သိမ်းပြီးချိန်မှ တောင်သူများက ကုမ္ပဏီသို့ ပေးသွင်း ကြသည့် နည်းစနစ်ဖြင့် ဆောင်ရွက် ကြခြင်းဖြစ်ကြောင်း သိရသည်။

**ကြေးမုံ**



## သတင်းလမ်းညွှန်

**မောင်လူမော်**

### (၇၁)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မော်ကွန်းတိုက်နေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပမည်

ဇွန် ၉ ရက်တွင်ကျရောက်မည့် (၇၁)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မော်ကွန်းတိုက်နေ့ အထိမ်းအမှတ်အခမ်းအနားကို ဇွန် ၈ ရက်မှ ၉ ရက်ထိ နေပြည်တော်၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အများပြည်သူများနှင့် ကျောင်းသားလူငယ်များ မျိုးချစ်စိတ်ဓာတ် ထက်သန်စေရန်ရည်ရွယ်၍ အထိမ်းအမှတ်လှုပ်ရှားမှုအဖြစ် စာတမ်းဖတ်ပွဲ များနှင့် မော်ကွန်းပြခန်းများတွင် နိုင်ငံတော်၏အမွေအနှစ် အထောက်အထား မှတ်တမ်းများကို ခင်းကျင်းပြသသွားမည်ဖြစ်၍ မည်သူမဆို လာရောက် လေ့လာနိုင်ကြောင်း သိရသည်။

### အကြိမ်(၂၀)မြောက် အာဆီယံနှင့် အခြားနိုင်ငံများ သက်တမ်းအလိုက် စစ်တုရင်ပြိုင်ပွဲ ကျင်းပမည်

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံ၍ မန္တလေးမြို့ မန္တလာသီရိ ဘက်စုံသုံး အားကစားရုံ၌ ဇွန် ၉ ရက်မှ ၁၉ ရက်အထိ သက်တမ်းအလိုက် စစ်တုရင် ပြိုင်ပွဲကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကို မြန်မာနိုင်ငံအပါအဝင် အာဆီယံအဖွဲ့ဝင်နိုင်ငံ ရှစ်နိုင်ငံ နှင့် အိန္ဒိယ၊ မွန်ဂိုလီးယား၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ ပြိုင်ပွဲဝင် အားကစားသမား ၆၈၅ ဦးခန့် ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

# ရန်ကုန်မြို့အား မြို့ပြအမွေအနှစ်များထိန်းသိမ်းပြီး စိမ်းလန်းသည့် နေချင်စဖွယ် စီးပွားရေးမြို့တော်ဖြစ်စေရန် ရည်မှန်းဆောင်ရွက်လျက်ရှိ

**ရန်ကုန် ဇွန် ၄**

ရန်ကုန်မြို့အား မြို့ပြအမွေအနှစ်များ ထိန်းသိမ်းထားနိုင်ပြီး စိမ်းလန်းသည့် နေချင်စဖွယ် စီးပွားရေးမြို့တော်ဖြစ်စေရန် ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောသည်။

ယမန်နေ့မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ပြုလုပ်သည့် ရန်ကုန်မြို့၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုကိုဦးတည်သွားမည့် Yangon Project Bank အကြောင်း ရှင်းလင်းပွဲတွင် ဝန်ကြီးချုပ်က အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။



**အခု ၃၀ တပ်ဆင်နိုင်ခဲ့**

"ရန်ကုန်မြို့၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုကိုပုံဖော်တဲ့နေရာမှာ ရည်မှန်းချက်လေးခု ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒါတွေကတော့ ရန်ကုန်ရဲ့မြို့ပြအမွေအနှစ်တွေကို ထိန်းသိမ်းနိုင်ဖို့၊ စိမ်းလန်းမှုကိုထိန်းသိမ်းနိုင်ဖို့၊ နေချင်စဖွယ်မြို့တော်ဖြစ်ဖို့၊ စီးပွားရေးမြို့တော်ဖြစ်ဖို့ စတာတွေဖြစ်ပါတယ်။ မြို့ပြအမွေအနှစ်ထိန်းသိမ်းမှုတွေအနေနဲ့ အပြာရောင်ကမ္ပည်းပြားတပ်ဆင်မှုတွေ ပြုလုပ်ခဲ့တာ အခု ၃၀ တပ်ဆင်နိုင်ခဲ့ပါပြီ။ နောက်ဆုံးတပ်ဆင်ခဲ့တာကတော့ ပဲခူးကလပ်ဖြစ်ပါတယ်။ အဲဒီလို ရှေးဟောင်း အမွေအနှစ်တွေကိုလုပ်နေသလို သက်တမ်းသိပ်မရှိသေးတဲ့ အထင်ကရ အဆောက်အအုံတွေကို ထိန်းသိမ်းဖို့လည်း လုပ်ဆောင်နေပါတယ်။

"စိမ်းလန်းမှုကိုထိန်းသိမ်းတဲ့အပိုင်းမှာ အစိမ်းရောင်ပတ်ဝန်းကျင်ကိုထိန်းသိမ်းထားခြင်းအားဖြင့် ပြည်သူတွေအနေနဲ့ ရာသီဥတုပြောင်းလဲမှုဒဏ်ကို ခံနိုင်ရည်ရှိစေမှာဖြစ်ပါတယ်။ နေချင်စဖွယ်မြို့တော်ဖြစ်ဖို့အတွက် သယ်ယူပို့ဆောင်ရေးကဏ္ဍနဲ့ ဈေးတွေကို ပိုမိုအဆင့်မြှင့်တင်နိုင်ဖို့ လုပ်ဆောင်နေပါတယ်။ ဒါ့အပြင် စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် သယ်ယူပို့ဆောင်ရေးကဏ္ဍတွေကို ဖွံ့ဖြိုးတိုးတက်အောင်လုပ်ဆောင်ရပါမယ်။ ဒါကြောင့် ရန်ကုန်မြို့ကို သွားလာမှုပိုမိုလွယ်ကူအဆင်ပြေစေဖို့အတွက် အပြင်ပတ်လမ်းနဲ့ အတွင်းပတ်လမ်းတွေ တည်ဆောက်ဖို့အတွက် လိုတယ်လို့ဆုံးဖြတ်ထားပါတယ်။ အခုအတွင်းပတ်လမ်း တည်ဆောက်ဖို့အတွက် တင်ဒါခေါ်ယူနေပြီဖြစ်ပါတယ်။ ဒီစီမံကိန်းနဲ့ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန အပါအဝင် အခြားသောဆက်စပ်ဝန်ကြီးဌာနတွေ ပူးပေါင်းပြီး အတွင်းပတ်လမ်းတစ်ခုတည်ဆောက်ဖို့ ကော်မတီဖွဲ့ဆောင်ရွက်နေပြီဖြစ်ပါတယ်။ အပြင်ပတ်လမ်းရော အတွင်းပတ်လမ်းကိုပါ ကော်မတီတစ်ခုတည်းက ညှိနှိုင်းဆောင်ရွက်နေတာဖြစ်ပါတယ်။

"အပြင်ပတ်လမ်းကို မကြာခင်မှာပဲ နယ်နိမိတ်သတ်မှတ်နိုင်ဖို့နဲ့နေရာတွေကို စနစ်တကျ ပုံဖော်နိုင်ဖို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ရန်ကုန်မြို့မှာ အတွင်းပတ်လမ်းနဲ့ အပြင်ပတ်လမ်းဆိုပြီး ပတ်လမ်းနှစ်ခုအကောင်အထည်ပေါ်လာမှာဖြစ်ပါတယ်"ဟု ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် မြို့ပတ်ရထားလမ်းများ အဆင့်မြှင့်တင်မှုလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ပြီး ရထားလမ်းနှင့် ဘူတာရုံများ၊ ကားများနှင့် ချိတ်ဆက်ပေးရန် လိုအပ်ကြောင်း၊ ရထားလမ်း၊ ဘူတာရုံ၊ ကားလမ်းနှင့် ရေလမ်းတို့ကို ချိတ်ဆက်ဆောင်ရွက်သွားမည်ဆိုလျှင် ပိုမိုလျင်မြန်ချောမွေ့သော သယ်ယူပို့ဆောင်မှုကဏ္ဍ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း။

**ကြိုးပမ်းဆောင်ရွက်**

ထို့ကြောင့် ပုဇွန်တောင်ဇရိယာကို လေ့လာမှုများ ပြုလုပ်နေကြောင်း၊ ပုဇွန်တောင် ဇရိယာသည် ပုဇွန်တောင်ဈေးရှိပြီး ငမိုးရိပ်ချောင်းရှိသလို ကားလမ်းလည်းရှိကြောင်း၊ ထို့အတူ ရထားလမ်း၊ ဘူတာရုံတို့အပြင် ကားလမ်းလည်းရှိခြင်းကြောင့် ကား၊ ရထား၊ ရေလမ်းတို့ချိတ်ဆွဲနိုင်သည့် နေရာဖြစ်ကြောင်း၊ ထို့အတူ ကြည့်မြင်တိုင်တွင်လည်း အလားတူအခြေအနေမျိုးနှင့် ပြည့်စုံကြောင်း၊ ယင်းတို့ကဲ့သို့သောနေရာများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ဝန်ကြီးချုပ်က ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ရှင်းလင်းတင်ပြသော Yangon Project Bank အား ရန်ကုန်မြို့၏ Road Map ဟုလည်းခေါ်ဆိုနိုင်ပြီး ယင်းသည် အနာဂတ်ရန်ကုန်မြို့ဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ရာတွင် ၂၀၂၀ ပြည့်နှစ်အထိ လုပ်ဆောင်ရမည့်စီမံကိန်းများ၊ ၂၀၂၀ မှ ၂၀၃၀ အထိ လုပ်ဆောင်ရမည့်စီမံကိန်းများ၊ ၂၀၃၀ မှ ၂၀၄၀ အထိ လုပ်ဆောင်ရမည့် စီမံကိန်းများပါဝင်ပြီး ရေတိုရေရှည် ဆောင်ရွက်ရမည့် စီမံကိန်းများဖြစ်ကြောင်း၊ စီမံကိန်းများ ဆောင်ရွက်ရသည့် ရည်ရွယ်ချက်မှာ အနာဂတ်ကာလတွင် ရန်ကုန်မြို့နေပြည်သူများ အဆင့်အတန်းမီသည့် ခေတ်မီမြို့တော်ကြီးတွင် နေထိုင်နိုင်ရေးပင်ဖြစ်ကြောင်း သိရသည်။

**ကိုထက်**

---

**❖ ဆီးဂိမ်းမှ**

မြန်မာ ယူ-၂၂ အသင်းသည် နိုင်ငံတကာခြေစမ်းပွဲများ ယှဉ်ပြိုင်ရန် မေ ၂၁ ရက်က စတင်လေ့ကျင့်ခဲ့ပြီး ပထမဆုံးခြေစမ်းပွဲအဖြစ် မေ ၃၀ ရက်က တောင်ကိုရီးယားကလပ် ပိုဟန်စတီးလားစ်အသင်းနှင့် ယှဉ်ပြိုင်ကစားရာ သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ မြန်မာ ယူ-၂၂ အသင်းသည် ဗီယက်နမ်အသင်းနှင့် ခြေစမ်းပွဲယှဉ်ပြိုင်ကစားရန် ဇွန် ၅ ရက်တွင် ထွက်ခွာမည်ဖြစ်ပြီး ခြေစမ်းပွဲမတိုင်မီ လေ့ကျင့်မှုများ ပြင်းပြင်းထန်ထန်ပြုလုပ်လျက်ရှိသည်။ ပဏာမ မြန်မာ ယူ-၂၂ အသင်းတွင် အုပ်ချုပ်သူ-ဦးသန်းတိုးအောင်၊ နည်းပြချုပ်- ပိုပေ့ဗ်၊ လက်ထောက်နည်းပြ-ဦးချစ်နိုင်၊ ဦးဇော်ဝင်းထွန်း၊ ဂိုးနည်းပြ- ဦးအောင်ကျော်ကျော်၊ **ဂိုးသမား-** ဆန်းဆက်နိုင်(ရန်ကုန်)၊ ဘုန်းသစ္စာမင်း(ရှမ်းယူနိုက်တက်)၊ စိုးအာကာ (မကွေး)၊ **နောက်တန်း-** ကျော်သူထွန်း(မကွေး)၊ ရဲရင့်အောင် (ရတနာပုံ)၊ ရဲမင်းသူ၊ ဟိန်းဖြိုးဝင်း၊ ဇွဲထက်မင်း (ရှမ်းယူနိုက်တက်)၊ သူရိန်စိုး( ရန်ကုန်)၊ ဇင်ရဲနောင် (အား/ကာသိပ္ပံ)၊ **အလယ်တန်း-** လွင်မိုးအောင်၊ နန်းထိုက်ဇော် (ဧရာဝတီ)၊ မြတ်ကောင်းခန့်၊ အောင်နိုင်ဝင်း (ရတနာပုံ)၊ ကျော်မျိုးနိုင်(အား/ကာသိပ္ပံ)၊ ကောင်းထက်စိုး (ရန်ကုန်)၊ စိုးလွင်လွင်၊ နေမိုးနိုင်၊ ဇင်မင်းထွန်း (မကွေး)၊ **ရှေ့တန်း-** ဟိန်းထက်အောင် (ဟံသာဝတီ)၊ ဝင်းနိုင်ထွန်း (ရတနာပုံ)၊ ထက်ဖြိုးဝေ၊ စအောင်ပြည့်ကို (ရှမ်းယူနိုက်တက်)နှင့် အောင်ကောင်းမာန်(ဧရာဝတီ)တို့ပါဝင်ကြသည်။

ဗီယက်နမ်ဘောလုံးအဖွဲ့ချုပ်သည် ယင်းခြေစမ်းပွဲအတွက် ကြိုတင်လက်မှတ်များ ရောင်းချလျက်ရှိပြီး ဗီယက်နမ်ပရိသတ်များ စိတ်ဝင်စားမှုမြင့်တက်လျက်ရှိသည်။ ဆီးဂိမ်းအကြိုအားပြိုင်မည့် ဗီယက်နမ်နှင့် မြန်မာအသင်းတို့၏ ခြေစမ်းပွဲမှာလည်း ပွဲကောင်းတစ်ပွဲ ဖြစ်လာနိုင်ပေသည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-ဘုန်းသော်**

---

**○ ကျောဖုံးမှ**

"အများသုံးအမည် (Rakhine Forest Turtle)၊ သိပ္ပံအမည် (Heosemys Depressa)လို့ခေါ်တဲ့ ရခိုင်တောင်လိပ်မျိုးစိတ်ကို ရခိုင်ပြည်နယ် ဂွမြို့နယ်မှာရှိတဲ့ ရခိုင်ရိုးမဆင်ဘေးမဲ့တောအုပ်ချုပ်ရေးမှူးရုံးဝင်းခြံထဲမှာ ခြံလှောင်ထိန်းသိမ်းစောင့်ရှောက် မွေးမြူထားပါတယ်"ဟု သားငှက်ထိန်းသိမ်းရေးအဖွဲ့ (WCS-Myanmar)၏ လိပ်မျိုးဆက်ရှင်သန်ရေးအဖွဲ့မှ သုတေသနအရာရှိ ဦးထွန်းသူက ပြောသည်။



ရခိုင်တောင် လိပ်မျိုးစိတ်ကို အပြည်ပြည်ဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့က မျိုးသုဉ်းလုနီးပါး အန္တရာယ်ရှိသောမျိုးစိတ်အဖြစ် သတ်မှတ်ထားပြီး မြန်မာနိုင်ငံအနေဖြင့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေ(၁၉၉၄)နှင့် ငါးလုပ်ငန်းဥပဒေ(၁၉၉၃)အရ ကာကွယ်ထားကြောင်း၊ ယခုခြံလှောင် ထိန်းသိမ်းစောင့်ရှောက် မွေးမြူထားသည့် ရခိုင်တောင် လိပ်မျိုးစိတ်မှာ ကောင်ရေ ၅၀ ခန့် ဖြစ်ကြောင်း သိရသည်။

**ပိန်းဇလုပ်သိန်းညွှန့်**





# စီးပွားရေးအကြံဉာဏ်ပြိုင်ပွဲ ရန်ကုန်မြို့တွင် ကျင်းပမည်

**ရန်ကုန်  ဇွန်  ၄**
မြန်မာနိုင်ငံ၏ ပထမဆုံးနှင့် တစ်ခုတည်းသော စီးပွားရေးအကြံဉာဏ်ပြိုင်ပွဲ Startup Challenge 2019 အား ဇွန် ၂၉ ရက်မှ ဇူလိုင် ၇ ရက်အထိ ရန်ကုန်မြို့ပန်းဘဲတန်းမြို့နယ်ရှိ ဖန်တီးရာ Innovation Lab ၌ ကျင်းပမည်ဖြစ်ပြီး ၎င်းပြိုင်ပွဲနှင့်ပတ်သက်သည့် ရှင်းလင်းပွဲကို ယနေ့ မွန်းလွဲပိုင်းက အဆိုပါရုံး၌ ပြုလုပ်ခဲ့သည်။**(အပေါ်ပုံ)**

စီးပွားရေး အကြံဉာဏ်ပြိုင်ပွဲသည် အလားအလာအကောင်းဆုံး နည်းပညာဆိုင်ရာ စီးပွားရေးလုပ်ငန်းများအား ဦးဆောင်နိုင်မည့် စွမ်းရည်ပြည့်ဝသော စွန့်ဦးတီထွင်လုပ်ငန်းရှင်များကို စုစည်းယှဉ်ပြိုင်စေမည့် ကိုးရက်တာပြိုင်ပွဲဖြစ်ပြီး မြန်မာနိုင်ငံအတွင်း နည်းပညာလုပ်ငန်းများ တိုးတက်ပြန့်ပွားစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သူများအနေဖြင့် Tech for Cities(မြို့ပြအတွက် နည်းပညာ)၊ Tech for Women Safety(အမျိုးသမီးများ လုံခြုံရေးအတွက် နည်းပညာ)၊ Fintech(ငွေကြေးဆိုင်ရာ နည်းပညာ)နှင့် Tech for Farms(စိုက်ပျိုးမွေးမြူရေးဆိုင်ရာ နည်းပညာ) စသည့် ခေါင်းစဉ်လေးခုထဲမှ မိမိနှစ်သက်ရာခေါင်းစဉ်အောက်မှ ပါဝင်ယှဉ်ပြိုင်နိုင်မည်ဖြစ်ပြီး https://www.startupchallengemm.com တွင် ပြိုင်ပွဲဝင်လျှောက်လွှာများကို လျှောက်ထားနိုင်ကြောင်း သိရသည်။

ပြိုင်ပွဲ track အသီးသီးတွင် ဆုရရှိသည့် အသင်းများမှာ အမေရိကန်ဒေါ်လာ ၂၅၀၀ စီ၊ First Runner Up ဆုရရှိသည့်အသင်းများမှာ အမေရိကန်ဒေါ်လာ ၁၅၀၀ စီနှင့် အလားအလာအကောင်းဆုံး စီးပွားရေးလုပ်ငန်းဆုရရှိသူများမှာ အမေရိကန်ဒေါ်လာ ၁၀၀၀ စီ ရရှိမည်ဖြစ်သည်။ ထို့ပြင် အနိုင်ရရှိသည့် အသင်းများမှာ အမေရိကန်ဒေါ်လာ ၂၀၀၀ နှင့်ညီမျှသည့် AWS Credit နှင့် ဖန်တီးရာတွင် သုံးလတာ ရုံးခန်းနေရာ အခမဲ့ရရှိမည်ဖြစ်ပြီး ဖန်တီးရာ၏ Pre-Accelerator Program အား ဝင်ခွင့်ရရှိမည် ဖြစ်သည်။

ထိုပြိုင်ပွဲသည် စီးပွားရေးလုပ်ငန်း အကြံဉာဏ်များကို အကောင်အထည်ဖော်ရန်အတွက် ဆုကြေးငွေ အမေရိကန်ဒေါ်လာ ၂၀၀၀၀ ကျော်နှင့် လုပ်ငန်းများအား ဈေးကွက်မိတ်ဆက်နိုင်သည်အထိ ပံ့ပိုးကူညီမှုများပေးမည့် ပြိုင်ပွဲဖြစ်သည်။

ယင်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သူများအနေဖြင့် စီးပွားရေးလုပ်ငန်းကို လုပ်ကိုင်ရန်အတွက် လိုအပ်သော အရည်အသွေးများ၊ အသိပညာများကိုလည်း ရရှိနိုင်မည်ဖြစ်ပြီး ပြိုင်ပွဲဝင်နေစဉ်ကာလအတွင်း နယ်ပယ်အသီးသီးမှ ကျွမ်းကျင်စီးပွားရေးလုပ်ငန်းရှင်များ ဦးဆောင်သော ဆွေးနွေးပွဲများ၊ သင်တန်းများ၊ တစ်ဦးချင်းစီ တွေ့ဆုံအကြံပေးချက်များနှင့် လေ့ကျင့်ရေးအစီအစဉ်များလည်း ပါဝင်မည်ဖြစ်သည်။

အဆိုပါ ကိုးရက်တာကြာမြင့်မည့်ပြိုင်ပွဲကို ဖန်တီးရာ Accelerator က ၂၀၁၅ ခုနှစ်မှစတင်၍ ကြီးမှူးကျင်းပခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် တစ်နှစ်နားကာ ၂၀၁၇ နှင့် ၂၀၁၈ ခုနှစ်တို့အပါအဝင် ယခု ၂၀၁၉ ခုနှစ်သည် လေးကြိမ်မြောက် ကျင်းပသော ပြိုင်ပွဲဖြစ်သည်။

**သတင်းနှင့် ဓာတ်ပုံ- အေးမင်းသူ**

# သုံးစွဲရန်မသင့်သော အလှကုန်ပစ္စည်းများကို အများပြည်သူသိရှိရန် အသိပေးကြေညာချက်

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် အရည်အသွေး စစ်မှန်ကောင်းမွန်၍ ကျန်းမာရေးအတွက် ဘေးအန္တရာယ်ကင်းရှင်းသော အလှကုန်ပစ္စည်းများကို အများပြည်သူတို့သုံးစွဲနိုင်ရန် ကြီးကြပ်ကွပ်ကဲခြင်းကို ဆောင်ရွက်လျက်ရှိပါသည်။

၂။ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် ဈေးကွက်တွင်ရောင်းချနေသည့် အလှကုန်ပစ္စည်းများကို စစ်ဆေးခဲ့ရာ ပူးတွဲဖော်ပြပါ အလှကုန်ပစ္စည်း(၄)မျိုးသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၌ မှတ်တမ်းတင်ထားခြင်းမရှိသည့်အပြင် ကျန်းမာရေးအတွက် ဘေးအန္တရာယ်ဖြစ်စေနိုင်သော တားမြစ်ဓာတုပစ္စည်းများ ပါဝင်နေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အများပြည်သူလူထု သုံးစွဲရန် မသင့်တော်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

| စဉ် | အလှကုန်ပစ္စည်းအမည် | ထုတ်လုပ်သည့်ကုမ္ပဏီ | တွေ့ရှိချက် | ပစ္စည်းနမူနာ |
|---|---|---|---|---|
| ၁။ | Romantic May Matte Lipstick | ဖော်ပြထားခြင်းမရှိ | Rhodamine B(+) |  |
| ၂။ | Seduce Hanbeili Natural Lipstick 04 | ဖော်ပြထားခြင်းမရှိ | Rhodamine B(+) |  |
| ၃။ | Romantic May Lipstick New Color Waterproof | ဖော်ပြထားခြင်းမရှိ | Rhodamine B(+) |  |
| ၄။ | TAILAIMEI Black Rose Lipstick | Shantou City Tailaimei Cosmetics Ind Co., Ltd, China. | Rhodamine B(+) |  |

၃။ Rhodamine B အရောင်ဆိုးဆေးသည် အဝတ်အထည်များ အရောင်ဆိုးရာတွင် အသုံးပြုသော ဓာတုပစ္စည်းဖြစ်၍ ရေရှည်သုံးစွဲပါက နှုတ်ခမ်းကင်ဆာ၊ အစာအိမ်အူလမ်းကြောင်းကင်ဆာနှင့် ကျောက်ကပ်ရောဂါများ ဖြစ်ပွားနိုင်ပါသည်။

၄။ အလှကုန်ပစ္စည်း တင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချသည့် ကုမ္ပဏီနှင့် လက်လီလက်ကားဆိုင်များသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် မှတ်တမ်းတင်ထားခြင်းမရှိသော အများပြည်သူသုံးစွဲရန် မသင့်ကြောင်း ကြေညာထားသည့် အလှကုန်ပစ္စည်းများ တင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချခြင်းများကို ကျင့်ဝတ်(Ethic)အရ လုံးဝ မပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဥပဒေပုဒ်မ ၃၊ အပိုဒ်(၃)(ဃ)အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# ဂျပန်နှမ်းဖြူများ ဆယ်စုနှစ်အတွင်း အမြင့်ဆုံးဈေးနှုန်းဖြင့် မန္တလေးဈေးကွက်သို့ စတင်ဝင်ရောက်

**မန္တလေး  ဇွန်  ၄**
မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်၊ သဲတော၊ ဝမ်းတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူ၊ မြောင်မြို့နယ်တို့မှ မေလကုန်ပိုင်းတွင် ပေါ်ဦးပေါ်ဖျားထွက်ရှိလာသည့် ဂျပန်နှမ်းဖြူများ မန္တလေးဈေးကွက်သို့ ဆယ်စုနှစ်အတွင်း စံချိန်တင်အမြင့်ဆုံးဈေးနှုန်းဖြင့် အဖွင့်ဈေးကောင်းကာ ဝင်ရောက်လာကြောင်း မန္တလေးမြို့ရှိ နှမ်းကုန်သည်များထံမှ သိရသည်။

လက်ရှိတွင် မန္တလေးဈေးကွက်၌ ဂျပန်နှမ်းဖြူမှာ သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၁၈၅၀၀၀ နှုန်း အမြင့်ဆုံးဈေးဖြင့် အဖွင့်ဈေးကောင်းစွာ ဝင်ရောက်လာပြီး ယမန်နှစ် ယခုလိုရာသီတွင် ကျပ် ၁၄၃၀၀၀ နှုန်းအထိသာရရှိခဲ့ကာ လွန်ခဲ့သောသုံးနှစ်က ယခုလိုရာသီအချိန်၌ ကျပ် ၁၅၀၀၀၀ နှုန်းအထိ အမြင့်ဆုံးဈေးရောက်ရှိခဲ့ကြောင်း မန္တလေးမြို့မှ ဦးစိုးဝင်းမြင့်(စိုးဝင်းမြင့်ပွဲရုံ)က ပြောသည်။

"ဒီနှစ်မှာတော့ ဂျပန်နှမ်းဖြူရဲ့ဈေးကွက်က မကြုံစဖူး စံချိန်တင်ဈေးနှုန်းအထိ ရောက်ရှိလာခဲ့တယ်။ လက်ကျန်ကလည်း လုံးဝမရှိတဲ့အပြင် တရုတ်နိုင်ငံရဲ့ဝယ်လိုအားကလည်း တောင်းဆိုမှုများပြားတဲ့အတွက် အခုလိုဈေးတွေ ထိုးတက်လာခဲ့တာပါ။ မြန်မာပြည်ရဲ့ ဈေးကွက်အရဆိုရင်တော့ လက်ရှိမှာလည်း နှမ်းဆီကို ပြည်တွင်းစားသုံးမှု နည်းပါးနေတယ်။ တရုတ်နိုင်ငံက နှမ်းကိုစားသုံးမှုအပြင် နည်းပညာအသုံးပြုပြီး အလှကုန်တွေနဲ့ ဆေးဝါးဖော်စပ်တဲ့နေရာတွေမှာ ထည့်သွင်းသုံးစွဲနေတယ်လို့ ကြားသိရပါတယ်" ဟု ၎င်းက ပြောသည်။

လက်ရှိ မန္တလေးဈေးကွက်တွင် ဂျပန်နှမ်းဖြူအပြင် ရိုးရိုးနှမ်းဖြူမှာလည်း သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၁၇၈၀၀၀၊ နှမ်းနက်မှာ ကျပ် ၂၆၀၀၀၀၊ နှမ်းညိုမှာ ကျပ် ၁၆၅၀၀၀ နှုန်းဖြင့် အရောင်းအဝယ်မှာ သွက်လက်မြန်ဆန်လျက်ရှိပြီး မြန်မာပြည်၏ နှမ်းထွက်နှုန်း ၉၀ ရာခိုင်နှုန်းမှာ တရုတ်နိုင်ငံသို့ အဓိကတင်ပို့ရောင်းချနေရကြောင်း ၎င်းက ဆက်လက်ပြောသည်။

နှမ်းသီးနှံကို သီးထပ်အဖြစ် ရာသီမရွေးစိုက်ပျိုးနိုင်ပြီး စိုက်ပျိုးပြီး ရက် ၁၀၀ အတွင်း ပေါ်ထွက်လေ့ရှိသော သီးနှံဖြစ်သည့်အပြင် ရောင်းချရာတွင်လည်း အခက်အခဲမရှိသော မြန်မာ့ထွက်ကုန်တစ်ခုဖြစ်ကြောင်းနှင့် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် အဓိကစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**အောင်ဖြိုးကျော်**



# ဗင်နီဇွဲလားနိုင်ငံအတွင်း တရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုးပမ်းလျက်ရှိ



**ကာရာကတ်စ် ဇွန် ၄**

ဗင်နီဇွဲလားအတိုက်အခံခေါင်းဆောင် ဂျူအန် ဂွါအီဒိုအား ထောက်ခံသည့် နိုင်ငံများနှင့် သမ္မတ မာဒူရိုအား ထောက်ခံသည့် နိုင်ငံများက ဗင်နီဇွဲလားပဋိပက္ခကို အကောင်းဆုံးဖြေရှင်းနိုင်ရန် တရားမျှတသည့် ရွေးကောက်ပွဲတစ်ရပ် ကျင်းပရေးကို သဘောတူညီခဲ့ကြကြောင်း ယနေ့ အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

ဗင်နီဇွဲလားနိုင်ငံအတွင်း သမ္မတ နီကိုလပ်စ် မာဒူရိုနှင့် အတိုက်အခံခေါင်းဆောင် ဂွါအီဒိုတို့အကြား ထိပ်တိုက်ရင်ဆိုင်ခြင်းများ ဆက်လက်ဖြစ်ပေါ်လျက်ရှိပြီး အခြေအနေများလည်း တစ်နေ့တခြား ပိုမိုဆိုးရွားလာလျက်ရှိကြောင်း သိရသည်။

သမ္မတ နီကိုလပ်စ် မာဒူရိုအား ရုရှားနှင့် တရုတ်တို့က ထောက်ခံပေးပြီး အတိုက်အခံ ခေါင်းဆောင် ဂွါအီဒိုအား အမေရိကန်နိုင်ငံက ထောက်ခံပေးလျက်ရှိသည်။

**အလေးပေးဆွေးနွေး**

ဇွန် ၃ ရက်တွင် နယူးယောက်မြို့ရှိ ကုလသမဂ္ဂရုံးချုပ်၌ အတိုက်အခံခေါင်းဆောင် ဂွါအီဒိုအား ထောက်ခံအားပေးလျက်ရှိသည့် ကနေဒါ၊ ချီလီနှင့် ပီရူးနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများက ပေါ်တူဂီနှင့် ဥရုဂွေးနိုင်ငံခြားရေးဝန်ကြီးများအပါအဝင် ဥရောပသမဂ္ဂမှ အဆင့်မြင့်ကိုယ်စားလှယ်တစ်ဦးနှင့်တွေ့ဆုံကာ ဗင်နီဇွဲလားအရေးနှင့် ပတ်သက်ပြီး အလေးပေးဆွေးနွေးခဲ့ကြသည်။

ပီရူးနိုင်ငံခြားရေးဝန်ကြီး နီစတာ ပိုပိုလီဇီအိုက အဆိုပါအစည်းအဝေး၌ လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲတစ်ရပ် ကျင်းပစေရန်ပြောကြားခဲ့သည်။

အလားတူ သမ္မတ မာဒူရိုက လာမည့်ရွေးကောက်ပွဲအတွင်း မည်သည့်အစီအစဉ်မျှ ရေးဆွဲထားခြင်းမရှိကြောင်းနှင့် လွန်ခဲ့သောနှစ်က ရွေးကောက်ပွဲတွင် ၎င်းအနိုင်ရရှိခဲ့ကြောင်းကို ပြောကြားခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# အက်စ်-၄၀၀ ဒုံးကျည်ကာကွယ်ရေးစနစ် ဝယ်ယူရေးသဘောတူညီချက် ဖျက်သိမ်းမည်မဟုတ်ဟု တူရကီသမ္မတ အာဒိုဂန်ပြောကြား



**အင်ကာရာ ဇွန် ၄**

အကြီးအကျယ်ပျက်စီးမည့် အကျိုးဆက်နှင့် ရင်ဆိုင်ရမည်ဟု အမေရိကန်ပြည်ထောင်စု၏ခြိမ်းခြောက်မှုရှိနေသော်လည်း ရုရှားနိုင်ငံနှင့် သဘောတူညီမှုရှိထားသည့် အက်စ်-၄၀၀ အမျိုးအစား လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်အား ဝယ်ယူရေးကို ဖျက်သိမ်းမည်မဟုတ်ကြောင်း တူရကီသမ္မတ ရီဆက်တေရစ်အာဒိုဂန်က ဇွန် ၄ ရက်တွင် ပြောကြားသည်။

တူရကီနိုင်ငံအနေဖြင့် အက်စ်-၄၀၀ အမျိုးအစားဒုံးကျည်စနစ်အား ဝယ်ယူရန် ဆန္ဒရှိနေမှုသည် နေတိုးမဟာမိတ် တူရကီနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုအကြားတွင် အချေအတင်ငြင်းခုံမှုများဖြစ်ပွားစေသည့် ရင်းမြစ်တစ်ခုဖြစ်သည်။ ယင်းဒုံးကျည်စနစ် ဝယ်ယူသည့်ကိစ္စနှင့်ပတ်သက်၍ တူရကီနိုင်ငံအား ဒဏ်ခတ်ပိတ်ဆို့မှုများ ချမှတ်မည်ဟု အမေရိကန်ပြည်ထောင်စုက လအတန်ကြာကပင် သတိပေးခဲ့သည်။

မိမိတို့အနေဖြင့် ရုရှားနိုင်ငံနှင့် သဘောတူညီမှုပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း၊ မိမိတို့ဆုံးဖြတ်ချက်ချခဲ့ပြီးဖြစ်ကြောင်း တူရကီသမ္မတ အာဒိုဂန်၏ပြောကြားမှုကို တရားဝင်သတင်းဌာန အန်နာဒိုလူစ်က ကောက်နုတ်ဖော်ပြသည်။

အစ္စတန်ဘူမြို့ရှိ ဗလီတစ်ခုတွင် ဝတ်ပြုဆုတောင်းအပြီး၌ တူရကီသမ္မတအာဒိုဂန်က သတင်းထောက်များအား သဘောတူညီချက်မှ နောက်ကြောင်းပြန်သွားလိမ့်မည်မဟုတ်ဟု ပြောကြားခဲ့သည်။

တူရကီနိုင်ငံအနေဖြင့် ရုရှားနိုင်ငံမှ အက်စ်-၄၀၀ အမျိုးအစား ဒုံးကျည်စနစ်ဝယ်ယူရေးအစီအစဉ်ကို ဦးတည်လုပ်ဆောင်နေမည်ဆိုပါက တူရကီနိုင်ငံက အက်ဖ်-၃၅ ဂျက်တိုက်လေယာဉ်ထုတ်လုပ်မှု စီမံကိန်း၌ ပါဝင်နေမှုနှင့် နေတိုးအဖွဲ့နှင့်ပူးပေါင်းဆောင်ရွက်မှုများ၌ အကြီးအကျယ်ပျက်စီးမည့် အကျိုးဆက်နှင့် ကြုံရလိမ့်မည်ဟု အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနမှ အထက်တန်းတာဝန်ရှိသူတစ်ဦးက လွန်ခဲ့သည့်ရက်သတ္တပတ်တွင် ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

# ဆူဒန်နိုင်ငံတွင် ကိုးလအတွင်း ရွေးကောက်ပွဲကျင်းပမည်

**ခါတွမ် ဇွန် ၄**

ဆူဒန်နိုင်ငံအတွင်း ကာကွယ်ရေးကောင်စီက လာမည့်ကိုးလအတွင်း တရားမျှတသော ရွေးကောက်ပွဲတစ်ရပ် ကျင်းပရန် ကြေညာခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါကြေညာချက်သည် မြို့တော် ခါတွမ်၌ ဒီမိုကရေစီလိုလားသော ဆန္ဒထုတ်ဖော်သူများနှင့် လုံခြုံရေးအဖွဲ့တို့အကြား ပဋိပက္ခဖြစ်ပွားမှုများတွင် ဆန္ဒထုတ်ဖော်သူ ၃၅ ဦးကျော် သေဆုံးခဲ့ပြီးနောက် ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

ကာကွယ်ရေးကောင်စီသည် သမ္မတ အိုမာအယ်ဘာရှားအား ရာထူးမှ ဖယ်ရှားခဲ့ပြီးနောက် နိုင်ငံ၏အခွင့်အာဏာကို ကာကွယ်စောင့်ရှောက်လျက်ရှိသည်။ ကနဦးတွင် ကာကွယ်ရေးကောင်စီနှင့် အတိုက်အခံအဖွဲ့တို့အကြား ဒီမိုကရေစီစနစ်ကူးပြောင်းခြင်းလုပ်ငန်းစဉ်တစ်ရပ်ကို ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရန် ကြိုးပမ်းခဲ့ကြသည်။ သို့သော် နှစ်ဖက်ဆွေးနွေးပွဲများ ရလဒ်ထွက်ပေါ်မှု မရှိခဲ့ပေ။

အရပ်သားအစိုးရအဖွဲ့သို့ အာဏာလွှဲပြောင်းမည်ဟု ကနဦးသဘောတူညီခဲ့ကြသော်လည်း ကာကွယ်ရေးအဖွဲ့နှင့် အရပ်သားအဖွဲ့တို့အနက် မည်သူ့အား အကြီးအကဲရာထူးတာဝန်ကို ပေးအပ်မလဲဆိုသည်နှင့်ပတ်သက်ပြီး နှစ်ဖက်သဘောတူညီမှုမရရှိခဲ့ကြောင်း သိရသည်။ ကာကွယ်ရေးကောင်စီအား ဖိအားပေးမှုတစ်ရပ်အနေဖြင့် ထောင်နှင့်ချီသော ဒီမိုကရေစီလိုလားဆန္ဒထုတ်ဖော်သူများသည် မြို့တော်ခါတွမ်ရှိ ကာကွယ်ရေးရုံးချုပ်ရှေ့၌ ဆန္ဒထုတ်ဖော်မှုများ ဆက်လက်လုပ်ဆောင်လျက်ရှိသည်။

ဇွန် ၃ ရက်တွင် လုံခြုံရေးတပ်ဖွဲ့များက ဆန္ဒထုတ်ဖော်ပြည်သူများအား လူစုခွဲဖယ်ရှားရာ အဓိကရုဏ်းဖြစ်ပွားခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**




# အက်ဖ်-၃၅ တိုက်လေယာဉ် ရှာဖွေမှု အဆုံးသတ်

**တိုကျို ဇွန် ၄**

လွန်ခဲ့သည့် နှစ်လအကြာက ဂျပန်နိုင်ငံမြောက်ပိုင်း ကမ်းလွန်ပင်လယ်ပြင်တွင် ပျက်ကျခဲ့ပြီး ပျောက်ဆုံးသွားခဲ့သည့် အက်ဖ်-၃၅ အမျိုးအစား ဂျက်တိုက်လေယာဉ်အား ကာကွယ်ရေးဝန်ကြီးဌာနမှ လုပ်ဆောင်နေသည့် ရှာဖွေမှုလုပ်ငန်းများကို ရပ်ဆိုင်းလိုက်ပြီဖြစ်ကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီး တာကဲရှိ အိုင်ဝါယာ့က ဇွန် ၄ ရက်တွင် ပြောကြားသည်။

**ပျက်ကျခဲ့**

ရေဒါရှောင်ကွင်းနိုင်သည့် အက်ဖ်-၃၅ ဂျက်တိုက်လေယာဉ်များကို အမေရိကန်ပြည်ထောင်စုက ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။ ၎င်းဂျက်တိုက်လေယာဉ်သည် ဧပြီ ၉ ရက်က အိုမိုရီပြည်နယ်တွင် ပင်လယ်ပြင်အတွင်းသို့ ပျက်ကျခဲ့ခြင်းဖြစ်သည်။ လေယာဉ်အင်ဂျင်၏ အစိတ်အပိုင်းတစ်ခုနှင့် အမိကတောင်ပံ၏ အစိတ်အပိုင်းတို့ကို မကြာသေးမီက ရှာဖွေတွေ့ရှိခဲ့သည်။ ယင်းလေယာဉ်၏ ပျံသန်းမှု မှတ်တမ်းတင်ကိရိယာများ ရှာဖွေတွေ့ရှိခြင်း မရှိသေးပေ။

**ပြောကြား**

အဆိုပါ လေယာဉ်အား ရှာဖွေရေးလုပ်ငန်းများကို ဇွန် ၃ ရက်က ရပ်ဆိုင်းလိုက်ပြီဟု ဂျပန်ကာကွယ်ရေးဝန်ကြီးက ယနေ့တွင် သတင်းထောက်များအား ပြောကြားခဲ့သည်။ ယင်းလေယာဉ်ပျက်၏ အပျက်အစီး အစိတ်အပိုင်းများအား ရှာဖွေတွေ့ရှိနိုင်ခြေနည်းပါးသည်ဟု တာဝန်ရှိသူများက ယုံကြည်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**အကြောင်းရင်း ရှာဖွေ**

ဂျပန်နိုင်ငံတွင် ကျန်ရှိနေသည့် အက်ဖ်- ၃၅ ဂျက်တိုက်လေယာဉ် ၁၂ စင်း အုပ်စုပြန်လည်ပျံသန်းနိုင်မည်လားဆိုသည့်အပေါ်တွင် ဂျပန်ကာကွယ်ရေးဝန်ကြီးက ပြောကြားရာ၌ လေယာဉ်ပျက်ကျမှု၏ အကြောင်းရင်းကို ရှာဖွေပြီး လိုအပ်သော လုပ်ငန်းစဉ်များ လုပ်ဆောင်ကာ ယင်းအမျိုးအစား တိုက်လေယာဉ်များအတွက် ဘေးကင်းလုံခြုံမှုကို အာမခံနိုင်ပါက အဆိုပါလေယာဉ်များ ပျံသန်းမှုစတင်နိုင်မည်ဟု မျှော်လင့်ကြောင်း ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ဂျပန်-အမေရိကန် မဟာမိတ်ပြုမှုတိုးမြှင့်ရန် ရှင်ဇိုအာဘေးနှင့် ရှာနာဟန် သဘောတူ

**တိုကျို ဇွန် ၄**

နှစ်နိုင်ငံအကြား လုံခြုံရေးဆိုင်ရာ မဟာမိတ်ပြုမှုတိုးမြှင့်ရန်နှင့် အင်ဒို-ပစိဖိတ်ဒေသတစ်လျှောက် တည်ငြိမ်မှုမြှင့်တင်ရန် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက အမေရိကန် ခေတ္တကာကွယ်ရေးဝန်ကြီး ပတ်ထရက်ရှာနာဟန်နှင့် သဘောတူခဲ့သည်။

ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် မိမိတို့ မျှော်လင့်ပါကြောင်း တိုကျိုမြို့တော်၌ကျင်းပသည့် အစည်းအဝေး၌ ရှင်ဇိုအာဘေးက ပြောကြားခဲ့သည်။ ၁၉၇၀ ပြည့်နှစ်များနှင့် ၁၉၈၀ ပြည့်နှစ်များအတွင်း မြောက်ကိုရီးယားနိုင်ငံက ပြန်ပေးဆွဲခဲ့သည့် ဂျပန်နိုင်ငံသားများအရေး ဖြေရှင်းရာတွင် ပံ့ပိုးကူညီရန် အမေရိကန်ပြည်ထောင်စုက သန္နိဋ္ဌာန်ချထားဆဲဖြစ်ကြောင်း ရှာနာဟန်က ပြောကြားခဲ့သည်။ ဂျပန်နိုင်ငံသို့လာရောက်သည့် ရှာနာဟန်၏ခရီးစဉ်မှာ စင်ကာပူတွင် ကျင်းပသော ဒေသဆိုင်ရာ လုံခြုံရေးအစည်းအဝေး တက်ရောက်ပြီးနောက် ဖြစ်ပေါ်လာခြင်းဖြစ်သည်။

ရှာနာဟန်သည် ယင်းအစည်းအဝေးတွင် ဂျပန်နှင့် တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီးများနှင့် တွေ့ဆုံကာ နျူကလီးယားလက်နက်ဖျက်သိမ်းရေး မြောက်ကိုရီးယားနိုင်ငံကို တိုက်တွန်းရန် သဘောတူခဲ့သည်။

ဂျပန်နှင့် အမေရိကန်ပြည်ထောင်စုတို့မှာ မြောက်ကိုရီးယားနိုင်ငံ၏ ဒုံးကျည်စမ်းသပ်မှုများနှင့် ပတ်သက်၍ သဘောထားကွဲလွဲခဲ့သည်။ ရှာနာဟန်သည် ဂျပန်ကာကွယ်ရေးဝန်ကြီး တာကဲရှိအိုင်ဝါယာနှင့်လည်း တွေ့ဆုံခဲ့ပြီး မြောက်ကိုရီးယားအရေးကို ဆွေးနွေးခဲ့ဖွယ်ရှိကြောင်း ဂျပန်တာဝန်ရှိသူများက ပြောကြားသည်။

သမ္မတ ဒေါ်နယ်ထရမ့်က ရှာနာဟန်ကို ကာကွယ်ရေးဝန်ကြီးအဖြစ် ခန့်အပ်ရန်ရည်ရွယ်သော်လည်း အမေရိကန်အထက်လွှတ်တော်၏ အတည်ပြုချက်မရသေးကြောင်း အိမ်ဖြူတော်က ပြောကြားခဲ့သည်။

**ကိုးကား-ကျိုဒို**

**ဘာသာပြန်-ကျော်ထိုက်စိုး**





# သြစတြေးလျ၌ သေနတ်သမား၏ လက်ချက်ဖြင့် လူလေးဦးသေဆုံး၊ တစ်ဦးဒဏ်ရာရ

**ဆစ်ဒနီ ဇွန် ၄**

သြစတြေးလျနိုင်ငံ၏ မြောက်ဘက် ဒါဝင်မြို့တွင် ဇွန် ၄ ရက် ညနေပိုင်းက သေနတ်သမားတစ်ဦး ပစ်ခတ်တိုက်ခိုက်မှုများပြုခဲ့ရာ လူလေးဦး သေဆုံးပြီး တစ်ဦးဒဏ်ရာ ရရှိခဲ့ကြောင်း အာဏာပိုင်များက ပြောကြား သည်။

အသက် ၄၅ နှစ်အရွယ် သေနတ်သမားကို ရဲတပ်ဖွဲ့က ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။ သို့သော် အဆိုပါ ပစ်ခတ်မှုသည် အကြမ်းဖက်မှုနှင့် ပတ်သက်မှုမရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

သြစတြေးလျနိုင်ငံ ဝန်ကြီးချုပ် မီခေးလ်ဂန်နာက ဇွန် ၄ ရက်သည် မြောက်ဘက်ဒေသအတွက် ကြေကွဲဖွယ် နေ့တစ်နေ့ပင်ဖြစ်ကြောင်း၊ နေရာငါးခုတွင် ပစ်ခတ်မှုများဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ယင်းပစ်ခတ်မှုများတွင် လူလေးဦး သေဆုံးကာ တစ်ဦးဒဏ်ရာ ရရှိခဲ့ကြောင်း သတင်းထောက်များအား ပြောကြားသည်။

သေနတ်သမားသည် ပစ်ခတ်မှုပြုလုပ်ခဲ့ပြီးနောက် ထွက်ပြေးတိမ်းရှောင်ခဲ့သော်လည်း တစ်နာရီအတွင်းမှာပင် ဖမ်းဆီးခြင်းခံခဲ့ရသည်။ အဆိုပါ သေနတ်သမားသည် ပြီးခဲ့သည့် ဇန်နဝါရီလက အကျဉ်းထောင်တစ်ခုမှ လွတ်မြောက်လာသူတစ်ဦးဖြစ်ပြီး သူ၏ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် သေဆုံးသူများမှာ အမျိုးသားများဖြစ်ကြပြီး ဒဏ်ရာရရှိသူတစ်ဦးမှာ အမျိုးသမီးဖြစ်ကြောင်း သိရသည်။

ယင်းပစ်ခတ်မှုနှင့် ပတ်သက်၍ လန်ဒန်မြို့သို့ ရောက်ရှိနေသော သြစတြေးလျဝန်ကြီးချုပ် စကော့သ်မိုရီဆန်က အလွန်ဆိုးရွားသော လုပ်ရပ်အဖြစ် ပြစ်တင်ရှုတ်ချခဲ့ပြီး မြောက်ဘက်ဒေသရှိ ပြည်သူအားလုံး၊ အထူးသဖြင့် ဒါဝင် မြို့သူမြို့သားများနှင့် ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါကြောင်း လန်ဒန်မြို့ရှိ သတင်းထောက်များအား ပြောကြားခဲ့ကြောင်း သိရသည်။

**ကိုးကား-အေအက်ဖ်ပီ**

**ဘာသာပြန်-ဂျေတီဘွေကီး**

# အမေရိကန်သို့ ခရီးသွားသည့် တရုတ် ကမ္ဘာလှည့်ခရီးသည်များအတွက် သတိပေးချက် တရုတ်ထုတ်ပြန်

**ပေကျင်း ဇွန် ၄**

တရုတ် ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနသည် အမေရိကန်ပြည်ထောင်စုသို့ သွားရောက်လည်ပတ်သည့် တရုတ်ကမ္ဘာလှည့်ခရီးသည်များအတွက် ဇွန် ၄ ရက်တွင် ခရီးသွားသတိပေးချက်တစ်ရပ် ထုတ်ပြန်လိုက်သည်။

အမေရိကန်ပြည်ထောင်စုတွင် မကြာခဏဖြစ်ပွားလျက်ရှိသည့် သေနတ်ပစ်ခတ်မှုများ၊ လုယက်မှုများ၊ ခိုးယူမှုများနှင့် ပတ်သက်၍ တရုတ်ကမ္ဘာလှည့်ခရီးသည်များ အနေဖြင့် အန္တရာယ်များကို အပြည့်အဝ ချင့်ချိန်တတ်ရန် ရည်ရွယ်ချက်ဖြင့် တရုတ်ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနက ယခုကဲ့သို့ သတိပေးခဲ့ခြင်းဖြစ်ကြောင်း ဝန်ကြီးဌာနက ပြောကြားသည်။

တရုတ် ကမ္ဘာလှည့်ခရီးသည်များအနေဖြင့် ၎င်းတို့၏ ခရီးတစ်ထောက်ရပ်နားရာ နေရာများတွင် လုံခြုံစွာ တည်းခိုနေထိုင်နိုင်ရေးအတွက် သက်ဆိုင်ရာဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများ၊ လူထုလုံခြုံရေးဆိုင်ရာ အခြေအနေများနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို နီးနီးကြားကြား လေ့လာသင်ယူထားရန် ဝန်ကြီးဌာနက တရုတ် ကမ္ဘာလှည့်ခရီးသည်များကို တိုက်တွန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ခရီးသွားသတိပေးချက်သည် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလအထိ အကျုံးဝင်မည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-ဂျေတီ**




# မြေပုံမြို့နယ် ရန်ကုန်-စစ်တွေသွားကားလမ်း၌ AA အဖွဲ့ထောင်ထားသည့် မိုင်း ခုနစ်လုံး ပေါက်ကွဲမှုဖြစ်ပွား

**နေပြည်တော် ဇွန် ၄**
ရခိုင်ပြည်နယ် မြေပုံမြို့နယ် ရန်ကုန်-စစ်တွေသွားကားလမ်း မိုင်တိုင်အမှတ်(၆၉/၄) ကျားခြံတောင်တံတားအနီးနှင့် မိုင်တိုင်အမှတ်(၆၂/၃)နှင့်(၆၂/၄)တို့အကြား ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် AA အဖွဲ့ ထောင်ထားသည့် မိုင်း ခုနစ်လုံး ပေါက်ကွဲခဲ့ရာ တံတားနှင့် ကားလမ်း အနည်းငယ်ပျက်စီးခဲ့ပြီး ကျန်ထိခိုက်မှုမရှိကြောင်း သိရသည်။

မြေပုံမြို့နယ် ဂြန့်ဟင်းခါးရွာနှင့် ကိုင်းကြီးရွာအကြား ရန်ကုန်-စစ်တွေသွား ကားလမ်း မိုင်တိုင်အမှတ်(၆၉/၄) ကျားခြံတောင်တံတားအနီး၌ ယနေ့နံနက် ၈ နာရီခန့်က ကားလမ်း၏ ဝဲ/ယာတွင် AA အဖွဲ့ ထောင်ထားသည့် မိုင်း နှစ်လုံး ပေါက်ကွဲခဲ့ရာ တံတားနှင့်ကားလမ်း အနည်းငယ်ပျက်စီးခဲ့ပြီး လူနှင့် တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်း။

အလားတူ မွန်းတည့် ၁၂ နာရီခန့်တွင် မြေပုံမြို့နယ် မီးကျောင်းတက်ကျေးရွာနှင့် တောင်ချေကျေးရွာအကြား ရန်ကုန်-စစ်တွေသွားကားလမ်း မိုင်တိုင်အမှတ်(၆၂/၃)နှင့်(၆၂/၄)ကြား၌ ကားလမ်း၏ ဝဲ/ယာတွင် AA အဖွဲ့ ထောင်ထားသည့် မိုင်း ငါးလုံး ထပ်မံ၍ပေါက်ကွဲခဲ့ပြီး တစ်စုံတစ်ရာ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။

AA အဖွဲ့အနေဖြင့် အများပြည်သူအသုံးပြုနေသော အဓိကဆက်သွယ်သည့် လမ်းမကြီးပေါ်တွင် မိုင်းထောင်လုပ်ငန်းများဆောင်ရွက်ခြင်းသည် အများပြည်သူများ အထိတ်တလန့်ဖြစ်စေရန်နှင့် ဒုက္ခရောက်စေရန် အဖျက်အမှောင့်လုပ်ငန်းများ ကျူးလွန်လျက်ရှိမှုအပေါ် ဥပဒေနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ **သတင်းစဉ်**



# ထီးချိုင့်မြို့နယ်တရားရုံးတွင် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော ယာဉ်တစ်စီး ပျောက်ဆုံး

**ထီးချိုင့် ဇွန် ၄**
စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ်တရားရုံးတွင် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော ယာဉ်တစ်စီးပျောက်ဆုံးနေကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေလနောက်ဆုံးပတ်တွင် ထီးချိုင့်မြို့နယ်တရားရုံးမှ ရုံးအုပ်စာရေးကြီး ဦးဌေးဝင်းသည် တရားရုံးအတွင်း သက်သေခံပစ္စည်းများ စစ်ဆေးရာ တရားရုံး၏ ခြံဝင်းအပြင်တွင်ကပ်လျက် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော ထော်လာဂျီအပြာရောင်ယာဉ်မှာ ပျောက်ဆုံးနေပြီး ၎င်းနေရာ၌ အခြားယာဉ်တစ်စီး အစားထိုးထားကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ထီးချိုင့်မြို့မရဲစခန်းသို့ အမှုဖွင့်တိုင်ကြားထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

# ဗန်းမော်နှင့် နမ့်ဆန်မြို့နယ်တို့တွင် မီးလောင်မှုဖြစ်ပွား

**ဗန်းမော်**
ကချင်ပြည်နယ် ဗန်းမော်မြို့၌ ဇွန် ၃ ရက် ညပိုင်းက အိမ်ရှင်ဦးဘိုဘိုသည် ပြင်ပသို့ ခရီးထွက်ခွာစဉ် နေအိမ်အိပ်ခန်းရှိ လျှပ်စစ်ပန်ကာဖွင့်ထားရာမှ အပူလွန်ကဲကာ မီးလောင်ခဲ့သဖြင့် သွပ်မိုး အုတ်ညှပ် တစ်ထပ်နေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့၍ လျှပ်စစ်မီးပေါ့ဆစွာ အသုံးပြုသူ ဦးဘိုဘိုအား ဗန်းမော်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ဝင်းနိုင်(ကချင်မြေ)**

**နမ့်ဆန်**
အလားတူ နမ့်ဆန်မြို့နယ် အထက်မန်လွယ်ကျေးရွာ၌ ယမန်နေ့ နံနက် ၃ နာရီ ၄၅ မိနစ်ခန့်က ဦးဝင်းကျော်၏နေအိမ် မီးဖိုမီးကြွင်းမီးကျန်မှ မီးလောင်ခဲ့ရာ ဦးဝင်းကျော်၏ နှစ်ထပ် သွပ်မိုး၊ ပျဉ်ခင်း နေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး အမျိုးသား လေးဦး၊ အမျိုးသမီး တစ်ဦးတို့ အိုးမဲ့အိမ်မဲ့ဖြစ်သဖြင့် ၎င်းတို့အား နီးစပ်ရာဆွေမျိုးများအိမ်တွင် နေရာချပေးထားကြောင်း သိရသည်။

**ကိုအောင်မိုး(ရွှေဗီမြေ)**

# ဒိုက်ဦး၊ မောင်တောနှင့် သိန်းနီမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၄**
မူးယစ်တပ်ဖွဲ့စု(၃၆)ပဲခူးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၃ ရက် မွန်းလွဲ ၃ နာရီက အုတ်ရှစ်ကုန်း အမြန်လမ်းရဲစခန်း၏ အကြောင်းကြားချက်အရ အုတ်ရှစ်ကုန်း အမြန်လမ်းမကြီးရဲစခန်း ယာဉ်(ပ) ၂၇/၁၈၊ ရာဇသတ်ကြီး ပုဒ်မ ၂၇၉/ကျင့် ၂၀၂ အမှုမှ သက်သေခံမော်တော်ယာဉ်အဖြစ် သိမ်းဆည်းထားသည့် Vigo Hilux မော်တော်ယာဉ်အား သွားရောက်စစ်ဆေးရှာဖွေရာ ငွေကျပ် ၂၃၆၅၂ သိန်းတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၇၈၀၉၀၀ နှင့် စိတ်ကြွရူးသွပ်ဆေးပြား (အကြေမှုန့်) ၉၀၀ ဂရမ် တို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့မွန်းလွဲ ၁ နာရီ ၄၅ မိနစ်က မူးယစ်တပ်ဖွဲ့စု(၄၆) မောင်တောမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မောင်တောမြို့ ရွာသစ်ကေရပ်ကွက်နေ ဆော်လိမ်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်း၏ မိခင်ဖြစ်သူ ဒေါ်ဟာဘေတာခါတူအားတွေ့ရှိရပြီး နေအိမ်ခြံဝင်းအတွင်းရှိ Probox မော်တော်ယာဉ်အတွင်းနှင့် မော်တော်ယာဉ်အနီးရှိ ဆာလာအိတ်အတွင်းမှ လည်းကောင်း၊ နေအိမ်ရေချိုးခန်းအတွင်းမှ လည်းကောင်း ငွေကျပ် ၅၆၅၅ သိန်း တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၂၇၅၀ သိမ်းဆည်းရမိခဲ့သည်။

ထို့အတူ ည ၁၁ နာရီခွဲက သိန်းနီမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သိန်းနီမြို့နယ် အိုရီယမ်တယ်တိုးဂိတ်အနီး မူဆယ်-မန္တလေး ကားလမ်းမကြီးပေါ်တွင် လွင်မျိုးအောင်(ခ)အိုက်ပီး မောင်းနှင်ပြီး ရန်စန်း လိုက်ပါလာသည့် Toyota Landcruiser မော်တော်ယာဉ်ကို တားဆီးစစ်ဆေးနေစဉ် ရန်စန်းမှာ ထွက်ပြေးသွားသဖြင့် လွင်မျိုးအောင်(ခ) အိုက်ပီးနှင့် မော်တော်ယာဉ်အား ရှာဖွေရာ ယာဉ်နောက်ခန်းအတွင်းမှ ငွေကျပ်သိန်း ၃၇၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၅၀၀၀၀၊ ငွေကျပ် နှစ်သိန်းနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**



လွင်မျိုးအောင်(ခ)အိုက်ပီးအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ**


အမေရိကမှာ သန်းကြွယ်သူဌေးမှသာ ဝယ်နိုင်သော

Vacation Home Beach Villa ကို → ငွေဆောင်မှာ (၁၇၅) သိန်း ရှိရုံဖြင့် ဝယ်နိုင်ပြီ

ငွေဆောင်၏ အလှဆုံး ကမ်းခြေ နှင့် အစည်ကားဆုံးနေရာ ချစ်သူများကျွန်းရှေ့ ကုန်းပေါ်ရှိ → Golf Range ဘေးတွင် တည်ရှိသော 2BR ပါ


Beach Villa ကိုဝယ်ယူလျှင် ကနဦး စာရင်းပေးသွင်းသူများထဲမှ

(၁၀) ဦးအား ➡ သိန်း (၆၀၀) တန်ကို ➡ သိန်း (၃၉၉) ဖြင့် ရောင်းချမည်။




ကမ်းခြေရှိ View Point Beach Club အသုံးပြုခွင့်ရမည်

စာရင်းပေးသွင်းရန် → 09 750 227 774 / 5
ကျင်းပမည့်ရက် → 8/9 June 2019
ကျင်းပမည့်နေရာ → Myanmar Culture Valley / ဦးဝိစာရလမ်း ရွှေတိဂုံ / ဘုရားအနောက်မုခ်ရှေ့



# ထူးချွန်သောဆေးရုံများနှင့် ပြည်သူ့ကျန်းမာရေးဌာနများအား ဆုချီးမြှင့်

**မကွေး ဇွန် ၄**

ဆေးကုသရေး၊ စီမံခန့်ခွဲရေး၊ သန့်ရှင်းသာယာရေး၊ ရောဂါကာကွယ်တားဆီးရေး လုပ်ငန်းများတွင် ထူးချွန်သောဆေးရုံများနှင့် ပြည်သူ့ကျန်းမာရေးဌာနများအား ဆုချီးမြှင့်ပေးအပ်ပွဲကို ဇွန် ၃ ရက် နံနက် ၁၁ နာရီက မကွေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများကို တိုးတက်မြင့်မားအောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ကျန်းမာရေးကဏ္ဍအနေဖြင့် မြို့ပြနှင့်ကျေးလက်ကျန်းမာရေးစောင့်ရှောက်မှုမှာ ကြီးမားတဲ့ ကွာဟမှုမရှိအောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ထူးချွန်သူများအား ဂုဏ်ပြုချီးမြှင့်ခြင်းအားဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာမှာ ပိုမိုစိတ်အားထက်သန်လာစေရန်၊ ပိုမိုစွမ်းဆောင်နိုင်စေရန်၊ အားကျအတုယူနိုင်စေရန်၊ ပြည်သူလူထု ယုံကြည်အားကိုးရပြီး ဆေးကုသမှုအရည်အသွေးပြည့်ဝသော သန့်ရှင်းသပ်ရပ်သော ပြည်သူ့ဆေးရုံများ ပေါ်ပေါက်လာစေရန်နှင့် ကောင်းသော ယှဉ်ပြိုင်မှု အလေ့အထများ ဖြစ်ပေါ်လာစေရန်ဖြစ်ကြောင်း ပြောကြားသည်။



ဆက်လက်၍ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က ၂၀၁၈ ခုနှစ်အတွက် စံပြဆေးရုံများ ရွေးချယ်ရာတွင် ဆေးရုံလုပ်ငန်းဆောင်ရွက်မှု အညွှန်းကိန်း Hospital Performance Indicators အပေါ် အခြေခံကာ အကောင်းဆုံးဆေးရုံလေးရုံနှင့် တိုက်နယ်ဆေးရုံသုံးရုံ ရွေးချယ်မှုများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ ၂၀၁၈ ခုနှစ် စံပြမြို့နယ်ဆု၊ စံပြတိုက်နယ်ဆေးရုံဆု၊ အတိုးတက်ဆုံးမြို့နယ်ဆု စသည့် ထူးချွန်ဆုရ မြို့နယ်ပြည်သူ့ဆေးရုံ၊ တိုက်နယ်ပြည်သူ့ဆေးရုံများအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေးတို့က ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

---

## ပန်းချီ၊ ကာတွန်းနှင့် စာစီစာကုံးပြိုင်ပွဲကျင်းပ

**ကျိုက်မရော ဇွန် ၄**

ဇွန် ၂၆ ရက်တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်းနှင့် စာစီစာကုံးပြိုင်ပွဲကို ဇွန် ၄ ရက် နံနက် ၁၀ နာရီက အလက(ခွဲ) လက်ပန်ကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အလက(ခွဲ) လက်ပန်ကျောင်းအုပ်ဆရာမကြီး ဒေါ်မိမိက အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ချိုမြတ်မြတ်ထွေးက ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ပန်းချီပြိုင်ပွဲတွင် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၂၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲတွင်ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဇွန် ၂၆ ရက်တွင် ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်သည်။

**မြို့နယ် (ပြန်/ဆက်)**

---



## ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲကြည့်ရှု

**ဟားခါး ဇွန် ၄**

ဇွန် ၂၆ ရက်တွင်ကျရောက်မည့် (၃၂) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် (၂၂)ကြိမ်မြောက် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲကို ဇွန် ၄ ရက် နံနက် ၉ နာရီက ဟားခါးမြို့ အထက (၁) ဗိုလ်တိုက်ချွန်းခန်းမ၌ ကျင်းပသည်။

ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးဝင်းမြင့်ကျော်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဟန်ဝင်းအောင်၊ ပြည်နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့အတွင်းရေးမှူး ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးခင်ကျော်၊ ပြည်နယ်၊ ခရိုင်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဆရာကြီး၊ ဆရာမကြီးများက ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးခဲ့ကြသည်။

အထက်တန်းအဆင့်တွင် ကျောင်းသား ကျောင်းသူ ၃၉ ဦး၊ အလယ်တန်းအဆင့်တွင် ကျောင်းသား ကျောင်းသူ ၄၅ ဦး၊ မူလတန်းအဆင့်တွင် ကျောင်းသား ကျောင်းသူ ၅၀ တို့က ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိသူများကို ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် ဆုချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**


METRO Education & Events Fair

သင့်ရဲ့အနာဂတ်အတွေးအမြင်စိတ်ကူးများအတွက်လမ်းစဖေါ်ပေးမည့် Metro Education Fair သို့လာရောက်၍ လေ့လာဖို့ ဖိတ်ခေါ်အပ်ပါသည်။
ပညာရေးအခွင့်အလမ်းများကို လေ့လာဆွေးနွေးတိုင်ပင်ရင်း Metro Event များမှာအတူတကွပျော်ရွှင်ကြရအောင်…

" Education & Career Booths "

IT Education In Metro

◆ IT နည်းပညာများနှင့် ပတ်သက်သောဗဟုသုတများကို ဝေမျှရင်း Metro IT ကျောင်းသားများမှတီထွင်ထားသော Application များကိုလေ့လာနိုင်ခြင်း

◆ Metro ကျောင်း၏ပညာရေးဆိုင်ရာပို့ချချက်များကိုမိတ်ဆက်ပေးခြင်း

Metro Careers

◆ Metro IT ကျောင်းသားများ၏အနာဂတ်အလုပ်အကိုင် မိတ်ဆက်ပေးခြင်းနှင့် ပတ်သက်သော plan များကို တာဝန်ရှိသူများမှ ဆွေးနွေးတိုင်ပင်ပေးပါမည်။

◆ လုပ်ငန်းခွင် ဝင်ရောက်လုပ်ကိုင်နေသော Senior များမှ အတွေ့အကြုံများကို ဝေမျှ မိတ်ဆက်ပေးပါမည်။

" Let's Join Metro's Events "

◆ ဂျပန်ရိုးရာစက္ကူခေါက်ခြင်း

◆ ဂျပန်အစားအသောက်များကိုအတူတကွပြုလုပ်၍စားသောက်ခြင်း

◆ ဂျပန်ရိုးရာ နင်ဂျာဝတ်စုံများ ၊ Yukata များ အစရှိသဖြင့် ရိုးရာဝတ်စုံများဝတ်ဆင်ခြင်း၊ အမှတ်တရဓါတ်ပုံရိုက်ကူးခြင်း

ဝင်ကြေးအခမဲ့

နေ့ရက် : 9 . June . 2019 ( Sun )
အချိန် : 10:00 ~ 16:00
နေရာ : Metro IT & Japanese Language Centre ( Pansodan School )

※ Events များကို ဂျပန်လူမျိုးဆရာများနှင့် အတူတကွပျော်ရွှင်စွာဆင်နွှဲနိုင်ပါသည်။

METRO IT & Japanese Language Centre

ကျောင်းသားများနှင့်အတူ မိဘများပါ ပါဝင်ဆင်နွှဲဖို့ ဖိတ်ခေါ်ပါတယ်
စိတ်ပါဝင်စားသူများ ဖုန်းဖြင့်ကြိုတင်၍ စာရင်းပေးသွင်းပြီး တက်ရောက်နိုင်ပါသည်။

www.metro-myanmar.com/mic www.facebook.com/metrogroupmyanmar Email : mminfo@metro-myanmar.com

ဆက်သွယ်ရန် - Room No (A,B,C,D),3rd Floor, Kyaw Business Tower Condo,ပန်းဆိုးတန်းလမ်း၊ကျောက်တံတားမြို့နယ်၊ရန်ကုန်၊ဖုန်း-01-372691, 09-976334160

# ကျွန်းစုမြို့နှင့်မြိတ်မြို့သို့ ပြေးဆွဲနေသော အမြန်ရေယာဉ်များ အခေါက်ရေတိုးမြှင့်ပြေးဆွဲ

**ကျွန်းစု ဇွန် ၄**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နှင့် ကျွန်းစုမြို့နယ်သို့ နေ့စဉ်ပြေးဆွဲပေးနေသည့် ခရီးသည်တင် အမြန်ရေယာဉ်များသည် ယခင်ပြေးဆွဲနေသည့်အကြိမ်ရေထက် အခေါက်ရေတိုး၍ တစ်နေ့ လေးခေါက်နှုန်းဖြင့် ပြေးဆွဲလျက်ရှိကြောင်းနှင့် ခရီးသွားအာမခံကြေးကောက်ခံခြင်းကို ဇွန် ၁ ရက်မှ စတင်ကာ အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်သည်။

ကျွန်းစုမြို့နယ်သည် နေ့စဉ်ရေကြောင်းခရီးကို အများဆုံးအသုံးပြု၍ သွားလာနေသောမြို့တစ်မြို့ဖြစ်ပြီး ခရီးသွားပြည်သူများ၊ အရောင်းအဝယ် လုပ်ကိုင်သူများ၊ အစိုးရဝန်ထမ်းများ၊ ဒေသခံများမှာ နေ့စဉ်နှင့်အမျှ အဆိုပါ အမြန်ယာဉ်ဖြင့် ခရီးသည်များ ပို၍တိုးပွားလျက်ရှိသည်။

ထိုသို့ပြေးဆွဲနေသော အမြန်ရေယာဉ်များသည် ယခင်က နံနက်၊ နေ့လယ်နှင့် မွန်းတည့်ပိုင်းအထိ ခရီးစဉ်များကို တစ်နေ့သုံးခေါက်ပြေးဆွဲနေပြီး ခရီးသွားပြည်သူများပြားလာသောကြောင့် ဇွန် ၁ ရက်မှ စတင်ကာ အခေါက်ရေ တိုးပြီး လေးခေါက်အထိ ပြေးဆွဲနေကြောင်း၊ ခရီးသွားပြည်သူတစ်ဦးလျှင် အမြန်ယာဉ်ခ ကျပ် ၁၅၀၀နှင့် အသက်အာမခံကြေး ကျပ် ၁၀၀ စုစုပေါင်း ကျပ် ၁၆၀၀ ကောက်ခံနေပြီဖြစ်ကြောင်း သိရသည်။

"ကျွန်းစုမြို့ရှိရာ ကတန်ကျွန်းကြီးပေါ်တွင် ကျေးရွာ ၂၀ ရှိပြီး နေ့စဉ် အသွား/အပြန် ပြေးဆွဲနေသော အမြန်ရေယာဉ်ပေါ်တွင် လိုက်ပါစီးနင်းသူ ခရီးသည်တွေ ၁၀၀၀ ဝန်းကျင်ခန့်ရှိပါတယ်။ တစ်နေ့လေးခေါက်နှုန်းနဲ့ ပြေးဆွဲတာကောင်းပါတယ်၊ ဒါပေမယ့် ဆိပ်ခံတံတားနဲ့ ဇောတံတား ဆက်သွယ်ထားတဲ့ တံတားတစ်စင်းကို အမြန်တည်ဆောက်ပေးရင် ခရီးသည်တွေ ခရီးသွားလာမှု ပိုတိုးပွားလာနိုင်ပါတယ်" ဟုအမှတ်(၁)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးဝင်းသောင်းက ပြောသည်။

အမြန်ရေယာဉ်များမှာ မြိတ်မြို့မှ နံနက် ၈ နာရီ၊ နံနက် ၉ နာရီ၊ မွန်းတည့် ၁၂ နာရီနှင့် မွန်းလွဲ ၂ နာရီခွဲတွင် ထွက်ခွာမည်ဖြစ်ပြီး ကျွန်းစုမြို့မှ နံနက် ၈ နာရီ၊ နံနက် ၉ နာရီခွဲ၊ မွန်းလွဲ ၁၂ နာရီခွဲနှင့် ညနေ ၃ နာရီခွဲတို့တွင် နေ့စဉ်အသွား/ အပြန် လေးခေါက်နှုန်းဖြင့် ပြေးဆွဲနေကြောင်း၊ ခရီးသည်အရေအတွက် များပြားလာခြင်းကြောင့် ယခုလို အခေါက်ရေတိုး၍ ပြေးဆွဲခြင်းဖြစ်ကြောင်း၊ ရေယာဉ်ပေါ်၌ ခရီးသွား အာမခံကြေး ကျပ် ၁၀၀ ပေးသွင်းထားပါက ရေယာဉ်မတော်တဆ တိမ်းမှောက်မှုဖြစ်လျှင် သေဆုံးသူတစ်ဦးအတွက် ကျပ်သိန်း ၂၀ နှင့် ရေယာဉ်အာမခံကြေး ကျပ် ၁၀ သိန်း စုစုပေါင်း ကျပ် ၃၀ သိန်းရရှိမည်ဖြစ်ပြီး ကိုယ်အင်္ဂါထိခိုက်မှုဖြစ်ပွားပါက ငါးရာခိုင်နှုန်းမှ ၁၀၀ ရာခိုင်နှုန်းအထိ ခံစားခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

**စည်သူရအောင် (ကျွန်းစု)**





# ကန့်ဘလူသရက်ဥယျာဉ်ခြံတွင် ကွင်းသရုပ်ပြ

**ကန့်ဘလူ ဇွန် ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ကန့်ဘလူ ဥယျာဉ်ခြံတွင် စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ (GAP) အကြောင်းနှင့် သရက်ပင်များကိုင်းဖြတ်ပြုပြင်ခြင်း၊ သဘာဝမြေသြဇာ၊ ဓာတ်မြေသြဇာကျွေးနည်းစနစ် ကွင်းသရုပ်ပြပွဲကို ဇွန် ၃ ရက် နံနက်ပိုင်းက ကျင်းပသည်။

ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးဝင်းရွှေက ကန့်ဘလူခရိုင်၌ သရက်စိုက်တောင်သူ ၅၀ ကျော်နှင့် စိုက်ဧက ၂၀၀၀ ကျော်ရှိကြောင်း၊ GAPဆိုသည်မှာ စတင်ထွန်ယက်စိုက်ပျိုးသည်မှ စားသုံးသူလက်ဝယ်ရောက်သည်အထိ အဆင့်တိုင်းတွင် စားသုံးသူအတွက် ဘေးအန္တရာယ်ကင်းရှင်းမှု အနည်းဆုံးဖြစ်စေသည့် လိုက်နာဆောင်ရွက်ရမည့် စံလုပ်ထုံးလုပ်နည်းများဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် သရက်စိုက်ခင်းအတွင်း သုံးနှစ်သားအရွယ်ရှိ သရက်ပင်များအား ကိုင်းဖြတ်ပြုပြင်ခြင်း၊ သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာကျွေးခြင်းနည်းစနစ်များအား လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# မိုးများလျှင်ရေနစ်မြုပ်မည်စိုးသည့်တောင်သူများ အခြောက်ထယ်ရေးဖြင့် စပါးများစတင်စိုက်ပျိုး

**ရေတာရှည် ဇွန် ၄**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမင်းလမ်းကျေးရွာအုပ်စု ရန်ကုန်-မန္တလေး ရထားလမ်းအနောက်ဘက်ကွင်းရှိ တောင်သူများသည် မိုးများလျှင်ရေနစ်မြုပ်မည်စိုး၍ အခြောက်ထယ်ရေးဖြင့် စပါးများ စတင်ကြဲပက်လျက်ရှိသည်ကို တွေ့ရသည်။

နွေရာသီကာလကတည်းက ထယ်ထိုးထားကြပြီး မိုးရွာသွန်းပြီးနောက် ထွန်စက်များငှားရမ်း၍လည်းကောင်း၊ လက်တွန်းထွန်စက်ငယ်များဖြင့်လည်းကောင်း အခြောက်ထယ်ရေးဖြင့် စပါးစိုက်ပျိုးရန် ဆောင်ရွက်ကြခြင်းဖြစ်သည်။

တောင်သူများအနေဖြင့် အခြောက်ထယ်ရေးဖြင့် စပါးစိုက်ပျိုးကြရာတွင် လယ်ကန်သင်းများကို နေ့စားငှားရမ်းကာ ပြုပြင်ရခြင်း၊ ထွန်စက်ငှားရမ်း၍ ရိုတာဗေတာခုတ်ခြင်း၊ စပါးကြဲပက်ခြင်း၊ လက်တွန်းထွန်စက်ဖြင့် ကျမ်းတုံးဆွဲပြန်ဖုံးရခြင်းတို့ကို ဆောင်ရွက်ကြရသည့်အခါ ကုန်ကျစရိတ် တစ်ဧကလျှင် ကျပ် ၅၀၀၀၀ ကျော်ကုန်ကျကြောင်း သိရသည်။

**ကိုသိန်းလွင်**



# မကွေး၌ သဘာဝဘေး သင့်သူများအတွက် ထောက်ပံ့

**မကွေး ဇွန် ၄**

မကွေးတိုင်းဒေသကြီးတွင် ဖြစ်ပွားခဲ့သော သဘာဝဘေး ၂၅၆ ကြိမ်အတွက် ပြည်ထောင်စုကယ်ဆယ်ရေးရန်ပုံငွေမှ ငွေကျပ်သိန်း ၂၉၃၀ ခန့် ထောက်ပံ့ပေးနိုင်ခဲ့ကြောင်း တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေးက ပြောကြားသည်။

ဒေသတွင်း၌ ရှစ်လတာကာလအတွင်း မီးဘေး ၆၄ ကြိမ်၊ လေဘေးအကြိမ် ၁၅၀၊ မိုးကြိုးဘေး လေးကြိမ်၊ ကမ်းပါးပြိုဘေး ၃၇ ကြိမ်၊ အခြားဘေး တစ်ကြိမ် ကြုံတွေ့ခဲ့ပြီး ကယ်ဆယ်ရေးပစ္စည်းများ၊ အိမ်ဆောက်ပစ္စည်းဖိုးငွေများ၊ ပံ့ပိုးငွေများနှင့် သေဆုံးဒဏ်ရာရသူများအတွက် ထောက်ပံ့ငွေများပေးအပ်ခဲ့သည်။

"လေဘေးအတွက် တစ်အိမ်ထောင်ကို ကျပ် ၅၀၀၀၀ နှုန်း၊ မီးဘေးသင့်ခံရသူတွေအတွက် တစ်အိမ်ထောင်ကိုကျပ် ၃၀၀၀၀၀ နှုန်း၊ သေဆုံးသူတွေအတွက် ကျပ် ၁၀၀၀၀၀ နှုန်း ထပ်မံထောက်ပံ့ပေးခဲ့ပါတယ်" ဟု လူမှုရေးဝန်ကြီးကပြောသည်။

သဘာဝဘေးကြုံတွေ့ခဲ့ရသည့် အိမ်ထောင်စုပေါင်း ၅၅၂၇ စုရှိပြီး သေဆုံးသူ ကိုးဦးထိရှိခဲ့ကြောင်း၊ ဘေးသင့်ပြည်သူများအား အမြန်ဆုံး ကူညီထောက်ပံ့နိုင်ရန်အတွက် ကယ်ဆယ်ရေးပစ္စည်းများကို တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အသီးသီး၌ အသင့်ထားရှိကြောင်း သိရသည်။

**ဇေယျာတု(မကွေး)**

# ရေယာဉ်များ အန္တရာယ်ကင်းရှင်းစွာ ခုတ်မောင်းသွားလာနိုင်ရေး အသိပညာပေး

**ကလေးဝ ဇွန် ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့တွင် မိုးရာသီမတိုင်မီ ရေယာဉ်များအန္တရာယ်ကင်းရှင်းစွာ ခုတ်မောင်းသွားလာနိုင်ရေး အသိပညာပေးဟောပြောပွဲကို ဇွန် ၄ ရက် နံနက် ၁၀နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဇော်လင်းက အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးအောင်သန်းက ရေယာဉ်များ ကြိုတင်စီမံဆောင်ရွက်ရန်ကိစ္စများ၊ ရေယာဉ်ပိုင်ရှင်များ လိုက်နာရန် စည်းကမ်းချက်များ၊ ရေယာဉ်မောင်းသူများ လိုက်နာရန်စည်းကမ်းချက်များ၊ ခရီးသည်များ လိုက်နာရန် စည်းကမ်းချက်များကို အသိပညာပေးဆွေးနွေးခဲ့သည်။

**သက်ဟန်(ကလေးဝ)**

# ဆိပ်ကြီး-ရန်ကုန် စက်တပ်ရေယာဉ် လက်မှတ်ရောင်းစနစ်ပြောင်း

**ရန်ကုန် ဇွန် ၄**

ရန်ကုန်တောင်ပိုင်းခရိုင် ဆိပ်ကြီးခနောင်တိုမြို့နယ်နှင့် ဝါးတန်းဆိပ်ကမ်း(ကီလီ)သို့ နေ့စဉ်မောင်းနှင်ပြေးဆွဲလျက်ရှိသည့် ရွှေရန်ကုန် စက်တပ်ရေယာဉ်လိုင်းမှ ဆိပ်ကြီး-ရန်ကုန် စက်တပ်ရေယာဉ်စီးခအား ဇွန် ၁ရက်မှစ၍ လက်မှတ်ရောင်းစနစ်ဖြင့် စတင်ပြောင်းလဲ ကောက်ခံလျက်ရှိသည်။

ရေယာဉ်စီးခအား လက်မှတ်တစ်စောင်လျှင် ကျပ် ၂၀၀ နှုန်းနှင့် စင်းလုံးငှား စက်တပ်သမ္ဗန်(အသေး)တစ်စီးလျှင် ကျပ် ၂၀၀၀ သတ်မှတ်ထားကြောင်းသိရသည်။

အဆိုပါ ရွှေရန်ကုန် စက်တပ်ရေယာဉ်လိုင်းတွင် သမ္ဗန်အကြီး ၁၀၈ စင်း၊ အသေး ၆၂ စင်းဖြင့် နေ့စဉ် ဆိပ်ကြီး-ရန်ကုန် အသွား၊ အပြန် ပြေးဆွဲ ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဆိပ်ကြီး-ရန်ကုန် ရေယာဉ်စီးခအား လက်မှတ်ရောင်းစနစ် ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ခရီးသည်တစ်ဦးက "အခုလို လက်မှတ်စနစ်နဲ့ လုပ်လိုက်တာကောင်းတယ်" ဟု ပြောကြားသည်။

**ဝေယံ(ဆိပ်ကြီးခနောင်တို)**

ပြည်သူက ရွေးချယ်တင်မြှောက်ထားသော ပြည်သူ့ကိုယ်စားလှယ်များသည် ပြည်သူများ၏ လိုလားချက်၊ လိုအပ်ချက်များကို မျက်ခြည်မပြတ်စောင့်ကြည့်ပြီး လွှတ်တော်အစည်းအဝေးများတွင် တင်ပြဆွေးနွေးတောင်းခံ၍ ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေကြသည်ကို တွေ့မြင်ကြားသိနေရပါသည်။ ဤကဲ့သို့ လွှတ်တော်ကိုယ်စားလှယ်များ၏ တင်ပြဆွေးနွေး တောင်းခံချက်များမှ ဒေသဖွံ့ဖြိုးရေးအတွက် သက်ဆိုင်ရာများက ကဏ္ဍအလိုက် ဆောင်ရွက်ပေးနေမှုများကို သတင်းစာတွင် အပတ်စဉ်ဖော်ပြပေးသွားမည်ဖြစ်ပါကြောင်း . . . . .

# အဆိပ်ပင်များနေရာတွင် ဖွံ့ဖြိုးရေးအသီးအပွင့်များ အမြန်ဖူးပွင့်ဝေဆာစေလိုပါသည်

ဆောင်းပါး- နန္ဒာဝင်း



ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်နှင်းသစ်

(၁)

**မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိပြီး ဘိန်းအစားထိုးစီမံကိန်းများကို ဆယ်စုနှစ်ပေါင်းများစွာ ဆောင်ရွက်ခဲ့သော်လည်း အပြီးတိုင်လျော့နည်းပပျောက်ခြင်း မရှိသေးပါ။**




(၂)

တောင်စောင်း၊ တောင်စွယ်တစ်ကြောတွင် စိုက်ပျိုးထားသည့် အပင်လေးများသည် စိမ်းဖြာ၍နေသည်။ ဖေဖော်ဝါရီလကုန်တွင် ပန်းများပွင့်၍ မိုးမကျမီ အသီးများ ကောင်းစွာ ကြီးရင့်လေ့ရှိကြသည်။ အသီးများမှာ အစိမ်းရောင်ဖြစ်ပြီး အသီး၏အပေါ်မှ ပန်းပွင့်ရှိ ပွင့်ဖတ်များမှာ အဖြူဆွတ်ဆွတ်၊ ပန်းဆီရောင်အသွေးကျကျ လှပသည်။ ထိုအပင်လေးများသည် လူသားအားလုံးကို အန္တရာယ်ပြုခြိမ်းခြောက်နေပြီး မူးယစ်ဆေးဝါးထုတ်လုပ်နိုင်သည့် ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်တို့ရှိ တောင်ကုန်း၊ တောင်တန်းထူထပ်သည့် ဒေသများတွင် စိုက်ပျိုးထားသည့် ဘိန်းပင်များပင်ဖြစ်သည်။

ရှမ်းပြည်နယ်တွင် မြို့နယ် ၄၀၊ ကချင်ပြည်နယ်တွင် ခြောက်မြို့နယ်၊ ကရင်ပြည်နယ်တွင် သုံးမြို့နယ်၊ ချင်းပြည်နယ်တွင် နှစ်မြို့နယ် စုစုပေါင်း ၅၁ မြို့နယ်တွင် ဘိန်းကို စိုက်ပျိုးနေကြခြင်းဖြစ်ပြီး ခန့်မှန်းခြေ ဘိန်းစိုက် အိမ်ထောင်စုပေါင်း သုံးသိန်းခန့်ရှိကြောင်း၊ ရှမ်းပြည်နယ်တွင် ဘိန်းပင်များကို စီးပွားဖြစ် အဓိကစိုက်ပျိုးနေကြပြီး အိမ်ထောင်စု ၁၀ စုအနက် တစ်စုသည် ဘိန်းစိုက်ပျိုးနေကြောင်း စာရင်းဇယားများအရ သိရသည်။

"ကမ္ဘာမှာ အာဖဂန်နစ္စတန်ပြီးရင် မြန်မာက ဘိန်းထုတ်လုပ်မှု ဒုတိယအများဆုံးဖြစ်ပါတယ်။ တစ်ကမ္ဘာလုံး ဘိန်းထုတ်လုပ်မှုရဲ့၁၄ ရာခိုင်နှုန်းကို မြန်မာနိုင်ငံက စိုက်ပျိုးထုတ်လုပ်လျက်ရှိပါတယ်။ တစ်နိုင်ငံလုံးရဲ့ ၉၀ ရာခိုင်နှုန်းကို ရှမ်းပြည်နယ်က စိုက်ပျိုးနေခြင်းဖြစ်ပါတယ်"ဟု ပန်းတောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်နှင်းသစ်က ပြောသည်။

နယ်မြေငြိမ်းချမ်းမှု၊ လုံခြုံမှုမရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ တရားဥပဒေစိုးမိုးမှု အားနည်းခြင်း၊ ဒေသခံပြည်သူများ ဝင်ငွေနည်းပါးခြင်း၊ အခြားဘဝရပ်တည်မှုရနိုင်မည့်လုပ်ငန်းများ မရှိခြင်း၊ ရာသီဥတု ပထဝီအနေအထားမှာ ဘိန်းစိုက်ပျိုးရန် ပံ့ပိုးနေခြင်း၊ ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးသော်လည်း ဈေးကွက်မရှိမှု၊ တွက်ခြေမကိုက်မှု၊ စရိတ်ကြီးမားမှုတို့ကို ရင်ဆိုင်နေရခြင်း ဟူသော အကြောင်းတရားများကြောင့်လည်း ဘိန်းစိုက်ပျိုးမှု ယခုကဲ့သို့ များပြားနေရခြင်းဖြစ်ကြောင်း ၎င်းက ဆိုသည်။

"တစ်ကမ္ဘာလုံး ဘိန်းထွက်ရှိမှုရဲ့ လေးပုံတစ်ပုံဟာ မြန်မာ၊ ထိုင်း၊ လာအို ဆိုတဲ့ နိုင်ငံသုံးနိုင်ငံ ဆုံရာဖြစ်တဲ့ ရွှေတြိဂံဒေသက ထွက်တယ်လို့ နိုင်ငံတကာသုံးသပ်မှုတွေလည်းရှိနေပါတယ်။ အခုနှစ် မတ်လက ထိုင်းနိုင်ငံရဲ့ မူးယစ်ဆေးဝါးဖမ်းဆီးရမိမှု သတင်းစာရှင်းလင်းပွဲမှာ ပြီးခဲ့တဲ့နှစ်နှစ်အတွင်း ထိုင်းနိုင်ငံက ဖမ်းမိတဲ့ မက်သာဖက်တမင်း မူးယစ်ဆေးပမာဏ ၁၀ ဆကျော် မြင့်တက်ခဲ့တဲ့အတွက် မူးယစ်ဆေးဝါးအဓိကဝင်ရောက်နေတဲ့ မြန်မာနိုင်ငံရဲ့မူးယစ်ဆေးဝါးထုတ်လုပ်မှုက ဘယ်လောက်မြင့်မားနေတယ်ဆိုတာ ညွှန်ပြနေတယ်လို့ ရိုက်တာသတင်းဌာနက ဖော်ပြထားပါတယ်။ အဲဒီ မူးယစ်ဆေးဝါးတွေဟာ မြန်မာနိုင်ငံကနေ ထိုင်းနိုင်ငံ၊ အဲဒီကမှ တစ်ဆင့် အာရှပစိဖိတ်ဒေသကို ဖြတ်သန်းပြီး တောင်ကိုရီးယား၊ နယူးဇီလန် အစရှိတဲ့ နိုင်ငံတွေအထိ ရောက်သွားတယ်လို့ ပါရှိတဲ့အတွက် နိုင်ငံ့ဂုဏ်သိက္ခာကိုလည်း ထိခိုက်လျက်ရှိပါတယ်" ဟုလည်း ပညာရှင်တစ်ဦးက သုံးသပ်ပြသည်။

မူးယစ်ဆေးဝါးထုတ်လုပ်မှု၊ လက်ဝယ်ထားရှိမှု၊ သယ်ဆောင်ဖြန့်ဖြူးမှု၊ ရောင်းဝယ်ဖောက်ကားမှုတို့သည် လူငယ်ထုအတွင်း အသွင်သဏ္ဌာန်မျိုးစုံဖြင့် ပျံ့နှံ့လျက်ရှိပြီး တစ်နှစ်ထက်တစ်နှစ် ပိုမိုများလာသည်။ အကျဉ်းထောင်ကျနေသူများ၏ ၅၀ ရာခိုင်နှုန်းခန့်မှာ မူးယစ်ဆေးဝါးမှုများမှဖြစ်ပြီး အများစုမှာ လူငယ်များဖြစ်နေသည်။ ထို့ကြောင့် နိုင်ငံတော်အတွက် မူးယစ်ဆေးဝါးအန္တရာယ်ကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ထိရောက်စွာနှိမ်နင်းရန် လိုအပ်လျက်ရှိသည်။

မူးယစ်ဆေးဝါးအန္တရာယ်ပပျောက်ရေးအတွက် နိုင်ငံတော်အစိုးရက အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒအသစ်ကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် ချမှတ်ခဲ့ပြီး အဆိုပါမူဝါဒတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ဘဝ တိုးတက်လာသည်နှင့်အမျှ ဘိန်းစိုက်ပျိုးမှု တစ်စတစ်စ ချုပ်ငြိမ်းရေး၊ ထုတ်လုပ်မှုပပျောက်ရေး၊ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးတို့ ပါဝင်သည်။

"နိုင်ငံတော်သမ္မတနဲ့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်တို့က မူးယစ်ဆေးဝါး နှိမ်နင်းဖို့နဲ့ပတ်သက်ပြီး လုပ်ဆောင်နေတာတွေ၊ လမ်းညွှန်မှာကြားနေတာတွေလည်း ရှိပါတယ်။ ၂၀၁၉ ခုနှစ် (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် အချက် (၃) မှာလည်း အရင်နှစ်တွေနဲ့မတူဘဲ ဒီနှစ်မှာ နိုင်ငံသူ နိုင်ငံသားတွေရဲ့ကျန်းမာရေးနဲ့ အကျင့်စာရိတ္တကို ထိခိုက်ပျက်ပြားစေတဲ့ မူးယစ်ဆေးဝါးသုံးစွဲမှုတွေကို ထိရောက်စွာ တားဆီးကာကွယ်ရေးဆိုတဲ့ အချက် ပါဝင်လာတာကို တွေ့ရှိရပါတယ်" ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်နှင်းသစ်က ပြောကြားသည်။

နိုင်ငံတော်သမ္မတ၏ ပြည်ထောင်စုလွှတ်တော်တွင် ကတိသစ္စာပြုသည့် အချိန်နှင့် နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား ပြောကြားချိန်တို့တွင်လည်း မူးယစ်ဆေးဝါးကို ပိုမိုနှိမ်နင်းရန် ပြောကြားခဲ့သည်။ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့တွင်လည်း မူးယစ်ဆေးဝါးပြဿနာများကို ရှင်းလင်းပြောကြားခဲ့သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း မူးယစ်ဆေးဝါးကြောင့် နိုင်ငံ့လူငယ်အရင်းအမြစ်များ မပျက်စီးစေရေးအတွက် ၎င်း၏ခံယူချက်ကို ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင်ထုတ်ပြန်ခဲ့သည့် ပြည်သူသို့ ကျေးဇူးတင်လွှာ၌ မြန်မာနိုင်ငံ၏ အနာဂတ်ကို ပိုင်စိုးသော မျိုးဆက်သစ်လူငယ်များ ကျန်းကျန်းမာမာ ဘေးကင်းလုံခြုံစွာ၊ စိတ်ဓာတ်ကြံ့ခိုင်စွာဖြင့် ကြီးပြင်းလာရေး၊ နိုင်ငံ့တာဝန်များကို အသင့်လွှဲပြောင်းတာဝန်ထမ်းဆောင်နိုင်ရေးအတွက် မူးယစ်ဆေးဝါးအမှောင်ထုကြီးကို ရှင်းလင်းဖယ်ရှားနိုင်ရန် အရေးကြီးကြောင်း ဖော်ပြခဲ့သည်။

**❛နယ်မြေငြိမ်းချမ်းမှု၊ လုံခြုံမှုမရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ တရားဥပဒေစိုးမိုးမှု အားနည်းခြင်း၊ ဒေသခံပြည်သူများ ဝင်ငွေနည်းပါးခြင်း၊ အခြားဘဝရပ်တည်မှုရနိုင်မည့်လုပ်ငန်းများ မရှိခြင်း၊ ရာသီဥတု ပထဝီအနေအထားမှာ ဘိန်းစိုက်ပျိုးရန် ပံ့ပိုးနေခြင်း၊ ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးသော်လည်း ဈေးကွက်မရှိမှု၊ တွက်ခြေမကိုက်မှု၊ စရိတ်ကြီးမားမှုတို့ကို ရင်ဆိုင်နေရခြင်း ဟူသောအကြောင်းတရားများကြောင့်လည်း ဘိန်းစိုက်ပျိုးမှု ယခုကဲ့သို့ များပြားနေရခြင်းဖြစ်❜**

(၃)

နိုင်ငံတော်အစိုးရက မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ဆောင်ရန် တွန်းအားပေးခဲ့ပြီး ပြည်သူများ သတင်းပေးတိုင်ကြားနိုင်သည့် သီးသန့်ဌာနတစ်ခုလည်း ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည်။ မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ ပြည်သူများ သတင်းပေးတိုင်ကြားလိုပါက ပြည်ထဲရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များထံ တိုင်ကြားနိုင်သလို နိုင်ငံတော်သမ္မတရုံး၏ မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာနကို ဖွင့်လှစ်ထားပြီး ဆက်သွယ်တိုင်ကြားနိုင်ကြောင်း ၂၀၁၈ ခုနှစ် ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာထားသည်။

စာမျက်နှာ ၁၉ သို့ ❖

❖ စာမျက်နှာ ၁၈ မှ

တိုင်ကြားလာသော သတင်းများအနက် ဇွန်လ ၁ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း ၆၃၉ မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံ ကျား ၈၄၀၊ မ ၁၆၂ ဦး စုစုပေါင်း ၁၀၀၂ ဦး ဖမ်းဆီးရမိခဲ့သည်။ ဖမ်းဆီးရမိမှုတွင် ဘိန်းဖြူ၊ ICE၊ ဘိန်း၊ အဆင့်နိမ့်ဘိန်း၊ ဘိန်းစာမှုန့်၊ ဘိန်းစာရွက်၊ ဘိန်းစာရည်၊ စိတ်ကြွဆေးပြား၊ ဆေးခြောက်၊ ဘိန်းရည်၊ ဘိန်းဆီခဲ၊ ဘိန်းစေ့၊ စိတ်ကြွဆေးပြား အကြေမှုန့်တို့ကို သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတရုံးက ထုတ်ပြန်ထားသည်။

“မူးယစ်ဆေးဝါးအန္တရာယ်ပပျောက်ရေးအတွက် ဘိန်းစိုက်ပျိုးမှု လျော့နည်းအောင်၊ အဲဒီကတစ်ဆင့် အပြီးတိုင်ချုပ်ငြိမ်းပပျောက်အောင် ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ ထိုင်းနိုင်ငံမှာဆိုရင်လည်း ဘိန်းအစားထိုးစီမံကိန်းတွေ ဆောင်ရွက်တဲ့အတွက် ဘိန်းစိုက်ပျိုးမှု နှစ်စဉ် လျော့နည်းလာတာကို တွေ့ရပါတယ်။ ကုလသမဂ္ဂနဲ့ ပြည်ပနိုင်ငံမှ အဖွဲ့အစည်းတွေက အခုဆိုရင် ရှမ်းပြည်နယ်က မြို့နယ်ငါးခုမှာ ဘိန်းအစားထိုး စိုက်ပျိုးရေးစီမံကိန်းတွေ ဆောင်ရွက်နေပါတယ်။ ဘိန်းစိုက်ပျိုးမှုပပျောက်အောင် ဥပဒေအရ ခွင့်ပြုထားတဲ့ စီးပွားရေးလုပ်ငန်းတွေ၊ အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေ၊ ဘိန်းစိုက်တောင်သူတွေဘဝရပ်တည်နိုင်အောင် လိုအပ်တဲ့ ထောက်ပံ့ပေးမှုတွေကိုပြုလုပ်ပေးဖို့ လိုပါတယ်။ အမျိုးသားရေးစီမံချက်တွေ၊ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်တွေ၊ ပညာပေးဆောင်ရွက်မှုတွေ ပြုလုပ်ပေးသင့်ပါတယ်” ဟု ပညာရှင်များက သုံးသပ်ကြသည်။

ဘိန်းစိုက်သည့် တောင်သူများသည် မိရိုးဖလာလုပ်ငန်းဖြစ်သည့်အတွက် နှစ်ပေါင်းများစွာက လုပ်ကိုင်ခဲ့ကြပြီး ဘိန်းစိုက်ပျိုး၍ရသည့်ငွေက မိသားစု၏ အဓိကဝင်ငွေဖြစ်နေသည်။ ထို့ကြောင့် ၎င်းတို့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရန်နှင့် ဘဝရပ်တည်မှုအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်မှာလည်း လိုအပ်လှသည်။

“ဒီဘိန်းစိုက်ပျိုးမှုက ဥပဒေနဲ့ မညီညွတ်ဘူး။ နိုင်ငံ့ဂုဏ်သိက္ခာလည်း ထိခိုက်တယ်။ နိုင်ငံသားတွေအတွက် ကြီးမားတဲ့အန္တရာယ်လည်း ဖြစ်စေတဲ့အတွက် မစိုက်ရဘူးဆိုရင် ဘိန်းစိုက်တောင်သူတွေရဲ့ ဘဝရပ်တည်မှုအတွက် လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးရပါလိမ့်မယ်။ အခြားအစားထိုးလုပ်နိုင်မယ့် ရေရှည် နည်းလမ်းတွေ လိုတယ်။ ဒီကြီးမားတဲ့ စိန်ခေါ်မှုကြီးကို ကျော်လွှားနိုင်ဖို့ဆိုရင် မှန်ကန်တဲ့ စီမံခန့်ခွဲမှုအပြင် လက်တွေ့ကျကျပြောင်းလဲနိုင်တဲ့ အခြေအနေတစ်ရပ်ကိုလည်း ဖန်တီးပေးဖို့ လိုပါတယ်” ဟု ပန်းတောင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်နှင်းသစ်က သုံးသပ်သည်။

အဆိုတင်သွင်းသူ ဒေါ်ခင်နှင်းသစ်၏ မဲဆန္ဒနယ်ဖြစ်သည့် ပန်းတောင်းမြို့နယ်သည် ဧရာဝတီမြစ်၏ အနောက်ဘက်ခြမ်းတွင် သီးခြားတည်ရှိသော ပဲခူးတိုင်းဒေသကြီး၏ မြို့နယ်တစ်ခုဖြစ်သည်။ ပြည်ခရိုင်တွင် ဧရိယာအကျယ်ဆုံး မြို့နယ်ဖြစ်သောကြောင့် အခြေခံလိုအပ်ချက် များပြားခြင်း၊ ကုန်သွယ်ခြင်း၊ ကုန်ထုတ်ခြင်း၊ ဒေသထွက်ထုတ်ကုန်မရှိခြင်းကြောင့် စီးပွားရေးနိမ့်ကျပြီး ဖွံ့ဖြိုးမှုနောက်ကျသော မြို့နယ်လည်းဖြစ်သည်။

ထို့ကြောင့် ပန်းတောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်နှင်းသစ်က ဒေသခံပြည်သူများအား ကိုယ်စားပြုသော ဒေသဖွံ့ဖြိုးရေးများ၊ မြေယာပြဿနာများ၊ ရထားလမ်းလျော်ကြေး၊ ကားလမ်းလျော်ကြေးများအပြင် ဒေသနှင့် နိုင်ငံအတွက် အထူးလိုအပ်လျက်ရှိသော ရေနံရှာဖွေရေးစီမံကိန်း အောင်မြင်စွာ ဆက်လက်လုပ်ဆောင်နိုင်ရန် မေးခွန်းများနှင့် ထိန်းညှိဆောင်ရွက်ခဲ့သည်။ ယင်းအပြင် တစ်နိုင်ငံလုံးနှင့်သက်ဆိုင်သည့် ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မေးခွန်းများနှင့် မူခင်းကျဆင်းရန် အဆိုကိုလည်း တင်သွင်းခဲ့ပြီး ပြည်သူများအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

## ၂၀၁၇ နှင့် ၂၀၁၈ တို့တွင် ဘိန်းစိုက်ပျိုးမှုမှာ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ၂၃ %၊ အရှေ့ပိုင်းတွင် ၂၇ %၊ တောင်ပိုင်းတွင် ၃၈ %၊ ကချင်ပြည်နယ်တွင် ၉ %၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ် တွင် ၃ % ဖြစ်ကြောင်း ဖော်ပြထားသောပုံနှင့် စိုက်ပျိုးမှုပမာဏဖော်ပြထားခြင်း

Regional distribution of opium poppy cultivation areas in Myanmar, 2018*





Table 1: Areas under opium poppy cultivation in Myanmar (ha), 2018*

| | 2017 | 2018 | Change 2017 -2018 |
|---|---|---|---|
| East Shan | 11,000 (6,900 to 15,100) | 10,100 (6,900 to 14,000) | -8% |
| North Shan | 9,400 (5,200 to 13,600) | 8,700 (4,400 to 14,200) | -7%* |
| South Shan | 16,700 (7,900 to 25,400) | 13,900 (8,800 to 20,900) | -17% |
| Shan State Total | 37,100 (26,500 to 47,600) | 32,700 (25,300 to 42,400) | -12% |
| Kachin | 3,900 (1,500 to 6,400) | 3,400 (1,800 to 5,800) | -13% |
| Kayah | NA | 570 (434 to 706) | NA** |
| Chin | NA | 630 (573 to 677) | NA*** |
| National Total (rounded) | 41,000 (30,200 to 51,900) | 37,300 (29,700 to 47,200) | NA**** |

### (၄)

ပြီးခဲ့သည့် မေလ ၂ ရက်နေ့က ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် မြန်မာနိုင်ငံရှိ ဘိန်းအများဆုံးစိုက်ပျိုးရာ ဒေသများတွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရန်အတွက် အစိုးရ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် လုပ်ငန်းရှင်များအားဖိတ်ခေါ်ပြီး ဘိန်းအစားထိုးစီမံကိန်းများ စနစ်တကျဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ဒေါ်ခင်နှင်းသစ်က တင်သွင်းခဲ့သည်။

မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးအန္တရာယ် လျော့နည်းစေရေးအတွက် ဆောင်ရွက်ရန်သည် ဒေသတစ်ခုချင်း၏ ပြဿနာမဟုတ်ဘဲ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများသာမက ကမ္ဘာ့နိုင်ငံများနှင့် ဆက်စပ်ဖြစ်ပေါ်နေခြင်းဖြစ်ကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံ မဲခေါင်ဒေသတွင်းနိုင်ငံများ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများနှင့် မူးယစ်ဆေးဝါးထိန်းချုပ်ရေးစာချုပ်များကို လက်မှတ်ရေးထိုးပြီး နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများအပါအဝင် ကုလသမဂ္ဂနှင့်လည်း ချိတ်ဆက် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအဆိုအား အတည်ပြုဆောင်ရွက်ခြင်းဖြင့် နိုင်ငံတကာတွင် ဂုဏ်သိက္ခာရှိသော နိုင်ငံအဖြစ်သို့ ရှေးရှုဦးတည်စေမည်ဖြစ်ပါကြောင်း ဒေါ်ခင်နှင်းသစ်က ပြောကြားသည်။

အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် ၁၀ ဦးက ရှုထောင့်စုံမှ ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။ ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းသန်းသန်းလွင်က “ဘိန်းစိုက်ပျိုးတဲ့ဒေသတွေဟာ ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးတို့ လိုအပ်တဲ့ဒေသတွေ ဖြစ်ပါတယ်။ တရားဝင်နည်းများနဲ့ ဘဝရပ်တည်လို့မရလို့ သားစဉ်မြေးဆက် ဘိန်းစိုက်ပျိုးနေရတာ ဖြစ်ပါတယ်။ တရားဝင် ဘဝရပ်တည်မှုမျိုးဖြစ်စေဖို့ ဘိန်းကိုမစိုက်စေချင်ဘူးဆိုရင် ဘဝရပ်တည်မှုရအောင် ဝိုင်းဝန်းဖန်တီးပေးဖို့ လိုအပ်မှာဖြစ်ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံမှာ ကမ္ဘာ့နိုင်ငံများနှင့်ပူးပေါင်းပြီး ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်ပန်းတိုင် ၁၇ ချက်ကို ၂၀၃၀ ပြည့်နှစ်အမီ ဆောင်ရွက်ရမှာဖြစ်တဲ့အတွက် ဝေးလံခေါင်ဖျား ဖွံ့ဖြိုးမှုနောက်ကျကျန်ခဲ့တဲ့ တိုင်းရင်းသားလူမျိုးစုတွေ နေထိုင်ရာဒေသတွေ မကျန်ခဲ့ဖို့ လိုအပ်ပါတယ်။ မူးယစ်ဆေးဝါးအန္တရာယ်လျော့ပါးရေးဟာ အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်တာနဲ့အညီ မူးယစ်ဆေးဝါးရဲ့အရင်းအမြစ်ဖြစ်တဲ့ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုကို လုံးဝဖြတ်တောက်ဖို့ လိုအပ်ပါတယ်။ ဘိန်းစိုက်ဒေသတွေမှာ ဘိန်းအစားထိုးစီမံကိန်းဆောင်ရွက်ဖို့ အစိုးရရဲ့ဘက်က ထိထိရောက်ရောက်ဆောင်ရွက်ဖို့ အခက်အခဲဖြစ်နေချိန်မှာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရန်အတွက် အစိုးရအနေနဲ့ ပုဂ္ဂလိကလုပ်ငန်းရှင်တွေဖိတ်ခေါ်ပြီး ဘိန်းအစားထိုးစီမံကိန်းတွေ စနစ်တကျ ဆောင်ရွက်သင့်ပါတယ်”ဟု လွှတ်တော်သို့ တင်ပြဆွေးနွေးခဲ့သည်။

နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က လူသားမျိုးနွယ်တို့၏ အန္တရာယ်ဖြစ်သည့် မူးယစ်ဆေးဝါးအန္တရာယ်ကို နိုင်ငံတော်အစိုးရအနေဖြင့် မိမိတို့နိုင်ငံ၏ တားဆီးကာကွယ်မှုစွမ်းအားဖြင့်လည်းကောင်း၊ ဒေသတွင်းနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများဖြင့်လည်းကောင်း၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ကာကွယ်တိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို တစိုက်မတ်မတ် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း၊ အနာဂတ်တွင်လည်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အဆိုနှင့်စပ်လျဉ်း၍ လက်ရှိအခြေအနေတွင် နိုင်ငံတော်အစိုးရ၏ အတိတ်က ဆောင်ရွက်ချက်များ၊ လတ်တလော ဆောင်ရွက်ချက်များအပြင် အနာဂတ်ကာလတွင်လည်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

မူးယစ်ဆေးဝါးအန္တရာယ်သည် မြန်မာတစ်မျိုးသားလုံးအတွက်သာမက ကမ္ဘာ့လူသားအားလုံးအတွက် ကြီးမားသည့် စိန်ခေါ်မှုတစ်ရပ်ဖြစ်သည့်အတွက် တားဆီးကာကွယ်ခြင်း၊ အစားထိုးစီမံကိန်းများ ဆောင်ရွက်ပေးခြင်း စသည့်လုပ်ငန်းစဉ်များသည် ကြီးမားကျယ်ပြန့်ပါကြောင်း၊ ကြီးမားကျယ်ပြန့်ခြင်းနှင့်အတူ နည်းပညာ၊ အချိန်နှင့် ငွေကြေးအင်အား ပမာဏများပြားစွာ သုံးစွဲဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်ကြောင်းကို တွေ့ရှိရပါကြောင်း၊ နိုင်ငံတော်အစိုးရ၏ ဘိန်းအစားထိုးလုပ်ငန်းစဉ်များအား ပုဂ္ဂလိကလုပ်ငန်းရှင်များက တက်တက်ကြွကြွ လက်တွဲပူးပေါင်း ကူညီဆောင်ရွက်မည်ဆိုပါက ဒေသခံတောင်သူများအတွက် များစွာအကျိုးရှိမည့် လုပ်ငန်းတစ်ရပ်ဖြစ်သည့်အတွက် နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ရန်အတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များကို ဖိတ်ခေါ်အပ်ပါကြောင်း၊ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများနှင့်လည်းဆက်သွယ်၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပံ့ပိုးကူညီဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် အဆိုအား အတည်ပြုပေးပါရန် ရှင်းလင်းပြောကြားခဲ့ကာ ပြည်သူ့လွှတ်တော်က အတည်ပြုခဲ့သည်။

“မူးယစ်ဆေးဝါး အန္တရာယ်ဟာ မြန်မာတစ်မျိုးသားလုံးသာမက ကမ္ဘာ့လူသားတွေအားလုံးအတွက် ကြီးမားတဲ့ စိန်ခေါ်မှုဖြစ်တဲ့အတွက် တားဆီးကာကွယ်ခြင်း၊ အစားထိုးစီမံကိန်းတွေ ဆောင်ရွက်ပေးခြင်းစတဲ့ လုပ်ငန်းစဉ်တွေဟာလည်း ကြီးမားကျယ်ပြန့်ပါတယ်။ နည်းပညာ၊ အချိန်နဲ့ ငွေကြေးအင်အား ပမာဏများပြားစွာ သုံးစွဲဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်တစ်ရပ်လည်း ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရရဲ့ ဘိန်းအစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်တွေမှာ ပုဂ္ဂလိကလုပ်ငန်းရှင်တွေက တက်တက်ကြွကြွနဲ့ လက်တွဲဆောင်ရွက်မယ်ဆိုရင် ဒေသခံဘိန်းစိုက်တောင်သူတွေအတွက် အဆင်ပြေ အကျိုးရှိမှာ ဖြစ်ပါတယ်” ဟု ဒေါ်ခင်နှင်းသစ်က ပြောသည်။

“အခုဆိုရင် ရှမ်းပြည်နယ်က ဘိန်းစိုက်တဲ့နေရာတွေမှာ အစားထိုးသီးနှံအနေနဲ့ ဝူးလုံလက်ဖက်ပင် ဧက ၂၀၀ ကျော် စိုက်ပျိုးထားပြီဖြစ်ပါတယ်။ အဲဒီ လက်ဖက်ခြောက်ကို ပြည်တွင်းတင်သာမက ပြည်ပအထိ ဖြန့်ဖို့ ရည်ရွယ်ထားတယ်လို့လည်း သိရပါတယ်။ အဲဒီလိုပဲ ကော်ဖီပင်တွေလည်း စိုက်ပျိုးလို့ရပါတယ်။ ဒါကြောင့် ဘိန်းအစားထိုးစီမံကိန်းတွေမှာ ဒီလိုစိုက်ပျိုးသီးနှံတွေ စိုက်ပျိုးဖို့ ပုဂ္ဂလိကလုပ်ငန်းရှင်တွေ ဖိတ်ခေါ်အပ်ပါတယ်”ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ပြည်သူ့လွှတ်တော်က အတည်ပြုလိုက်သည့် မြန်မာနိုင်ငံရှိ ဘိန်းအများဆုံး စိုက်ပျိုးရာဒေသများတွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးရန်အတွက် အစိုးရ၏ပူးပေါင်းဆောင်ရွက်မှုဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များအား ဖိတ်ခေါ်ပြီး ဘိန်းအစားထိုးစီမံကိန်းများ စနစ်တကျဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုသည် တိုင်းရင်းသားများအရေးကို ဦးစားပေးဆောင်ရွက်နေသည့် လက်ရှိအစိုးရ၏ မူဝါဒနှင့်လည်း ကိုက်ညီလျက်ရှိသည်။

ထို့ကြောင့် နိုင်ငံသူ နိုင်ငံသားများအားလုံး၏ ကောင်းကျိုးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဘိန်းအစားထိုးစီမံကိန်းများ စနစ်တကျဆောင်ရွက်နိုင်ရန် စွမ်းဆောင်နိုင်သော ပုဂ္ဂလိကလုပ်ငန်းရှင်များက အစိုးရအကူအညီဖြင့် ပူးပေါင်းဆောင်ရွက်ကြမည်၊ ဝေးလံခေါင်ဖျားသည့် တောင်ပေါ်ဒေသများတွင် နေထိုင်ကြသည့် တိုင်းရင်းသားညီအစ်ကို မောင်နှမများကလည်း စာနာနားလည်စွာဖြင့် ပူးပေါင်းပါဝင်ကြမည်ဆိုပါက အဆိပ်ပင်များနေရာတွင် ဖွံ့ဖြိုးရေးအသီးအပွင့်များ ဖူးပွင့်ဝေဆာလာလိမ့်မည်ဟု ယုံကြည်မျှော်လင့်မိပါသည်။ ။



၂၀၁၈ ခုနှစ်က ရှမ်းပြည်နယ်တောင်ပိုင်း ကျေးရွာတစ်ရွာရှိ ဘိန်းစိုက်ခင်းအား တွေ့ရစဉ်။



## ဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဂျူဒိုပြိုင်ပွဲဖွင့်

**ရန်ကုန် ဇွန် ၄**

၂၀၁၉ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား သက်ငယ်တန်းနှင့် အသက် ၂၀ အောက် တံခွန်စိုက်ဂျူဒိုပြိုင်ပွဲနှင့် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲက ရန်ကုန်မြို့ အောင်ဆန်းအားကစားကွင်းရှိ မိုးလုံလေလုံခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်းက အဖွင့်အမှာစကားပြောကြားသည်။

အဖွဲ့ချုပ်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် ဂျူဒိုအားကစား တိုးတက်မြင့်မားလာရေးအတွက် ကြိုးစားနေချိန်တွင် ယခုလို မျိုးဆက်သစ်များအတွက် ကျင်းပပေးသည့် လူသစ်တန်းနှင့် အသက် ၂၀ အောက် တံခွန်စိုက်ပြိုင်ပွဲများမှတစ်ဆင့် မြန်မာ့ဂုဏ်ဆောင် အားကစားသမားများဖြစ်လာရန် ရည်ရွယ်ကျင်းပပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဂျူဒိုပြိုင်ပွဲတွင် အား/ကာသိပ္ပံ (မန္တလေး)၊ ရန်ကုန်၊ မုံရွာ၊ တောင်ကြီး၊ လှိုင်ကော်၊ ရွှေပြည်သာအသင်း၊ အောင်ဆန်းအသင်း၊ ဒဂုံဆိပ်ကမ်းအသင်း၊ ရန်ကုန်တက္ကသိုလ်အသင်း၊ မွန်ပြည်နယ်အသင်း၊ ရောဝတီအသင်း၊ ရန်ကုန်အမျိုးသားရေကူးကန်အသင်း၊ ဒဂုံတက္ကသိုလ်အသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဂျူဒိုအားကစားမောင်မယ် ၁၃၀ တို့ ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**သတင်း၊ ဓာတ်ပုံ -စောသိန်းဝင်း**

## ပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ(ဒုတိယ)ပွဲစဉ်ကို ဟံသာဝတီဂေါက်ကွင်း (ပဲခူး)၌ ကျင်းပမည်

**ရန်ကုန် ဇွန် ၄**

မြန်မာနိုင်ငံတွင် ထူးချွန်သော ဂေါက်သီး အားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့က ကြီးမှူး၍ မြဝတီဘဏ် လီမိတက်၏ အဓိကကူညီပံ့ပိုးမှုဖြင့် ကျင်းပသည့် ၂၀၁၉ခုနှစ် မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ (ဒုတိယ)ပွဲစဉ်ကို ဟံသာဝတီဂေါက်ကွင်း ပဲခူးမြို့၌ ဇွန် ၁၃ ရက်မှ ၁၆ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ပညာရှင်အဆင့် ပြိုင်ပွဲ၊ ဝါသနာရှင်အဆင့် အမျိုးသား (H’cap 0-12) ပြိုင်ပွဲ၊ ဝါသနာရှင်အဆင့် အမျိုးသမီး (H’cap 0-18) ယှဉ်ပြိုင် ကစားခွင့်ပြုမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ဦးရေ ကန့်သတ်ထားကာ စိန့်အင်ဒရူး ဂေါက်သီးစည်းမျဉ်းများနှင့် ဒေသန္တရစည်းမျဉ်းများ အတိုင်း ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးအားကစားသမားများသည် ဇွန် ၁၁ ရက်၊ မွန်းလွဲ ၂ နာရီ နောက်ဆုံးထား၍ ပညာရှင်အဆင့် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀၊ ဝါသနာရှင်အဆင့်တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ ဖြင့် ဖုန်း ၀၉-၇၇၉၈၄ ၆၇၆၁ သို့ စာရင်းပေးသွင်းနိုင်သည်။

စာရင်းပေးသွင်းထားပြီး ပြိုင်ပွဲဝင်ကြေး ပေးသွင်းထားသူများသည် ဇွန် ၁၁၊ ၁၂ ရက်တွင် (Official Practice Round) ကစားခွင့်ရမည်ဖြစ်သည်။ အမည်စာရင်းပေးသွင်းထားပြီး ပြိုင်ပွဲမဝင်နိုင်ပါက ပြိုင်ပွဲမတိုင်မီ ကြိုတင်အကြောင်းကြားရန်ဖြစ်ပြီး အကြောင်းကြားခြင်းမရှိပါက နောက်ပွဲစဉ်များတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမည်မဟုတ်ကြောင်းနှင့် ပြိုင်ပွဲဝင်ကြေးပေးသွင်းရန်နောက်ကျသော ကစားသမားများအား ပြိုင်ပွဲအတွဲဇယားများတွင် ထည့်သွင်းရေးဆွဲမည်မဟုတ်ကြောင်း မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်က ထုတ်ပြန်ထားသည်။

**ဖိုးသော်ဇင်**

## ဥကပ်ပါးနကျယ်လွှတ်ခြင်း ကွင်းသရုပ်ပြပွဲ ဒီပဲယင်းတွင် ကျင်းပ

**ဒီပဲယင်း ဇွန် ၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် ဝဘာကျေးရွာရှိ တောင်သူခုနစ်ဦးပိုင် စပါးဧက ၂၀ အတွင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ ကြီးမှူးပြီး ဘက်စုံသီးနှံ ကာကွယ်နှိမ်နင်းရေး နည်းစနစ်တစ်ခုဖြစ်သည့် ဇီဝနည်းဖြင့်ကာ ကွယ်နှိမ်နင်းရေးနည်းလမ်း (ထရိုင်ဂိုဂရားမား)ဥကပ်ပါးနကျယ်လွှတ်ခြင်း ကွင်းသရုပ်ပြပွဲကို ဇွန် ၄ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးရေး ဝန်ထမ်းများနှင့် တောင်သူများမှ စပါးဧက ၂၀ သို့ တစ်ဧကလျှင် ဥကပ်ပါးနကျယ် အကောင်ရေ ၄၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ဥကပ်ပါးနဂျီအကောင် ၈၀၀၀၀၀ကို လွှတ်ပေးခဲ့ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

# အနုပညာ

## အိုင်ယူဆီကို လက်ဆောင်တွေပို့ပေးခဲ့တဲ့ ဆောင်းဟေကို

လတ်တလောမှာတော့ တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့မင်းသမီးတစ်ဦးဖြစ်သူ အိုင်ယူရဲ့ရိုက်ကွင်းကို လက်ဆောင်တွေ ရုတ်တရက် ရောက်ရှိလာပါတယ်။ လက်ဆောင်တွေကတော့ ကော်ဖီနဲ့ အချိုပွဲတွေ၊ အခြားသော စားသောက်ဖွယ်ရာတွေ ဖြစ်ပါတယ်။ လက်ဆောင်တွေကြောင့်အံ့အားသင့်ခဲ့ရပြီး ဒီလက်ဆောင်တွေကိုတော့ မင်းသမီး ဆောင်းဟေကိုက ပေးပို့ခဲ့တာ ဖြစ်ပါတယ်လို့ ကိုရီးယားဘိုးဒေါ့ကွန်းရဲ့ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အိုင်ယူဟာ “ Hotel Deluna” ရုပ်ရှင်ကို ရိုက်ကူးနေတာဖြစ်ပြီး ညဘက်တွေမှာ နောက်ကျတဲ့အထိ အလုပ်လုပ်ကြရတဲ့ ရိုက်ကူးရေးသမားတွေအတွက်ပါ ဆောင်းဟေကိုက စားစရာတွေ ပေးပို့ခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။ ဆောင်းဟေကိုဟာ သူ့ရဲ့ပတ်ဝန်းကျင်ကလူတွေကို ဂရုစိုက်တတ်သူတစ်ဦးဖြစ်ပြီး ခင်မင်ရတဲ့ သူငယ်ချင်းတစ်ဦးဖြစ်သူ အိုင်ယူအတွက်လည်း ယခုလို လက်ဆောင်တွေ ပေးပို့ခဲ့တာပါ။

ဒီလို လက်ဆောင်တွေ လက်ခံရရှိခဲ့တာကြောင့် ကျေးဇူးတင်ကြောင်း အိုင်ယူက သူ့ရဲ့ လူမှုကွန်ရက်စာမျက်နှာပေါ်မှာ ရေးသားဖော်ပြကာ ဆောင်းဟေကိုဆီ ပြန်လည်ပေးပို့ခဲ့တယ်လို့လည်း သိရပါတယ်။

**အေးပြည့်-စုစည်းသည်**



ဇွန် ၃ ရက် ညပိုင်းက နယူးယော့ခ်မှာ ပြုလုပ်ခဲ့တဲ့ **2019 CFDA Fashion Awards** ကို တက်ရောက်လာသော ဂျနီဖာလိုပက်ဇ် (ဝဲ) နဲ့ ဂျီဂျီဟာဒစ် (ယာ) တို့ကိုတွေ့ရစဉ်။

## တေးသီချင်းသစ် ဖန်တီးနေတဲ့ လင်ဆေးလိုဟန်



ဟောလိဝုဒ်ရဲ့ ကျော်ကြားတဲ့ သရုပ်ဆောင်နဲ့ တေးသံရှင်တစ်ဦးဖြစ်သူ လင်ဆေးလိုဟန်ဟာ သူ့ရဲ့ တေးသီချင်းသစ်ကို ဖန်တီးနေကြောင်း လတ်တလောမှာ အွန်လိုင်းမီဒီယာပေါ်ကနေတစ်ဆင့် အသိပေးခဲ့တာ ဖြစ်တယ်လို့ အီးတီအွန်လိုင်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လင်ဆေးလိုဟန်ဟာ သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ စတူဒီယိုအတွင်းရိုက်ကူးထားတဲ့ သူ့ရဲ့ဓာတ်ပုံကို ဖော်ပြခဲ့ပါတယ်။ အဲဒီဓာတ်ပုံမှာတော့ တေးသီချင်းနဲ့ပတ်သက်တဲ့စာရွက်တွေနဲ့ မိုက်နဲ့သီချင်းဆိုနေတဲ့ပုံကြောင့် လင်ဆေးလိုဟန်အနေနဲ့ တေးသီချင်းသစ်ဖန်တီးနေကြောင်း မီဒီယာတွေက ဝေဖန်ခဲ့တာဖြစ်ပါတယ်။ လင်ဆေးလိုဟန်ကတော့သူ့ရဲ့ ဓာတ်ပုံအောက်မှာ တစ်စုံတစ်ရာ ရေးသားဖော်ပြခဲ့ခြင်းမရှိဘဲ အီမိုဂျီပုံလေးတွေသာ ဖော်ပြခဲ့တယ်လို့လည်း သိရပါတယ်။



## တေးအယ်လ်ဘမ်သစ်နဲ့အတူ ပရိသတ်ရှေ့အရောက်ပြန်လာမယ့် Red Velvet

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီး တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ “ Red Velvet” ဟာ ယခုလအတွင်း တေးအယ်လ်ဘမ်သစ်ကို ထုတ်လွှင့်ကာ ပရိသတ်ရှေ့အရောက်ပြန်လာဖို့ရာ စီစဉ်ထားတာဖြစ်ပါတယ်။ လတ်တလောမှာတော့ တေးအယ်လ်ဘမ်သစ်အတွက် စမ်းသပ်ထုတ်လွှင့်မှုတွေပြုခဲ့ကြောင်း အီးအွန်လိုင်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ယခုနှစ်အတွင်း အဖွဲ့ရဲ့ပထမဆုံးသော တေးသီချင်းသစ် ထုတ်လွှင့်မှုအဖြစ် မီနီတေးအယ်လ်ဘမ်သစ်ကို ထုတ်လွှင့်သွားမှာပါ။ ဒီတေးအယ်လ်ဘမ်ကိုတော့ “ The ReVe Festival: Day 1” လို့အမည်ပေးထားပြီး လာမယ့် ဇွန် ၁၉ ရက်မှာ စတင်ထုတ်လွှင့်ပေးသွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။ မီနီတေးအယ်လ်ဘမ်သစ် ထုတ်လွှင့်မယ့်ရက်ကို အဖွဲ့က ဇွန် ၄ ရက်မှာ တရားဝင်လူမှုကွန်ရက်မီဒီယာပေါ်ကနေတစ်ဆင့် ထုတ်ဖော်အသိပေးခဲ့တာပါ။ တေးအယ်လ်ဘမ်သစ်နဲ့ပတ်သက်ပြီး ရွှေဒင်္ဂါးပုံတစ်ပုံကို ဖော်ပြခဲ့ပါတယ်။ အဆိုပါ အင်္ဂါးပြားပေါ်မှာတော့ အဖွဲ့ဝင်တွေရဲ့အမည်နဲ့ တေးအယ်လ်ဘမ်သစ် ထုတ်လွှင့်သွားမယ့်ရက်ကို ရေးထိုးထားတာကိုလည်း တွေ့ရပါတယ်။

အဖွဲ့ဝင်ငါးဦးပါဝင်တဲ့“ Red Velvet” ရဲ့တေးအယ်လ်ဘမ်သစ် ထုတ်လွှင့်မယ့်ရက်နဲ့ ဖျော်ဖြေပွဲတွေကိုလည်း ပရိသတ်တွေက စောင့်မျှော်နေကြောင်းလည်း သိရပါတယ်။

## အလယ်တန်း Grade - 6 နှင့် မူလတန်း Grade - 3 သင်ရိုးသစ်များနှင့်အတူ ကျောင်းများစတင်ဖွင့်



**ရန်ကုန် ဇွန် ၄**
နိုင်ငံတစ်ဝန်း ကျောင်းများ စတင်ဖွင့်လှစ်လိုက်ပြီဖြစ်ရာ ကျောင်းသားမိဘများအနေဖြင့် သက်ဆိုင်ရာကျောင်းများတွင် ကျောင်းသားကျောင်းသူလေးများအား လိုက်လံပို့ဆောင်ခြင်း၊ စောင့်ကြိုခြင်းနှင့်အတူ ကျောင်းရှေ့တွင် စည်ကားများပြားလျက်ရှိသည်။

ယခုနှစ် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် အလယ်တန်းတွင် Grade - 6 နှင့် မူလတန်းတွင် Grade - 3 သင်ရိုးသစ်များနှင့်အတူ စာတွေ့အပြင် လက်တွေ့သင်ခန်းစာများ ထည့်သွင်းသင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

ထပ်မံ၍ နောင်နှစ်များတွင် အခြေခံပညာအလယ်တန်းအဆင့် Grade - 6 မှ Grade - 9 အထိနှင့် မူလတန်းအဆင့် Grade - 1 မှ Grade - 5 အထိ၊ အထက်တန်းအဆင့် Grade - 10 မှ Grade - 12 အထိ သင်ရိုးညွှန်းတမ်းသစ်များလည်း ပြောင်းလဲသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ်ကတော့ အခြေခံပညာအလယ်တန်းအဆင့်ရဲ့ Grade -6 ကို သင်ရိုးသစ်နဲ့သွားမယ်၊ မူလတန်းမှာဆို Grade - 3 ပေါ့၊ သင်ရိုးသစ်နဲ့သွားမှာပါ။ အဓိကက ကလေးဗဟိုပြုစနစ်နဲ့သွားတာဆိုတော့ ကလေးတွေရဲ့ ပတ်ဝန်းကျင်မှာသာတွေ့နေမြင်နေတဲ့ အသိအမြင်တွေနဲ့ စာတွေ့လက်တွေ့ပေါင်းစပ်ပြီးသင်တာဖြစ်လို့ ကောင်းတဲ့စနစ်ပါ၊ နောက်ပိုင်းမှာ ကျူရှင်တွေပျောက်ပြီး တွေးခေါ်မြော်မြင်တတ်တဲ့ ထူးချွန်တဲ့ကလေးတွေ ထွက်ပေါ်လာမှာပါ" ဟု Grade-6 အတန်းမှ ဆရာမဒေါ်သန်းသန်းရွှေ (အထက-၂) မရမ်းကုန်းက ပြောသည်။

ယင်းအခြေခံပညာရေးသင်ရိုးသစ်သည် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် သူငယ်တန်း (KG) အား သင်ရိုးညွှန်းတမ်းအသစ် စာတွေ့လက်တွေ့ ပြောင်းလဲခဲ့ပြီး မူလတန်းအဆင့်တွင် Grade - 1 ကို ၂၀၁၇ - ၂၀၁၈ တွင်လည်းကောင်း၊ Grade - 2 ကို ၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်တွင်လည်းကောင်း သင်ရိုးသစ်များဖြင့် နိုင်ငံတစ်ဝန်း အခြေခံကျောင်းများတွင် ပြောင်းလဲသင်ကြားခဲ့ပြီးဖြစ်သည်။

**မြင့်မောင်စိုး**

## ပွင့်ဖြူမြို့နယ်တွင် ကျောင်းကျန်းမာရေး အသိပညာပေးဟောပြော

**ပွင့်ဖြူ ဇွန် ၄**
မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ချောင်းဆုံကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းတွင် ဇွန် ၃ ရက် နံနက် ၁၀ နာရီခွဲက ကျောင်းသား ကျောင်းသူများအား နံရံကပ်စာစောင်၊ မှတ်တမ်းဓာတ်ပုံပြသခြင်းနှင့် ကျောင်းကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မေသန္တာအောင်က အားလပ်ချိန်များတွင် စာပေလေ့လာဖတ်ရှုကြရန်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မော်မော်ဝင်းက တစ်ကိုယ်ရေကျန်းမာသန့်ရှင်းစွာ နေထိုင်ရမည့်နည်းလမ်းများနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက သက်ငယ်မုဒိမ်းမှုမဖြစ်အောင် ရှောင်ကြဉ်ရန်အချက်များ၊ လူကုန်ကူးမှုအန္တရာယ် ကြိုတင်ကာကွယ်ရန်နည်းလမ်းများကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ စာဖတ်ဝိုင်းများပြုလုပ်ခြင်း၊ တိုင်းကျိုးပြည်ပြုဖွံ့ဖြိုးရေးဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ၊ ဒေသတွင်းဖွံ့ဖြိုးရေးလုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ်ဆိုင်ရာ နံရံကပ်စာစောင်များကို ပြသထားရာ ကျောင်းသားကျောင်းသူများက ဖတ်ရှုလေ့လာခဲ့ကြသည်။

ထို့နောက် ပွင့်ဖြူမြို့နယ် ညောင်ပင်ဇောက်ကျေးရွာ သာမဂ္ဂီသုခပရဟိတလူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဦးကျော်စန်းထွေးနှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူ ၁၁၃ ဦးအတွက် ကျောပိုးအိတ် ၁၁၃ လုံးကိုလည်းကောင်း၊ လေးအိမ်ကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းရှိ ကျောင်းသားကျောင်းသူ ၇၃ ဦးအတွက် ကျောင်းသုံးဗလာစာအုပ် ၇၃ ဒါဇင်၊ ကွန်ပါဘူး ၇၃ ခုနှင့် စာရေးကိရိယာပစ္စည်းများကိုလည်းကောင်း အသီးသီးထောက်ပံ့ခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

## ရွှေဘိုမြို့တွင် ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ



**ရွှေဘို ဇွန် ၄**
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့တွင် ဇွန် ၂ ရက် ညနေ ၄ နာရီက အမှတ် (၃) ရပ်ကွက် ဘိုကုန်းရပ်ရှိ ရန်ကြီးအောင်အားကစားကွင်း၌ ကျေးရွာအလိုက် အလွတ်တန်းဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ကျင်းပသည်။

ဗိုလ်လုပွဲတွင် ပန်းရံကျေးရွာဘောလုံးအသင်းနှင့် ဆိပ်ခွန်ကျေးရွာဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဆိပ်ခွန်ကျေးရွာဘောလုံးအသင်းက အနိုင်ရရှိခဲ့သည်။

ဆက်လက်၍ ရွှေဘိုမြို့နယ်စည်ပင်သာယာ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဦးက နေရာအလိုက်အကောင်းဆုံးကစားသမားဆု ချီးမြှင့်သည်။ ဒုတိယဆုရရှိသော ပန်းရံကျေးရွာဘောလုံးအသင်းအား မြို့နယ်လဝကမှူး ဦးတင်ထွန်းနှင့် ပထမဆုရရှိသော ဆိပ်ခွန်ကျေးရွာဘောလုံးအသင်းအား မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတာဇံက ဆုတံဆိပ်နှင့် ငွေသားငါးသိန်းကျပ်၊ ရွှေဘိုမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသောင်းဟိန်းက တံခွန်စိုက်ဆုကို ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မိုးသောက် (ရွှေဘို)**

## နမ့်ခမ်းမြို့တွင် စုပေါင်းစက်ဘီးစီးပွဲကျင်းပ

**နမ့်ခမ်း ဇွန် ၄**
ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့တွင် ကမ္ဘာလုံးဆိုင်ရာ စက်ဘီးစီးနေ့ (World Bicycle Day ) အထိမ်းအမှတ်အဖြစ် စုပေါင်းစက်ဘီးစီးပွဲကို ဇွန် ၃ ရက် နံနက်ပိုင်းက ကျင်းပသည်။

စုပေါင်းစက်ဘီးစီးပွဲကို စုရပ်ဖြစ်သော နမ့်ခမ်းမြို့ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှေ့မှနေ၍ နံနက် ၆ နာရီမှစတင်တာထွက်ကာ ကောင်းထက်၊ မိုခမ်း၊ အောင်မင်္ဂလာ၊ ပေါက်နေ၊ စာရေးတန်း၊ ဟိုကတ်၊ နောင်စန့်ရပ်ကွက်များရှိ သတ်မှတ်ထားသည့်လမ်းများအတိုင်း လမ်းကြောင်းအရှည် ခြောက်ကီလိုမီတာခန့်ကိုပတ်ပြီး မြို့နယ်အားကစားကွင်းအတွင်း ပန်းဝင်ခဲ့ကြသည်။

World Bicycle Day စက်ဘီးစီးပွဲတွင် စက်ဘီးဝါသနာရှင်များက တူညီဝတ်စုံများဝတ်ဆင်စီးနင်းခဲ့ခြင်းဖြစ်ပြီး နမ့်ခမ်းမြို့မှပြည်သူများ၊ အားကစားဝါသနာရှင်များက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**အောင်မင်း**



## တိုတိုထွာထွာဖတ်စရာ

### အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်

**ကျုံပျော်**
ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်အတွင်းရှိ အခြေခံပညာ စာသင်ကျောင်းများ ဇွန် ၃ ရက်တွင် စတင်ဖွင့်လှစ်သည်။

ကျုံပျော်မြို့နယ်တွင် အခြေခံပညာသင်ကြားရေးအတွက် ကျောင်းပေါင်း ၂၅၀ ကျော်နှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသုံးကျောင်း ဖွင့်လှစ်ထားပြီး ဆရာ ဆရာမဦးရေ ၁၉၀၀ ရှိကြောင်း သိရသည်။

**နေဝန်းရှိန်(ကျုံပျော်)**

**ရွှေသောင်ယံ**
မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာသင်ကျောင်းများကို ဇွန် ၃ ရက်တွင် စတင်ဖွင့်လှစ်သင်ကြားလျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး ရွှေသောင်ယံမြို့ရှိ စာသင်ကျောင်းများတွင်လည်း နံနက်ပိုင်းမှစတင်၍ အေးချမ်းစွာ စတင်ဖွင့်လှစ် သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ **ဟိန်းမင်းယဉ်**

### ယာဉ်အန္တရာယ်ကင်းရှင်းရေး ကူညီပေး

**သီပေါ**
ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ကျောင်းသားကျောင်းသူများ ကျောင်းတက်၊ ကျောင်းဆင်းချိန်များတွင် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ဇွန် ၃ ရက်က ကူညီစောင့်ရှောက်လျက်ရှိကြောင်း သိရသည်။

**စိုင်း (သီပေါ)**

### မူးယစ်ဆေးဝါးဆိုင်ရာ နည်းဥပဒေများဆွေးနွေး

**ဂန့်ဂေါ**
မူးယစ်ဆေးဝါးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ ဆွေးနွေးပွဲကို ဇွန် ၃ ရက် နံနက် ၁၀ နာရီက ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ပြုလုပ်သည်။

ခရိုင်ဥပဒေအရာရှိ ဦးကျော်ကျော်လင်း က မူးယစ်ဆေးဝါးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်ပတ်သက်၍လည်းကောင်း၊ ခရိုင်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးခင်မောင်လှိုင်က ဆောင်ရွက်ထားသည့်လုပ်ငန်းများနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းကြကာ တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

**စိန်ကျော်**



နေပြည်တော် လယ်ဝေးမြို့နယ် သာဝတ္ထိနယ်မြေရဲစခန်းမှူး ဒုရဲအုပ်မျိုးသက်ဦးနှင့် တပ်ဖွဲ့ဝင်များသည် လယ်ဝေးမြို့နယ် တည်ထောင်အုပ်စု ကြံဖိုစုတဲစုရွာတွင် ဇွန် ၂ ရက် မွန်းလွဲ ၁ နာရီက ဒေသခံများအား သက်ငယ်မုဒိမ်းမှုမဖြစ်ပွားစေရေး အသိပညာပေးဟောပြောစဉ်။

**ကျော်လှိုင်သင်း(နေပြည်တော်)**

"မျက်နှာစာ အကျယ်ပေ(၅၀၀)ကျော်၊ အရှေ့အနောက် အကျယ်ပေ(၁၈၀၀)ကျော်၊ နေပြည်တော်၊ မြို့မစျေးသွားကားလမ်းကြီးဘေးမေးတင်၊ နေရာကောင်း(KLO)ဆီပန့်ရှေ့ စားသောက်ဆိုင်တန်းများအနီးရှိ (နှစ်ကိုးဆယ်ဂရန်မြေ)ကိုးကေမြေကွက်ကြီးအားရောင်းမည်။" 09-2039566, 09-448548778, 09-8300442

Vibhavadi HOSPITAL

ပြီးပြည့်စုံသော သင့်ကျန်းမာရေးအတွက်

ဖိတ်ခေါ်ပါရစေ...

ဒီတ်ချယုံကြည် ဝိဘာဝဒီ

ခရုသင်း (သမင်ဖြူ)

LEUCODERMA

ခရုသင်း (သမင်ဖြူ)၊ ဖြူနီနက်ကွက်များ၊ အနာကြီးရောဂါ၊ ယားနာ၊ ပွေး၊ ဝဲ၊ နှင်းခူ နှင့် အရေပြားရောဂါအမျိုးမျိုးကို ကုသပေးသည်။

ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့နယ်၊ အ.ထ.က(၂) အဋ္ဌမတန်း (A)မှ မောင်စည်သူထွန်း၏ ဖခင်အမည်မှန်မှာ ဦးရဲထွန်းဝင်း ၁၄/ဒဒရ(နိုင်)၁၁၁၁၂၈ဖြစ်ပါသည်။

အားလုံးကျန်းမာရေးဒေါ်ကြွယ်ဆေး

ဒေါ်ကြွယ် အဟူပြီး ဆေးဆေး

အမှတ်တံဆိပ်

မောပန်းနွမ်းဖေ၊ အိပ်မပျော်၊ စားမဝင်၊ ရင်ပြည့်ရင်ကယ်၊ ဝမ်းဖောဝမ်းရောင်၊ ခေါင်းချွေးထွက်၊ ချိုင်းချွေးနံ၊ ဆီးယပ်ဖြူဆင်းခြင်းနှင့် သွေးဆုံးရောဂါများကို သုံးစွဲနိုင်ပါသည်။

TMR001516(1019)

MM

အုံမြိုသစ်အရှေ့ပိုင်း

တောင်ပိုင်း၊ မြောက်ပိုင်း

ဆိပ်ကမ်းရှိမြေကွက်များ

ဝယ်လိုသည်။

09-444880970

မညွန့်

မြေကွက်များရောင်းပေး

ဝယ်လိုသည်

အုံမြိုသစ် (အရှေ့၊တောင်၊ မြောက်၊ဆိပ်ကမ်း) တို့တွင် မြေကွက်များဝယ်ရှိသည်။

ပွဲခပေးရန်မလို

09250370756

ကိုဆောင်း

မြို့နယ်စုံအိမ်ခြံမြေ

တိုက်ခန်း၊ ကွန်ဒို

ကောကွက်များ

ရောင်းလို၊ ဝယ်လို

စုံစမ်းလိုလျှင်

09-5044836

PAE

Myanmar Classic Group Co.,Ltd.

Air Conditioning Training

(Basic Course)

သင်၏အနာဂတ်မှာ Professional တစ်ယောက်အဖြစ်ရပ်တည်လိုပါက ...

Air-Con ပညာရပ်ကို စိတ်ပါဝင်စားသူများအတွက် ...

On Job Training နှင့် Practical ...

(16)

17.6.2019

(2) လတိတိ

(Theory+Practical)

(On Job Training)



### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တံတိုင်း၊ ရေကန်ဒါယိကာမကြီး
## ဒေါ်မြင့်မြင့်စန်း (တော်တော်)
### ကထိက၊ ရုက္ခဗေဒ (ငြိမ်း)
### အသက် (၆၆) နှစ်

ရန်ကုန်မြို့ အမှတ်(၁၁၁)၊ ငါးထပ်ကြီးဘုရားလမ်းနေ (ဦးချမ်းမောင်ကွန်း-ဒေါ်ခင်တင့်တင့်)တို့၏သမီး၊ ဦးကျော်ပိုင်(ဥက္ကဋ္ဌ၊ ရတနာရောင်စဉ် Finance)၏ဇနီး၊ ကိုချမ်းကျော်ကျော်ပိုင်(CKKP Flim Production)-ဇင်ဇင်ဇော်မြင့်(ခ)မေသဇင် (သရုပ်ဆောင်)၊ ကိုအောင်ဇော်ဇော်ပိုင် (Director၊ ရတနာရောင်စဉ်၊ Finance)-မငြိမ်းချမ်းမိုးတို့၏မိခင်၊ အောင်ကျော်ကျော်ပိုင်(Year-4, BISY)၊ အေးချမ်းကျော်ကျော်ပိုင်၊ edward paing (ခ)စျာန်ပိုင်၊ ကောင်းကောင်းတို့၏အဘွား၊ (ဒေါ်မြင့်မြင့်ဆွေ)၊ ဒေါ်ခင်ခင်ဝင်း(ပြည်တွင်းအခွန်ဦးစီးဌာန)၊ ဒေါက်တာမြင့်မြင့်သန်းတို့၏ညီမ၊ ဦးစိုးမိုး-ဒေါ်အေးအေးမြင့် (ရွှေဘဏ်)တို့၏အစ်မ၊ မဝေဖူးအောင်၊ မဝင့်ဖူးအောင်၊ မောင်ချမ်းပြည့်စုံစိုးတို့၏အဒေါ်သည် ၃-၆-၂၀၁၉ (တနင်္လာနေ့) နံနက် ၅း၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၆-၂၀၁၉ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

### ဒေါ်တန်တိတ်စီ(ခ)ဒေါ်တင့်စီ
### (မြိတ်)
### ကြောင်နက်ဆေးလိပ်
### အသက်(၈၄)နှစ်

မြိတ်မြို့ တပ်ပြင်ရပ်နေ (ဦးဟွမ်နာ-ဒေါ်ကောက်ငူ)တို့၏ သမီးထွေး၊ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/နောက်ရပ်ကွက်၊ (၈၈)လမ်း၊ အမှတ် (၂၈)နေ (ဦးကျော်လှိုင်)၏ ဇနီး၊ မတင့်တင့်လှိုင်၊ မသန်းသန်းနွယ်၊ ဒေါက်တာကျော်တင့်ထွန်း-ဒေါက်တာထွေးမြစိုး၊ မယဉ်ယဉ်ထွေး-ကိုကျော်စွာလင်းတို့၏ ချစ်လှစွာသောမိခင်၊ မသင်းသီရိသော်၊ မောင်မင်းသော်ကောင်း၊ မောင်ဘုန်းပြည့်သော်အောင်တို့၏ ချစ်လှစွာသောအဘွားသည် ၃-၆-၂၀၁၉ (တနင်္လာနေ့) နံနက် ၁၁း၃၀ နာရီတွင် ဗဟိုရိုက်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၆-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီထွက်ပါမည်။)ကျန်ရစ်သူမိသားစု

---

### ပုလောမြို့နယ်အသင်း(ရန်ကုန်)
### ဒေါ်ဝင်းကြည် (ပုလောမြို့)
### အသက်(၇၅)နှစ်
### အသင်းဝင်အမှတ်-၆၂၀

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့ (၁)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနေ (ဦးလှမြင့်)၏ဇနီးသည် ၃-၆-၂၀၁၉ (တနင်္လာနေ့) ည ၁၀း၃၀ နာရီတွင် ကွယ်လွန်သွားပါ သဖြင့် ၇-၆-၂၀၁၉ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် နေအိမ်မှ ပုလောမြို့သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

အမှုဆောင်အဖွဲ့

---

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဥူးဇနပတိ(ခ)ဦးတင်မြင့်
### သိက္ခာတော်(၁၄)ဝါ၊ သက်တော်(၈၆)နှစ်

ရန်ကုန်မြို့ ရွှေပြည်သာမြို့နယ်၊ အမှတ်(၁၃၇/က)၊ မေခလမ်း၊ (၆/၁၁) ရပ်ကွက်နေ ဒေါ်ညွန့်ကြည်၏ ခင်ပွန်း၊ ဒေါ်လှလှဌေး၊ ဒေါ်မြမြအေး (တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ၊ သမိုင်း)၊ ဦးလေးဝင်း (ဒု-အရာခံ-ငြိမ်း)-ဒေါ်သန်းသန်းဌေး၊ ဦးအောင်လင်း-ဒေါ်ခင်မိုးဆွေ၊ ဦးသက်နိုင်-ဒေါ်ခင်လဲ့လဲ့ထွန်းတို့၏ ဖခင်၊ မြေး ၁၃ ယောက်၊ မြစ်သုံးယောက်တို့၏ အဘိုးသည် ၄-၆-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၁း၁၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ၆-၆-၂၀၁၉ ရက် မွန်းလွဲ ၁ နာရီတွင် ရွှေပြည်သာမြို့နယ်၊ ကျူချောင်သုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၆-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

### သားရဟန်းတော်(၃)ပါးတို့၏ခမည်းတော်ကြီး
## ဦးသိန်းရ
### အသက် (၉၈) နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ အရာတော်မြို့နယ်၊ ငါရဟိုးရွာနေ ဦးလူမုန်း-ဒေါ်အေးမြိုင်တို့၏ သား၊ (ဒေါ်ခင်ညွန့်)၏ခင်ပွန်း၊ ဒေါနခြံဆရာတော်၊ ဗုဒ္ဓဂယာပုည သဟာယကအဖွဲ့ ဩဝါဒါစရိယ၊ တိပိဋကဩဝါဒါစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ စေတိယင်္ဂဏ ပဝရသိရီ မဟာဓမ္မဂုရု လှရတနာဆရာတော်၊ စိန်ရတနာဆရာတော် သားရဟန်း (၃)ပါးတို့၏ ခမည်းတော်ကြီး၊ ဦးတင်ညွန့်-ဒေါ်လှသောင်းတို့၏ ဖခင်ကြီး၊ မောင်ဝင်းမြင့်ဇော်-မမေကြူအောင်၊ မဖြူဖြူနွယ်တို့၏အဘိုး၊ မြစ်သုံးယောက်တို့၏အဘေး ဦးသိန်းရသည် ၃-၆-၂၀၁၉ (တနင်္လာနေ့) ညနေ ၄း၃၀ နာရီတွင် မန္တလေးမြို့ ညိမ်းဆေးခန်း၌ ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဗုဒ္ဓဂယာ ပုညသဟာယကအဖွဲ့**

---

### ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ဆွေဆွေချစ်
### အသက်(၇၀)

ဦးဝင်းထွန်း (ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး-ငြိမ်း)၏ ချစ်လှစွာသောဇနီး ဒေါ်ဆွေဆွေချစ်သည် ၃၀-၅-၂၀၁၉ (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**
**ပြည်ထောင်စုဝန်ကြီးရုံး**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်အမာလေး (၉၉)နှစ်

ဗိုလ်ချုပ်တင်မောင်ဝင်း(အငြိမ်းစား)-ဒေါ်တင်လေးနွယ်တို့၏မိခင် ဘုရား၊ သိမ်၊ ကျောင်းဒါယိကာမကြီး ဒေါ်အမာလေး အသက်(၉၉)နှစ်သည် ၃-၆-၂၀၁၉ရက်တွင် မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နေအိမ်၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**စစ်ရာထူးခန့်ချုပ်ရုံး ဝန်ထမ်းဟောင်းများ**
**HTU Former Brother Groups**

---

### ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်အမာလေး (မော်လမြိုင်)
### အသက်(၉၉)နှစ်

သူငယ်ချင်း ဗိုလ်ချုပ်တင်မောင်ဝင်း(အငြိမ်းစား)-ဒေါ်တင်လေးနွယ်တို့၏မိခင် ဒေါ်အမာလေး(မော်လမြိုင်) အသက်(၉၉) နှစ် သည် ၃-၆-၂၀၁၉ ရက်တွင် မန္တလေးမြို့နေအိမ်၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**O.T.S (61)မှ သူငယ်ချင်းများနှင့် မိသားစုများ**

---

### ဝမ်းနည်းကြေကွဲခြင်း
### ဒို့မိတ်ဆွေ ဦးသန်းမောင် (ကြိုး/ကြိမ်)
### အသက်(၉၆)နှစ်

ဟင်္သာတမြို့ ဒို့မိတ်ဆွေ ဦးသန်းမောင် (ကြိုး/ကြိမ်) ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမြတ်ကျော်-ဒေါ်မြင့်ရီ မိသားစု**
**(၂၉)ရပ်ကွက်၊ သုဝဏ္ဏသင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးခင်မြင့် (မြောင်းမြမြို့)
### အသက်(၉၄)နှစ်

ပတ္တမြား FM မှ ဦးအောင်မျိုးမြင့် (General Manager)၏ ဖခင်ဖြစ်သူ ဦးခင်မြင့် (မြောင်းမြမြို့)သည် ၁-၆-၂၀၁၉ ရက် နံနက်ပိုင်းတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပတ္တမြား FM မိသားစု**
**Padamyar FM Media Co.,Ltd.**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါက်တာဒေါ်ရင်ရင်မေ
### ကလေးအထူးကုဆရာဝန်ကြီး
### အသက် (၇၃) နှစ်

ပထမပုဂ္ဂလိကဘဏ်လီမိတက် ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဦးစိန်မောင်၏ဇနီး၊ ဒေါက်တာအောင်မင်း(ဒါရိုက်တာအဖွဲ့ဝင်)၏မိခင် ဒေါက်တာဒေါ်ရင်ရင်မေ (ကလေးအထူးကုဆရာဝန်ကြီး) အသက်(၇၃) နှစ်သည် ၂၆-၅-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၃း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် အတူ ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပုသိမ်ဘဏ်ခွဲကြီးကြပ်ရေးကော်မတီနှင့် ဝန်ထမ်းများ**
**ပထမပုဂ္ဂလိကဘဏ်လီမိတက်**

---

### ဦးထွန်းသိန်း (B.Sc Math)
### ဘဏ္ဍာရေးဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန(ငြိမ်း)
### အသက် (၆၆) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ရွာ၊ ကျောင်းပိုင်း (၅)နေ (ဦးသိန်းဖေ-ဒေါ်ညွန့်ရီ)တို့၏သား၊ (ဦးကျော်ရွှေ-ဒေါ်အုန်းရီ)၊ ဦးမြသိန်း-ဒေါ်မြင့်ကြည်၊ ဦးလှထွန်း-ဒေါ်စန်းရီတို့၏မောင်၊ ဦးသိန်းဝင်း-(ဒေါ်မြမြအေး)၊ ဦးသန်းဝင်း-ဒေါ်လှလှခိုင်တို့၏အစ်ကိုသည် ၄-၆-၂၀၁၉ (အင်္ဂါနေ့) ညနေ ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၆-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်အမာလေး
### အသက် (၉၉) နှစ်

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ဒုတိယဥက္ကဋ္ဌ ပါမောက္ခဒေါက်တာမာလာဝင်း၏မိခင်ကြီး ဒေါ်အမာလေးသည် ၃-၆-၂၀၁၉ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့်ဝန်ထမ်းများ**
**မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း**

---

### ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ခင်မေ (၈၅) နှစ်

ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ရုံးအကူမှူး ဦးရဲတင့်၏မိခင်သည် ၁-၆-၂၀၁၉ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ဒဂုံ(အရှေ့)၊ ကောလင်း(၄)လမ်း၊ အမှတ်(၅၉၁/ခ)နေအိမ်၌ ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဇနီး**
**ဝန်ထမ်းမိသားစုများ**
**နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန**

---

### ဝမ်းနည်းကြေကွဲခြင်း
### ရဟန်းအမ၊ ကျောင်းအမ ဒေါ်အေးအေး
### အသက်(၆၈)နှစ်

သတင်းအချက်အလက် ဆက်သွယ်ရေး နည်းပညာသင်ကြားလေ့ကျင့်ရေးစင်တာ၏ အခြေခံကွန်ပျူတာ သင်တန်းအပတ်စဉ်(၃)တွင် သင်ကြားနေသော မန္တယ်ဇာသင်း (ပီတိထမင်းဆိုင်)၏ ချစ်လှစွာသော မိခင် ဒေါ်အေးအေးသည် ၃-၆-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သတင်းအချက်အလက် ဆက်သွယ်ရေး နည်းပညာ**
**သင်ကြားလေ့ကျင့်ရေးစင်တာ မိသားစု**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါက်တာသန်းထွန်းကျော်
### မြို့နယ်ကုသရေးဦးစီးဌာနမှူး(ဘူးသီးတောင်မြို့)
### အသက်(၅၀)

ဒေါက်တာသန်းထွန်းကျော်၊ ဘူးသီးတောင်မြို့နယ်ကုသရေးဦးစီးဌာနမှူး၊ ရခိုင်ပြည်နယ် သည် ၄-၆-၂၀၁၉ ရက် မွန်းတည့် ၁၂ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ**
**ကုသရေးဦးစီးဌာန**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးတင်မောင်ဝေ (လက်ထောက်ညွှန်ကြားရေးမှူး)
### မြဝတီခရိုင်ဦးစီးမှူးရုံး၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန
### အသက်(၄၃)နှစ်

ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ကချင်ပြည်နယ်ဦးစီးမှူးရုံးမှ ဒေါ်လှကေသီမာ (ညွှန်ကြားရေးမှူး)၏ ချစ်လှစွာသောခင်ပွန်း ဦးတင်မောင်ဝေသည် ၁-၆-၂၀၁၉ (စနေနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများအားလုံး**
**ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန**

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
## ဒေါ်လှကြည်
### အသက် (၉၃) နှစ်

ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်၊ FMI City၊ ဂန္ဓမာ(၂)လမ်း၊ B-83/84 နေ (ဦးကျော်ထွန်းဦး-ဒေါ်မြမေ)တို့၏ သမီး၊ (ဦးချစ်ရင်)၏ဇနီး၊ ဒုတိယဗိုလ်မှူးကြီး(ငြိမ်း) တင်ထွန်းအောင်-ဒေါ်မြင့်မြင့်ကြီး၊ ဦးတင်ဝင်းအောင်(MCC Group)-ဒေါ်သာယာသန်း၊ ဦးမြင့်သန်း-ဒေါ်မင်္ဂလာသိန်း၊ ဦးမျိုးအောင်-ဒေါ်အေးအေးမြင့် ၊ [ဦးကျော်စွာလင်း(ခ)ဦးကျောက်တိုင်]တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ ဦးအောင်စိုးလင်း (MCC Group)-ဒေါ်ချောခင်ခင်(MCC Group)၊ ဦးပြည့်စုံ(MCC Group)-ဒေါ်ကျော့ခိုင်ရွှေဝါ၊ ဒေါ်သက်သက်အောင်၊ ဦးကျော်ကျော်ထက်-ဒေါ်စုစုလှိုင်(Max Global)၊ ဦးမျိုးမြင့်အောင်-ဒေါ်ခင်နှင်းဖြူ၊ ဦးဇေယျာလင်း(JTI)-ဒေါ်အိအိမျိုး၊ မဝင့်သီရိအောင်တို့၏အဘွား၊ မြစ်ငါးယောက်တို့၏ဘွားဘွားကြီးသည် ၃-၆-၂၀၁၉ (တနင်္လာနေ့) ညနေ ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၆-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ ပရိတ်တရားတော်နာယူပြီး မွန်းလွဲ ၁ နာရီတွင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၆-၂၀၁၉ (တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော် နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အနိစ္စ

### ရဟန်းဒါယိကာမကြီး
### ဒေါ်ကြူကြူစိန် (Grace)
### ကျောင်းဆရာမ (ငြိမ်း)
### အသက် (၆၀)

မြန်အောင်မြို့ တာတန်းကြီး၊ နေခြည်ရပ်နေ (ဦးခင်မောင်-ဒေါ်စန်း)တို့၏ချစ်လှစွာသောသမီး၊ မင်းဘူးမြို့ ဆုတောင်းပြည့်ဘုရားလမ်း၊ (၂) ရပ်ကွက်နေ ဦးစိုးမြင့်-[ဒေါ်သောင်းသောင်း(အထည်ကုန်သည်)]တို့၏ သမီးချွေးမကြီး၊ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်၊ မင်္ဂလာလမ်းနေ ဦးအောင်ကိုကိုမြင့် (ကျောင်းအုပ်ဆရာကြီး-ပိုက်သင်၊ မင်းဘူးမြို့နယ်)၏ချစ်လှစွာသောဇနီး၊ မမြတ်ဘုန်းသန့် (The Nay Kyar Brand Marketing Agency)-မောင်ကျော်စွာလင်းတို့၏ ချစ်လှစွာသောမိခင်၊ မောင်ဘုန်းစွမ်းထက်၏ ချစ်လှစွာသောအဘွားသည် ၄-၆-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၆-၂၀၁၉ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဦးအောင်လှသန်း
### (အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန-ငြိမ်း)
### အသက်(၈၅)နှစ်

မန္တလေးမြို့ အောင်မြေသာဇံမြို့နယ်၊ ဒေါနဘွားရပ်၊ အကွက်(၄၄)၊ V2၊ သစ်ခွခြံလမ်း၊ သိဒ္ဓိအောင်ခြံနေ (ဦးဘို-ဒေါ်မိမိ)တို့၏ သားကြီး၊ (ဦးအန်ကူး-ဒေါ်အေးကြည်)တို့၏ သားသမက်၊ (ဒေါ်ခင်တုတ်)၊ ဒေါ်ခင်နုတို့၏ မောင်၊ ဒေါ်ခင်သန်းသန်း၊ ဦးလှဝင်း၊ ဦးတင်ဝင်း၊ ဦးအောင်ဇေတို့၏အစ်ကိုကြီး၊ (ဒေါ်တင်တင်ကြည်)၏ ခင်ပွန်း၊ ဦးဇော်ဇော်ဘို-ဒေါ်မေသန်းဦး၊ ဦးအောင်အောင်ဘို-ဒေါ်အေးနှင်းဦး၊ ဒေါ်နီနီလွင်၊ ဦးကျော်ကျော်ဘိုတို့၏ ဖခင်၊ မောင်ထက်သူရလင်း၏အဘိုးသည် ၄-၆-၂၀၁၉ (အင်္ဂါနေ့) နံနက် ၇း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၆-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် နေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၈-၆-၂၀၁၉ (စနေနေ့) နံနက် ၁၀ နာရီတွင် မန္တလေးမြို့ အောင်မြေသာဇံမြို့နယ်၊ ဒေါနဘွားရပ်၊ အကွက်(၄၄)၊ V2၊ သစ်ခွခြံလမ်း၊ သိဒ္ဓိအောင်ခြံနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ ကျောင်း၊ ရေကန် ဒါယိကာမကြီး
### ဒေါ်သင်းသင်းလှိုင် (ခ)ဒေါ်သူဇာလှိုင် (ပန်းတနော်)
### အသက် (၅၄) နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ်၊ ဗိုလ်ချုပ်လမ်းနေ (ဦးထွန်းလှိုင်)-ဒေါ်ညိုအိ(လှိုင်သင်ဖျာရောင်းဝယ်ရေး)တို့၏ သမီးကြီး၊ ရန်ကုန်မြို့ ထောက်ကြန့် တောင်ပိုင်းနေ ဦးညွန့်မောင်(ငြိမ်း)-ဒေါ်စန်းစန်းမေတို့၏ သမီးချွေးမ၊ ဦးထွန်းထွန်းဦး-ဒေါ်ဥမ္မာလှိုင်၊ ဦးမျိုးမြင့်ဦး-ဒေါ်နီနီလှိုင်၊ ဒေါ်စုစုလှိုင်တို့၏ အစ်မကြီး၊ မခိုင်မိုးထွဋ်၊ မောင်သီဟမင်းသန့်တို့၏ အဒေါ်၊ ဦးဝေပုလ္လ(ဘုရားကြီးမြို့)၊ ကိုမျိုးမင်းသန့်-မအိအိသန်း၊ ကိုအောင်ဇော်ထက်-မဝါဝါသန့်တို့၏အစ်မ၊ မဆုမြတ်ဇင်လှိုင်၊ မသံသာဝင်းသန့် (အထက-၂၊ လှသောင်း)တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ တပ်ကြပ်ကြီးနေမျိုးဇင် (ထပရ-၉၃၆)၏ ချစ်လှစွာသောဇနီးသည် ၃-၆-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၁၂း၁၀ နာရီတွင် ဂရမ်းဟန်သာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၆-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

# ဒုတိယသမ္မတ ဦးမြင့်ဆွေ တရုတ်နိုင်ငံ ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၄**

ဒုတိယသမ္မတ ဦးမြင့်ဆွေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူး Mr. Ruan Chengfa ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်တို့အကြား ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် အလားအလာများ၊ မြန်မာနိုင်ငံနှင့် ယူနန်ပြည်နယ်တို့အကြား စီးပွားရေး၊ နယ်စပ်ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်သွားနိုင်မည့်ကဏ္ဍများကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။

**ပူးပေါင်းဆောင်ရွက်**

ထို့ပြင် မြန်မာနိုင်ငံနှင့် ယူနန်ပြည်နယ်တို့အကြား နယ်စပ်စီးပွားကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု အဆင်ပြေချောမွေ့စေရေးအတွက် ဘဏ္ဍာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် အခြေခံအဆောက်အအုံ၊ လျှပ်စစ်၊ သတ္တု၊ နည်းပညာ၊ လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းစသည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်သွားရန် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



ဒုတိယသမ္မတ ဦးမြင့်ဆွေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူး Mr. Ruan Chengfa အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

**ကြေးမုံ**
**ယနေ့ ဖတ်စရာ**

**ပြည်ထောင်စု အစိုးရအဖွဲ့မှ ပေးပို့သော အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှု ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာ**

စာမျက်နှာ » ၅

**၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမ (၆)လအတွင်း မြန်မာနိုင်ငံ၏ စီးပွားရေး အခြေအနေ ၆ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်**

စာမျက်နှာ » ၆

**ရန်ကုန်မြို့အား မြို့ပြ အမွေအနှစ်များ ထိန်းသိမ်းပြီး စိမ်းလန်းသည့် နေချင်စဖွယ် စီးပွားရေးမြို့တော်ဖြစ်စေရန် ရည်မှန်းဆောင်ရွက်လျက်ရှိ**

စာမျက်နှာ » ၁၀

**အဆိပ်ပင်များ နေရာတွင် ဖွံ့ဖြိုးရေး အသီးအပွင့်များ အမြန်ဖူးပွင့်ဝေဆာစေလိုပါသည်**

စာမျက်နှာ » ၁၈

# ဆီးဂိမ်းအကြို ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားမည့် မြန်မာနှင့် ဗီယက်နမ်



ဇွန် ၄ ရက်က မြန်မာ ယူ-၂၂ အသင်း လေ့ကျင့်နေစဉ်။

ရန်ကုန် ဇွန် ၄

**မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ဗီယက်နမ်ဘောလုံးအဖွဲ့ချုပ်တို့ ညှိနှိုင်းမှုအရ မြန်မာ ယူ-၂၂ အသင်းနှင့် ဗီယက်နမ် ယူ-၂၂ အသင်းသည် ဇွန် ၇ ရက်တွင် ဗီယက်နမ်နိုင်ငံ၌ ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည်ဖြစ်သည်။**

**ကြိုတင်ပြင်ဆင်**

ယင်းနှစ်သင်းစလုံးသည် ယခုနှစ်ကုန်ပိုင်းတွင် ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပမည့် အကြိမ်(၃၀)မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် ရည်ရွယ်ဖွဲ့စည်းထားခြင်းဖြစ်ပြီး ပြိုင်ပွဲစတင်ရန်လိုသေးသော်လည်း ကြိုတင်ပြင်ဆင်မှုအနေဖြင့် ယှဉ်ပြိုင်ကစားခြင်းဖြစ်သည်။ နှစ်သင်းစလုံးမှာ ယခုနှစ် ဖေဖော်ဝါရီလနှင့် မတ်လက ကစားခဲ့သည့် အာဆီယံ ယူ-၂၂ ပြိုင်ပွဲနှင့် အာရှယူ-၂၃ ခြေစစ်ပွဲဝင် အသင်းများကို အခြေခံဖွဲ့စည်းထားခြင်းဖြစ်ပြီး မြန်မာအသင်းအနေဖြင့် ယင်းပြိုင်ပွဲနှစ်ခုစလုံးတွင် ရလဒ်မကောင်းသော်လည်း နည်းပြချုပ်အဖြစ် ပိုပေါ့ဗ်ကို ဆက်လက်တာဝန်ပေးထားကာ ယင်းပြိုင်ပွဲဝင် ကစားသမားအများစုဖြင့် ဆက်လက်ယှဉ်ပြိုင်မည်ဖြစ်သည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❖

# ကမ္ဘာ့ရှားပါးလိပ်မျိုးစိတ်တစ်မျိုးအား မျိုးသုဉ်းပျောက်ကွယ်မှုဘေးမှ ကာကွယ်နိုင်ရန်ထိန်းသိမ်းထား

ဝ ဇွန် ၄

ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံမှာသာရှိပြီး ရှားပါးမျိုးစိတ်တစ်ခုအဖြစ် သတ်မှတ်ခြင်းခံထားရသည့် ရခိုင်တောင်လိပ်အား မျိုးသုဉ်းပျောက်ကွယ်မှုဘေးမှ ကာကွယ်နိုင်ရန်အတွက် သားဖောက်မွေးမြူခြင်းလုပ်ငန်းများကို ဆောင်ရွက်၍ ထိန်းသိမ်းစောင့်ရှောက်ထားကြောင်း သားငှက်ထိန်းသိမ်းရေးအဖွဲ့(WCS-Myanmar)၏ လိပ်မျိုးဆက်ရှင်သန်ရေးအဖွဲ့(TSA)မှ သိရသည်။

ကမ္ဘာ့ရာသီဥတုပြောင်းလဲလာမှု၊ လူဦးရေပေါက်ဖွားမှုနှုန်းမြင့်တက်လာမှု၊ မြို့ပြများ ပိုမိုတိုးတက်ချဲ့ထွင်လာမှု၊ သစ်တောများပြုန်းတီးလာမှုတို့နှင့်အတူ သက်ရှိသတ္တဝါများ ရှင်သန်ကြီးပြင်းရာ သဘာဝဂေဟစနစ်များလည်း လိုက်ပါပျက်စီးလာလျက်ရှိသည်။

ယင်းဂေဟစနစ်များကိုအမှီပြု၍ ရှင်သန်ရပ်တည်နေကြသည့် တိရစ္ဆာန်မျိုးစိတ်များမှာ အခက်အခဲကြုံတွေ့လာရပြီး အချို့သောမျိုးစိတ်များမှာ ကမ္ဘာပေါ်တွင် ရှာဖွေမရနိုင်တော့သည်အထိ မျိုးသုဉ်းပျောက်ကွယ်ခြင်းအဖြစ်သို့ ရောက်ရှိသွားခဲ့ကြသလို အချို့သော တိရစ္ဆာန်မျိုးစိတ်များမှာလည်း မျိုးသုဉ်းပျောက်ကွယ်လုနီးပါး အခြေအနေနှင့် ရင်ဆိုင်နေရသည့် ရှားပါးမျိုးစိတ်အဖြစ် သတ်မှတ်ထိန်းသိမ်းရသည့်အခြေအနေသို့ ဆိုက်ရောက်လာလျက်ရှိနေပေသည်။

စာမျက်နှာ ၁၀ ကော်လံ ၄ သို့ ❍

စေတနာဆေး မေတ္တာဆေး သစ္စာဆေး – ဆေးစွမ်းထက်တာ ထွန်းရွှေဝါ . . .
ထွန်းရွှေဝါ ဒက်ကြေလိမ်းဆေးက ဆေးစွမ်းထက်ပါသည်။